ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြော် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာကိုဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက်၊ တနင်္လာနေ့။ 11, Monday July 2016 (၈၆၁၉)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသား လူမျိုးစုဖယ်ဒရယ်ကောင်စီဥက္ကဋ္ဌ ဦးအင်ဘန်လတို့ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်၌ တွေ့ဆုံမည်

**ရန်ကုန် ဇူလိုင် ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖယ်ဒရယ်ကောင်စီ (UNFC)ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်သည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် လာမည့် ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲတွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက "ရန်ကုန်မှာ တွေ့မှာပါ။ UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်တဲ့အဖွဲ့နဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ဇူလိုင် ၁၇ ရက် ညနေပိုင်းလောက်မှာ တွေ့ဆုံမှာပါ။ UNFC မှာက အဖွဲ့ကြီးလေးဖွဲ့နဲ့ အဖွဲ့ငယ်သုံးဖွဲ့ပါပါတယ်"ဟုပြောသည်။

ပြီးခဲ့သည့် ဇွန် ၃ ရက်က ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၂) ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် UNFC ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံခဲ့ရာတွင်

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❐**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်တို့က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း ၉၉ ရာခိုင်နှုန်းပြီးစီးမှုနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း ၉၅ ရာခိုင်နှုန်း ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ဆည်ရေပေးဝေနိုင်မှုနှင့် ဆည်ကြွခိုင်မှုရှိအောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**

## ကမ္ဘာ့အမြင့်ဆုံး လွင်ပြင်ဒေသ တိဘက်သို့ နှင်ခဲ့တဲ့ခရီး

စာမျက်နှာ - ၆

## ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့ ကျွမ်းကျင်ပညာရှင်များဖြင့် စတင်ဖွဲ့စည်း

စာမျက်နှာ - ၈

## ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေယာဉ်ခရီးစဉ်များ သုံးရက်ကြာရပ်နား

စာမျက်နှာ - ၁၀

BBB
ဘီသုံးလုံး ကားရောင်းစခန်း
38+40 ကမ္ဘာ့အေးဘုရားလမ်း
(နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်း။
Phone: 09-7320-7777

# ကြေးမုံ

## လူသားအရင်းအမြစ် မဆုံးရှုံးစေရေး

ကမ္ဘာပေါ်တွင် ယာဉ်တိုက်မှုကြောင့် သေဆုံးနေသည့်လူဦးရေမှာ တစ်နှစ်လျှင် ၁ ဒသမ ၃ သန်းရှိပြီး လူသန်း ၅၀ ကျော် ဒဏ်ရာအနာတရ ရကြကြောင်း၊ ထိုသေဆုံးသူများတွင် လူဦးရေ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်နေကြောင်း စိတ်မကောင်းဖွယ်သတင်း ထုတ်ပြန်ချက်ကို ကြားသိလိုက်ရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြန်မာနိုင်ငံလည်းအပါအဝင်ဖြစ်ရာ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုတို့ကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုဖြစ်စဉ်များ နေ့စဉ်နှင့်အမျှဖြစ်ပွားနေသည်ကို တွေ့နေရသည်။ မြန်မာနိုင်ငံတွင် ယာဉ်တိုက်မှုမြင့်မားနေသဖြင့် သက်ဆိုင်ရာက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာတို့ကို တိုးမြှင့်ဆောင်ရွက်နေသော်လည်း ယာဉ်တိုက်မှုမှာ လျော့ကျသွားသည်မရှိ။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်တင်သွင်းမှုစနစ်သစ်အရ ယာဉ်အသစ်စီးရေ ခြောက်သိန်းတိုးလာသည်။ မှတ်ပုံတင်ထားပြီး တစ်နိုင်ငံလုံးသွားလာနေသောယာဉ်စီးရေမှာ ငါးသန်းခန့်ရှိသည်။ ယင်းသို့ ယာဉ်စီးရေ တစ်စတစ်စတိုးတက်များပြားလာခြင်းနှင့်အတူ ယာဉ်တိုက်မှုဖြစ်ပွားနှုန်းမြင့်မားလာခြင်းသည် လမ်းအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်မှုမရှိခြင်းကြောင့်ဟု သုံးသပ်ထားသည်။

၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် တစ်နေ့လျှင် ပျမ်းမျှဒဏ်ရာရရှိသူ လူ ၇၀ ကျော်၊ သေဆုံးသူ ၁၂ ဦးခန့်ရှိခဲ့ပြီး ယခုနှစ် ပထမခြောက်လပတ်အတွင်း တစ်နေ့လျှင်ပျမ်းမျှ ဒဏ်ရာရသူ ၇၉ ဦးခန့်နှင့် သေဆုံးသူ ၁၄ ဦးခန့်ရှိကြောင်းသိရသည်။ ထို့ကြောင့် ဒဏ်ရာရသူနှင့် သေဆုံးသူလူဦးရေမှာ လက်ရှိတွင် တစ်နေ့လျှင် ၁၀၀ နီးပါးအထိ ရှိလာသည်။ ထိုသို့သော ထိခိုက်သေဆုံးမှုများတွင် မော်တော်ဆိုင်ကယ်ကို စည်းကမ်းမဲ့စီးနင်းသောကြောင့် သေဆုံး၊ ဒဏ်ရာရသော လူငယ်လူရွယ်ဦးရေမှာများနေသည်။ တစ်နေ့လျှင် ၁၀၀ ခန့်၊ တစ်လလျှင် ၃၀၀၀ ဖြစ်လာပြီး တစ်နှစ်လျှင် လူဦးရေ ၃၆၀၀၀ မှာ အချည်းအနှီးဆုံးရှုံးပျက်စီးမှုနှင့် ကြုံတွေ့နေရသည်။ ပျက်စီးဆုံးရှုံးမှုနှင့်အတူ ဝမ်းနည်းကြေကွဲဖြစ်ကာ နစ်နာဆုံးရှုံးကြသည့် မိသားစုများမှာ အမြောက်အမြားရှိနေသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် ဥပဒေ၊ စည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း လိုက်နာမှုအပိုင်းတွင် အားနည်းချက်များ အစဉ်အမြဲဖြစ်နေသည်မှာ စည်းကမ်းထိန်းသိမ်းမှုနှင့် လိုက်နာမှုလိုအပ်ချက်များ ရှိနေသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။ သတ်မှတ်ထားသော အမြန်နှုန်းအတိုင်းမမောင်းနှင်ခြင်း၊ အဖြစ်များသော မော်တော်ဆိုင်ကယ်ထိခိုက်မှုများတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ ဆောင်းလျှင်လည်း အရည်အသွေးမပြည့်မီသည့် ဦးထုပ်ကိုအဖြစ်ဆောင်းခြင်းနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် ထိုင်ခုံခါးပတ်မပတ်ခြင်းတို့ကြောင့် ထိခိုက်သေဆုံးမှု ပိုများလာသည်ကိုတွေ့ရသည်။ အကယ်၍ ယင်းအချက်များကို လိုက်နာပါက သေဆုံးမှုကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုအခါ အစိုးရသစ်သက်တမ်းကာလအတွင်း လက်ရှိယာဉ်တိုက်မှုကြောင့် သေဆုံးရသည့်ဦးရေကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချမည်ဆိုသည့် ရည်မှန်းချက်ရောက်ရှိရန်အတွက် လုပ်ငန်းကဏ္ဍအသီးသီးအကောင်အထည်ဖော်ရေး အမျိုးသားအဆင့်မှ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဟု သိရသဖြင့် များစွာဝမ်းမြောက်မိသည်။

ယာဉ်တိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူအများစုမှာ အရွယ်ရောက်သော အလုပ်လုပ်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များ အဖြစ်များနေသဖြင့် နိုင်ငံသစ်ထူထောင်ရေးအတွက် လုပ်အားတန်ဖိုးများ မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေရပေသည်။ ထို့ကြောင့် သတ်မှတ်ကာလအတွင်း ယာဉ်တိုက်မှုလျော့နည်းကျဆင်းစေပြီး ထိရောက်သည့်အကျိုးရလဒ်ကောင်းများပေါ်ထွက်စေရန် လမ်းအသုံးပြုသူများ အသိတရားရှိရှိပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီနည်းပညာများကို အသုံးပြုကာအရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၏သားသမီးများ ဝင်ရောက်ဖြေဆိုခဲ့ရာ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၅၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၃၀ နှင့် ရိုးရိုးအောင်မြင်သူ ၁၃၅၆ ဦး တို့အား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ပညာသင်ကြားနေသော မူလတန်း ၇၂၃ ဦး၊ အလယ်တန်း ၅၅၀၊ အထက်တန်း ၂၆၅ ဦး၊ တက္ကသိုလ်၊ ကောလိပ်များတွင် ၃၀၄ ဦး စုစုပေါင်း ၁၈၄၂ ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေးငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ရေသည် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးမြင့်လာပြီး ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေးဝ၊ မင်းကင်းနှင့် ကနီမြို့နယ်များတွင် စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနေပြီဖြစ်ရာ သက်ဆိုင်ရာမြို့နယ်များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် (ရှာဖွေကယ်ဆယ်ရေး)များမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၁၀ နာရီတွင် ဟုမ္မလင်းမြို့တွင် ၂၉၃၅ စင်တီမီတာ၊ မော်လိုက်မြို့တွင် ၁၃၃၆ စင်တီမီတာ၊ ဖောင်းပြင်မြို့တွင် ၁၃၉၅ စင်တီမီတာ၊ ကလေးဝမြို့တွင် ၁၅၈၁ စင်တီမီတာ၊ မင်းကင်းမြို့တွင် ၁၃၉၄ စင်တီမီတာ၊ ကနီမြို့တွင် ၁၁၇၄ စင်တီမီတာနှင့် မုံရွာမြို့တွင် ၉၉၈ စင်တီမီတာအထိ အသီးသီးရောက်ရှိလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မြို့များတွင် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

"မော်လိုက်၊ ဖောင်းပြင်မြို့တွေမှာ မြို့တွင်းကို မြစ်ရေတွေဝင်ရောက်တာကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပါပြီ။ ကလေးဝ၊ မင်းကင်း၊ ကနီ၊ မုံရွာမှာရှိတဲ့ တပ်ဖွဲ့ဝင်တွေက အသင့်စုဖွဲ့ပြီးတော့ ရေကင်းစောင့်တာတွေ၊ စောင့်ကြည့်ပြီးတော့အချက်ပေးနိုင်တဲ့လုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ တပ်ဖွဲ့ဝင်အပိုင်းတွေ၊ ပစ္စည်းပိုင်းတွေအနေနဲ့ အသင့်စုဖွဲ့လေ့ကျင့်ထားပြီးဖြစ်တဲ့အတွက် သီးခြားအခက်အခဲမရှိပေမယ့် မြစ်ရေကြီးလို့ အန္တရာယ်ရှိတဲ့အနေအထားမို့ပြောင်းပါလို့ အသံချဲ့စက်တွေနဲ့ လိုက်ပြီးနိုးဆော်ပေမယ့် ကမ်းနားတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေကတော့ မြစ်ရေကြီးမြင့်မှုကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေရတော့ ရွှေ့ပြောင်းကြတဲ့အခါမှာ သူတို့ကိုယ်ပိုင်လှေအသေးတွေနဲ့ပဲ ကူးလူးသွားလာပြီး ရွှေ့ပြောင်းတဲ့လုပ်ငန်းကို သိပ်ပြီးမလုပ်ချင်ကြဘူး။ ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၊ မီးသတ်ဦးစီးဌာနတို့ပူးပေါင်းပြီး လှေတွေ၊ ရေယာဉ်တွေပေါ်မှာ အသက်ကယ်အင်္ကျီတွေပါရှိမှု၊ ခရီးသည် ပါရှိမှုအတိုင်း အသက်ကယ်အင်္ကျီလုံလောက်စွာပါရှိမှု ရှိ/မရှိကို အသေးစိတ်စစ်ဆေးပြီး လုံလောက်ပြည့်စုံမှ ခရီးစဉ်တွေကို ထွက်ခွာစေပါတယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောသည်။

ချင်းတွင်းမြစ်ရေသည် ယခုနှစ်အတွင်း ပုံမှန်ရေကြီးမြင့်မှုသည် ရက်သတ္တနှစ်ပတ်စောသော်လည်း ဧရာဝတီမြစ်ရေထောက်မှု မရှိသဖြင့် စိုးရိမ်စရာမရှိကြောင်း၊ မြစ်ရေဝင်ရောက်လျက်ရှိသော မြို့နယ်များတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များမှ ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## သရက်ခရိုင် စာကြည့်တိုက်၌ အခမဲ့ ပန်းချီအခြေခံသင်တန်းဖွင့်

**သရက် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးမှုရှိစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပန်းချီအခြေခံသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်ရာ ရွှေဘုံသာအမကနှင့် ရုံးရပ်ကွက် အမကတို့မှ စတုတ္ထတန်း၊ တတိယတန်း၊ ဒုတိယတန်းတို့မှ ကျောင်းသားကျောင်းသူ ၂၈ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ မိုး(သရက်)က အခြေခံပန်းချီရေးဆွဲခြင်းအတတ်ပညာကို ကျောင်းသားကျောင်းသူများ သဘောပေါက်နားလည်အောင် သင်ကြားပေးလျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိ အခမဲ့သင်ကြားပေးကာ ဩဂုတ် ၂၀ ရက်တွင် ပြိုင်ပွဲပြုလုပ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပထမ၊ ဒုတိယ၊ တတိယဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးများနားနေချိန်တွင် ကလေးစာပေများဖတ်ရှုနိုင်ရန် စာအုပ်များကို စင်တင်ပေးထားပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ်တို့၏ မှတ်တမ်းဓာတ်ပုံများ၊ အာဇာနည်ခေါင်းဆောင် ကိုးဦး၏ ဓာတ်ပုံများကို နံရံကပ်ဘုတ်များဖြင့် ပြသပေးထားကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်တွင်းရေးရာ

### ❍ ဒုတိယသမ္မတမှ

ထို့နောက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ကလေးဒေသပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်ဆွေးနွေးပြီး ရေလှောင်တမံနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ စိတ်ထဲတွင် စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြောင်း၊ ယင်းစိုးရိမ်ကြောင့်ကြမှုများကို ဖြေလျှော့ပေးနိုင်ရန် ရေလှောင်တမံ၏ ကြံ့ခိုင်မှုအခြေအနေ၊ အန္တရာယ်ဖြစ်ပေါ်နိုင်မှု ရှိ၊ မရှိ အခြေအနေနှင့် ရေလှောင်တမံအား ခိုင်ခံ့အောင် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို အများပြည်သူသိရှိအောင် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်သွားရန်နှင့် နားလည်သဘောပေါက်အောင် အသိပညာများ မျှဝေသွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရေလှောင်တမံ၏ ရေပိုလွှဲ၊ ရေယူအဆောက်အအုံနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး တရုတ်ကျွမ်းကျင်ပညာရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရာဇဂြိုဟ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရဥ္စရာချောင်းပေါ်တွင် တည်ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ ရှိကာ ရေအားလျှပ်စစ်တပ်ဆင်အင်အား ၂ မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်စွမ်းအား ၂၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်သည်။

ထို့ပြင် ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ကလေးခရိုင် မြစ်သာမြစ်ဝှမ်းဒေသတွင် မိုးရာသီ၌ ရေလွှမ်းမိုးမှု အထိုက်အလျောက်သက်သာစေမည်ဖြစ်ပြီး နွေရာသီတွင် စပါးသီးနှံအပါအဝင် အခြားသီးနှံများကို ရေသွင်းစိုက်ပျိုးနိုင်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကလေးမြို့နှင့် ၁၆ မိုင်ခန့် အကွာ ပျဉ်းတော်ဦးကျေးရွာအုပ်စု မင်းလှကျေးရွာအနီးရှိ နတ်တံခါးချောင်း တူးဖော်မှုနှင့် တံတားတည်ဆောက်မည့် အခြေအနေ၊ ကလေးမြို့နှင့် ခုနစ်မိုင်ခန့်အကွာ ဆည်ကြီးရွာအနီးရှိ ဆည်ကြီးချောင်း ပြန်လည်တူးဖော်မှုနှင့် တံတားတည်ဆောက်မည့် နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေကြီးရေလျှံမှုလျော့နည်းရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ချင်းပြည်နယ် ခိုင်ကမ်းမြို့ မြို့နယ်စုပေါင်းရုံး တည်ဆောက်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူးက ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခိုင်ကမ်းမြို့ရှိ မွါယ်ဇန်ကွဲချောင်း ကြိုတံတား ကြံ့ခိုင်မှုအခြေအနေနှင့် ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် ရေထိန်းတမံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ခိုင်ကမ်းမြို့အထက်တန်းကျောင်းခွဲ၌ ချင်းပြည်နယ် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

အထူးစိန်ခေါ်ပွဲ(၅၁)ကီလိုတန်းတွင် ရွှေဖားစည်(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)နှင့် စွမ်းထက်နိုင်(ဗမာ့သွေး)တို့ ငါးချီပြည့်ယှဉ်ပြိုင်သော်လည်း အမှတ်ပေးဒိုင်သုံးဦးလုံးက လက်ရည်အသာဖြင့် ယှဉ်ပြိုင်ခဲ့သည့် စွမ်းထက်နိုင်ကို အနိုင်ပေးခဲ့သည်။ (၅၄)ကီလိုတန်းတွင် ရဲသွေးနီ(တောင်ကလေး)နှင့် အသည်းစွဲ(မြိုင်ကလေး ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ရာ ပထမအချီစတင်တာလွှတ်ကတည်းက အသည်းစွဲကြံ့ခိုင်မှုစွမ်းရည်ကျနေသည်။ ပထမအချီမှာပင် ရဲသွေးနီအလဲထိုးအနိုင်ရခဲ့သလို (၅၇)ကီလိုတန်းတွင် နက္ခတ်အောင်(တောင်ကလေး)နှင့် မိုက်ရိုင်း(ရွှေဖူး)တို့ပွဲစဉ် ဒုတိယအချီမှာပင် မိုက်ရိုင်း၏ သိုင်းချုပ်ထိုးသတ်မှုများကိုမခံနိုင်သည့် နက္ခတ်အောင်လဲကျပြီး အမှတ်စဉ်ရေတွက်ခံရသည်။ ပွဲချီပြည့်ယှဉ်ပြိုင်ပြီး အမှတ်ပေးဒိုင်သုံးဦးအနက် နှစ်ဦးက မိုက်ရိုင်းကို အနိုင်ပေးခဲ့သည်။ (၆၀)ကီလိုတန်းတွင် ရွှေထွန်းယုံ(ရန်စစ်ငြိမ်း)နှင့် စောထူးဇော်(ဒို့ရိုးရာ)တို့ပွဲစဉ် ပထမအချီမှာပင် စောထူးဇော်၏ ပါဝါပြင်းသော ဝိုက်လက်သီး ရွှေထွန်းယုံနံစောင်းထိပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် စောထူးဇော်အလဲထိုးအနိုင်ရခဲ့သည်။

(၆၃ ဒသမ ၅)ကီလိုတန်းတွင် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် သားအသည်းတစ်ပွင့်(ဗမာ့သွေး)တို့ယှဉ်ပြိုင်ရာ ကြယ်စင်ဖြိုး၏ ဘယ်ညာလက်သီးတွဲလုံးများကို သားအသည်းတစ်ပွင့် ရင်ဆိုင်နေရသလို သားအသည်းတစ်ပွင့်၏ အားပါသည့် အဖြောင့်ခြေကန်ချက်များကို ကြယ်စင်ဖြိုးသတိထားနေရသည်။ ပွဲချီပြည့်ယှဉ်ပြိုင်ပြီး သားအသည်းတစ်ပွင့် အနိုင်ရခဲ့သည်။ (၆၇)ကီလိုတန်းတွင် သွေးသစ်ဝင်းလှိုင်(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ရာ ပွဲစဉ်တစ်လျှောက်လုံး သွေးသစ်ဝင်းလှိုင်လက်ရည်အသာဖြင့်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အနိုင်ရခဲ့သည်။ (၇၁)ကီလိုတန်းတွင် ကြယ်လင်းအောင်(တောင်ကလေး)နှင့် ရဲရင့်အောင်(နဂါးမာန်)တို့ ပွဲချီပြည့်ယှဉ်ပြိုင်ခဲ့ပြီး ကြယ်လင်းအောင် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော ရိုးရာလက်ဝှေ့ချန်ပီယံလုပွဲနှင့် နိုင်ငံတကာလက်ဝှေ့စိန်ခေါ်ပွဲများအပြီးတွင် ဆုများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ရှုံးရှုံးနိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်းသတိပေးခဲ့မယ်

ကိုယ်လိုချင်တဲ့ပန်းတိုင်ရောက်အောင် လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်လုပ်ကိုင်ဖို့လိုတယ်။ ဗမာရဲ့စိတ်ဓာတ်ဟာ ကျွန်တိုင်းပြည်ဖြစ်သည့်အတိုင်း ပုသိမ်ဘက် လှေပြိုင်ပွဲတစ်ပွဲမှာ မြင်တွေ့ရသလို လှေတစ်စင်းကို အနည်းငယ်နိုင်လိုက်၍ ပန်းတိုင်သို့မဝင်ရသေးခင် လှော်တက်ကို မြှောက်သလို ဗမာ့စိတ်ဓာတ်ဟာ အောင်မြင်ခြင်းသို့မရောက်ခင် စိတ်ဓာတ်လျှော့ပေါ့တတ်မှုရှိတယ်။ ဒီလိုစိတ်မျိုးမထားဘဲ ရှုံးရှုံးနိုင်နိုင် မလျှော့တမ်းလုပ်ဖို့ တိတိလင်းလင်းသတိပေးခဲ့မယ်။

**(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့၊ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့ မြို့တော်ခန်းမဆောင်အထက်မှ ဗိုလ်ချုပ်အောင်ဆန်း နောက်ဆုံးပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)**





ဇူလိုင် ၁ ရက်က ရန်ကုန် NRP ရုံးခွဲ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် UNFC မှ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့ တွေ့ဆုံစဉ်။

### ❒ ရှေ့ဖုံးမှ

UNFCဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

UNFC သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန်အပြင် NCA စာချုပ် လက်မှတ်မထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် အားလုံးပါဝင်၍ တရားဝင် ဆွေးနွေးနိုင်မည့်နည်းလမ်းများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝများကို သိရှိရန် လိုလားလျက်ရှိသည်။

ယင်းသို့ သိရှိလိုကြောင်းကို ဇူလိုင် ၁ ရက်က ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် UNFC မှ ခူဦးရယ် ဦးဆောင်သည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့ ရန်ကုန် NRP ရုံးခွဲတွင် တွေ့ဆုံစဉ် ဆွေးနွေးခဲ့ပြီးဖြစ်သည်။

ဦးလှမောင်ရွှေက “ဇူလိုင် ၁၅၊ ၁၆ လောက်မှာ UNFC ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တွေ ရန်ကုန်ရောက်မယ်။ ဒီတော့ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ရန်ကုန်မှာတွေ့ဖို့ဆိုတာကတော့ ကျွန်တော်တို့ အတည်ပြုလို့ရပါပြီ။ အခြားဘယ်သူတွေ ပါမလဲဆိုတဲ့ အသေးစိတ်ကိုတော့ ဒီတစ်ရက် နှစ်ရက်အတွင်းမှာ သိရမှာပါ”ဟု ပြောသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လတို့ ယခုတွေ့ဆုံမှုသည် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံမည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိ

**မော်လိုက် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လာရာ ဇူလိုင် ၁၀ ရက် နံနက် ၆နာရီ တိုင်းထွာချက်များအရ ၁၃၃၆ သို့ ရောက်ရှိနေပြီး မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက် တည်ရှိလျက်ရှိကြောင်း မြို့နယ်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

အဆိုပါချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မော်လိုက်မြို့ပေါ် မြေနိမ့်ရပ်ကွက်များရှိ ရေနစ်မြုပ်နေသည့်နေအိမ်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် မြို့နယ်အား/ကာ ခန်းမများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအနေဖြင့် ကျန်းမာရေးဦးစီးဌာနမှ ယာယီကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကာကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် ဆေးကုသပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ အနီးကပ်လမ်းညွှန်မှုဖြင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့်မော်လိုက်မြို့ပေါ်ရှိ တပ်ရင်းသုံးရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့ပေါ်နှင့် ကျေးရွာများသို့ လှည့်လည်၍ ချင်းတွင်းမြစ်ရေ သတိပေးချက်နှိုးဆော်ခြင်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထက်မြင့်မိုရ်(မော်လိုက်)**

### ✻ ဇေယျာရွှေမြေမှ

ရတနာပုံနောက်တန်း ဖျက်ထုတ်နေသော်လည်း ၇၅ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို တောင်ပံကစားသမားနန်းမင်းအောင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များတွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်က ဇွဲကပင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ နိုင်ပွဲပြန်ရခဲ့သည်။ ရှမ်းယူနိုက်အတွက် ဂိုးများကို စိုးမင်းဦးနှင့် ဇင်မင်းထွန်းက သွင်းယူပေးခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင် စောစီးအိုင်က သွင်းယူပေးခဲ့သည်။ ပုသိမ်ကွင်း၌ ကျင်းပသောပွဲတွင် ဧရာဝတီနှင့် ချင်းယူနိုက်တက်တို့ တစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၁၇)အပြီးတွင် ရတနာပုံအသင်းက ၄၄ မှတ်ဖြင့် ထိပ်ဆုံး၌ ဦးဆောင်လျက်ရှိပြီး မကွေးအသင်းက ၃၁ မှတ်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့က ၂၉ မှတ်စီ၊ ဇေယျာရွှေမြေအသင်းက ၂၈ မှတ်၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့က ၂၅ မှတ်စီ၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ Horizon အသင်းက ခြောက်မှတ် ရရှိထားသည်။

**သတင်း၊ ဓာတ်ပုံ- ရှိုင်းထက်ဇော်**

# အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏သားက ပြောပြသည့် အာဇာနည်နေ့နှင့် မိသားစုအကြောင်း

## သတင်း - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဇော်မင်းလတ်



ဦးဘဝင်းနှင့် ဇနီး ဒေါ်ခင်စော မိသားစုနှင့် ညီအစ်ကိုမောင်နှမများ မှတ်တမ်းဓာတ်ပုံ

**ရန်ကုန်  ဇူလိုင်  ၁၀**

"အဖေဆုံးတော့ ကျွန်တော်က ရှစ်လသားပဲရှိသေးတာ။ အဖေ့အကြောင်းကို ကျောင်းတက်တဲ့အရွယ်ကျမှသိခဲ့ရတာ။ အာဇာနည်နေ့ရောက်တိုင်း အမေက အမြဲတမ်း အာဇာနည်ကုန်းကို ခေါ်သွားတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးဘဝင်း၏သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်းက ပြောသည်။



**ဦးထွေးဝင်း (အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ အငယ်ဆုံးသား)**

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း၏ သားအငယ်ဆုံးဖြစ်သူ ဦးထွေးဝင်းသည် လက်ရှိအချိန်တွင် အသက်(၇၀)အရွယ်ရှိပြီး သား သမီး၊ မြေးများနှင့်အတူ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅-ခ)တွင် နေထိုင်လျက်ရှိသည်။

"အဖေက ညီတွေရော၊ သူ့ပတ်ဝန်းကျင်က လူတွေရော ယောကျ်ားဆန်စေချင်တယ်။ မြင့်မြတ်တဲ့စိတ်မျိုးထားစေချင်တယ်။ အမြဲတမ်းပဲ သွန်သင်ဆုံးမခဲ့တယ်"ဟု ဖခင် ဦးဘဝင်းနှင့်ပတ်သက်ပြီး မိခင်ဖြစ်သူ ပြန်လည်ပြောပြခဲ့သည်များကို ဦးထွေးဝင်းက ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း သမ္မတကြီး မန်းဝင်းမောင်၊ ဝန်ကြီးချုပ် ဦးနုတို့ဦးဆောင်ပြီး အာဇာနည်နေ့အခမ်းအနားသို့ နှစ်စဉ်တက်ရောက် အလေးပြုခဲ့ကြောင်း၊ ဦးနေဝင်းလက်ထက်တွင် အစပိုင်း ၎င်းကိုယ်တိုင်တက်ရောက်အလေးပြုခဲ့သော်လည်း နောက်ပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီးနှင့် မြို့တော်ဝန် အဆင့်လောက်နှင့်သာ အာဇာနည်နေ့ အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဦးထွေးဝင်းက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီး နောက်ပိုင်း ကျန်ရစ်သူ ဇနီးသည်များအား လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီက ဆီရောင်းချခွင့် ပါမစ်ချပေးခဲ့ကြောင်း၊ မြေနေရာကို ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူစေခဲ့ကြောင်း၊ ဦးနေဝင်းတက်လာပြီးနောက်ပိုင်းတွင် အဆိုပါဓာတ်ဆီဆိုင်နှင့် မြေနေရာကို ပြည်သူပိုင်အဖြစ် သိမ်းယူပြီး ထောက်ပံ့ငွေ တစ်လငွေကျပ် ၁၀၀၀ ပေးခဲ့ကြောင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများထံမှ သိရသည်။



ဦးဘဝင်း မိသားစုနှင့်နေထိုင်ခဲ့သောအိမ်ကြီးကို တွေ့ရစဉ်။

"BOC က ချပေးတဲ့ ဓာတ်ဆီဆိုင်ပါမစ်ကို ဒေါ်ခင်ကြည်က မယူခဲ့ဘူး။ ရဲဘော်ကိုထွေးလည်းမရဘူး။ ကျန်တဲ့ခေါင်းဆောင်တွေရဲ့ မိသားစုဝင်တွေတော့ရတယ်။ အဲဒီတုန်းကတော့ အဆင်ပြေတာပေါ့။ ပြည်သူပိုင်သိမ်းပြီး နောက်ပိုင်း စီးပွားရေးကျပ်လာကြတယ်။ ပြန်ရဖို့အတွက် အကြိမ်ကြိမ်ပြန်လျှောက်ခဲ့တယ်။ မရခဲ့ပါဘူး"ဟု ဦးထွေးဝင်းက အတိတ်အကြောင်းကို ပြန်ပြောင်းပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း ကွယ်လွန်ချိန်တွင် ဇနီးသည်နှင့် သားသမီး ခြောက်ဦးကျန်ရစ်ခဲ့ပြီး အစိုးရက ထောက်ပံ့ကြေးငွေတစ်သိန်းပေးအပ်ခဲ့ရာ အဆိုပါငွေများ မပျောက်ပျက်စေရန်အတွက် မြန်မာ့အလင်း ဦးတင်တို့ပါဝင်သည့် အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ကြောင်း ဦးထွေးဝင်းထံမှ သိရသည်။

"အဖေဆုံးတဲ့အချိန် အမေကငယ်သေးတော့ အမွေထိန်းနဲ့နေခဲ့ရတာ။ အမွေထိန်းက အားလုံးကိုထိန်းသိမ်းစောင့်ရှောက်ပေးထားတယ်"ဟု ဦးထွေးဝင်းက ပြောသည်။

"အခုတော့ အစိုးရကလည်း ပြောင်းသွားပြီ။ အာဇာနည်နေ့နဲ့ပတ်သက်ပြီး ခမ်းခမ်းနားနားလုပ်ကြတာပေါ့၊ ဒါ ကောင်းပါတယ်"ဟု ဦးထွေးဝင်းကပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ မြှုပ်နှံထားသည့် အာဇာနည်ဗိမာန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည့် ဦးတင်ထွဋ်၊ ဗိုလ်စိန်မှန်တို့အုတ်ဂူများ ယခင်ကရှိခဲ့သော်လည်း ဖုံးခွဲခံရပြီးနောက်ပိုင်း အဆိုပါအုတ်ဂူများကို မည်သည့်နေရာတွင် ရွှေ့ပြောင်းလိုက်သည်ကို မသိလိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်မိကြောင်းလည်း ဦးထွေးဝင်းက ဆိုသည်။

ဖခင်ဖြစ်သူ ဦးဘဝင်းနှင့်ပတ်သက်၍ အမှတ်တရဖြစ်စရာများကို သားဖြစ်သူ ဦးထွေးဝင်းက "အဖေက သနားဖို့ကောင်းတယ်။ ကောလိပ်ကျောင်း နှစ်နှစ်လောက်တက်ပြီး အလုပ်ဝင်ခဲ့တာ။ ညီတွေဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးအောင်သန်းကို ထောက်ပံ့ပေးခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းဆို ငါးတန်းကနေ ဆယ်တန်းအထိ ထောက်ပံ့ပေးခဲ့တယ်။ ဗိုလ်ချုပ်ကိုခေါ်ပြီး အင်္ဂလိပ်ရုပ်ရှင်ကားတွေ သွားကြည့်တယ်။ ပြီးရင် ဘာသာပြန်ခိုင်းတယ်"ဟု ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးဘဝင်း ကွယ်လွန်ချိန်တွင် သားသမီးခြောက်ဦး ကျန်ရစ်ခဲ့ပြီး မိခင်ဖြစ်သူ၏ ထိန်းကျောင်းမှုဖြင့် သားငယ်ဖြစ်သူ ဦးထွေးဝင်းမှအပ ကျန်သားသမီး ငါးဦးမှာ နိုင်ငံ့ဝန်ထမ်းတာဝန်များကို ထမ်းဆောင်ခဲ့ကြကြောင်း၊ လက်ရှိတွင် မိခင်ဖြစ်သူနှင့် အစ်မအကြီးဆုံးဖြစ်သူတို့မှာ ကွယ်လွန်သွားခဲ့ပြီး ညီအစ်ကို မောင်နှမငါးဦးသာ ကျန်ရှိကြောင်း သိရသည်။

---

# (၆၉)နှစ်ပြည့် အာဇာနည်နေ့

မှတ်သုံးနိုးသည်
ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်ပေ
မခိုင်စိတ်ဝမ်း၊ မလန်းဘဝင်
မရွှင်နှလုံး၊ ကြိမ်မီးအုံးသို့
ညှိုးချုံးပူဆွေး၊ မမေ့သေးခဲ့
အရေးခုတိုင်၊ ကြုံဆိုင်ရဆဲ
နေမိခဲ့ရှင့်----။
ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်သူ့ပန်းတို့
သွေးလှွမ်းပေးဆပ်၊ သက်နှင်းအပ်လျက်
မြေမြတ်မြန်ပြေ(ပြည်)၊ လွတ်လပ်စေခဲ့
ဒို့တွေခံစား၊ ကျေးဇူးတရားကို
မေ့ပြားမရှိ၊ အစဉ်သိလျက်
နေ့ရှိသမျှ၊ သတိရသည်
"အာဇာနည်နေ့-ဒို့မမေ့----"။ ။

ဟံသာဝတီ-ဦးအုန်းကြိုင်
(မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်)

---

# ကဒူးတိုင်းရင်းသားများနေထိုင်သည့် တောင်မော်ကျေးရွာတွင် ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတားဖွင့်

**ပင်လည်ဘူး  ဇူလိုင်  ၁၀**

ကျေးလက်နေပြည်သူများ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ကုန်သွယ်ရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် များစွာအရေးပါလှသည်ဖြစ်ရာ ဒေသခံပြည်သူများ ရာသီမရွေးကူးလူးသွားလာနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်မော်ကျေးရွာတွင် ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတား ဖွင့်ပွဲကို ဇူလိုင် ၉ ရက်က အဆိုပါ ကြိုးတံတားထိပ်တွင် ကျင်းပသည်။

"ကျွန်တော်တို့ဒေသမှာ အရင်ချောင်းရေတွေလာရင် ဒီချောင်းကို အန္တရာယ်ကြီးစွာနဲ့ ဖြတ်ကူးရတယ်။ အခု ဒီကြိုးတံတားဆောက်လုပ်ပြီးစီးပြီဖြစ်လို့ ကဒူးတိုင်းရင်းသားကျေးရွာ ၁၂ ရွာမှ ဒေသခံပြည်သူတွေ ဒီချောင်းကို ဖြတ်ကူးပြီး ရာသီမရွေး ခြေကျင်၊ ဆိုင်ကယ်တွေနဲ့ စိတ်အေးချမ်းသာစွာ ဖြတ်ကူးသွားလာနိုင်ပြီဖြစ်လို့ တကယ်ဝမ်းသာပါတယ်။ ကျေးရွာတွေရဲ့လိုအပ်တဲ့အခက်အခဲတွေကို ဖြည့်ဆည်းဆောင်ရွက်ကူညီထောက်ပံ့ပေးတဲ့ လူထုဗဟိုပြုစီမံကိန်းနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါတယ်"ဟုက ဒူးလူမျိုး ဒေသခံတစ်ဦး၏ ရင်ထဲကစကားသံကိုလည်းကြားသိရသည်။

အဆိုပါ တံတားဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ ဦးပြည်စိုးဝင်းကျော်နှင့် အခြားဖိတ်ကြားထားသူများနှင့် ဒေသခံ ကဒူးတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ကျေးရွာချင်းဆက် ချောင်းကူးကြိုးတံတားကို လူထုဗဟိုပြုစီမံကိန်းမှ ငွေကျပ် ၁၁၀၁၂၉၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇၈၁၈၀၀၀၊ စုစုပေါင်းကုန်ကျငွေကျပ် ၁၈၈၃၀၉၀၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပြီး အရှည်ပေ ၁၂၀၊ အကျယ် ခြောက်ပေ၊ အမြင့် ၁၈ ပေရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




# နိုင်ငံတကာမြင်ကွင်း

**ရဲရင့်လင်းလက်**

အမေရိကန်နိုင်ငံမှာ တရုတ်နိုင်ငံရဲ့ အန္တရာယ်ဆိုတာကို ပိုပြီးစိုးရိမ်တကြီး ပြောလာကြပုံရပါတယ်။ တချို့က တရုတ်နိုင်ငံဆိုင်ရာ အမေရိကန်မူဝါဒမှာ ချူကလီးယားလက်နက် ခေတ်မီရေးကိုပါ ဆောင်ရွက်လာနိုင်တယ်လို့ သုံးသပ်ကြပါတယ်။ ဒီလိုစိုးရိမ်ပြောဆိုနေကြတာက အမေရိကန်နိုင်ငံရဲ့ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် (Terminal High Altitude Area Defence -THAAD) နဲ့ ဆက်စပ်နေပါတယ်။ ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ရဲ့ သဘောက ရန်သူပစ်လွှတ်လိုက်တဲ့ တာတို၊ တာလတ်၊ တာဝေးဒုံးပျံအားလုံးကို ဒုံးပျံနဲ့ တန်ပြန်ကြားဖြတ်ပစ်ချတာပါ။ ကြားဖြတ်ပစ်ချတဲ့ဒုံးပျံမှာ ပေါက်ကွဲထိပ်ဖူးမပါဘဲ ရွေ့လျားအရှိန်အဟုန်စွမ်းအင် (kinetic energy) နဲ့ ရန်သူ့ဒုံးပျံကို ကြားဖြတ်ပစ်ချတာပါ။ ဒီလိုလျင်မြန်မှုအရှိန်အဟုန်ရဲ့အားကို ရယူပစ်ချတဲ့အတွက် ရန်သူ့ဒုံးပျံမှာ သမားရိုးကျပေါက်ကွဲထိပ်ဖူးမျိုးပါခဲ့ရင် ဒီပေါက်ကွဲထိပ်ဖူးကြောင့် ထိခိုက်ပျက်စီးမှုကို အသက်သာဆုံးဖြစ်အောင် လျှော့ချပေးပါတယ်။ ရန်သူ့ဒုံးပျံထိပ်ဖူးဟာ ချူကလီးယားထိပ်ဖူးဆိုရင်တော့ လုံးဝကို ပေါက်ကွဲမှုဖြစ်စေမှာ မဟုတ်ပါဘူး။ ဓာတု(ဒါမှမဟုတ်) ဇီဝလက်နက်သုံး ထိပ်ဖူးဆိုရင်တော့ ပေါက်ကွဲရာဒေသဝန်းကျင်ကို အဆိပ်သင့်စေနိုင်ပါတယ်။ အခု ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို ကိုရီးယားကျွန်းဆွယ်ရှိ အမေရိကန်တပ်ဖွဲ့တွေမှာ အသုံးပြုဖို့ အမေရိကန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ သဘောတူထားပြီးပါပြီ။ ၂၀၁၇ ခုနှစ်ကုန်မှာ စတင်အသုံးပြုတော့မှာပါ။ ဒီနှစ် ဖေဖော်ဝါရီလကတည်းက စတင်ဆွေးနွေးခဲ့တဲ့ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်အသုံးပြုရေးသဘောတူညီမှုကို အခုတော့ အောင်အောင်မြင်မြင် အဆုံးသတ်နိုင်ခဲ့ပါပြီ။

ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်အသုံးပြုရေးသဘောတူညီချက်ဟာ အာရှ-ပစိဖိတ်ဒေသ တည်ငြိမ်ရေးသာမက ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာ ချိန်ခွင်လျှာညီမျှရေးအပေါ်လည်း သိသိသာသာ အကျိုးသက်ရောက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက ဝေဖန်သုံးသပ်နေကြပါတယ်။ အမေရိကန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်အသုံးပြုဖို့ သဘောတူခဲ့ကြတာဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ ခြိမ်းခြောက်မှုကြောင့်ဆိုတာကတော့ ရှင်းပါတယ်။ ဒီသဘောတူညီချက်အရ ဖြန့်ကြက်မယ့် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်မှာ ရွေ့လျားဒုံးခွင်းဒုံးပစ်စင်(mobile launcher) ခြောက် စင်းပါဝင်ပြီး ရွေ့လျားဒုံးခွင်းဒုံးပစ်စင်တစ်စင်းစီမှာ ကြားဖြတ်ပစ်ချမယ့် ဒုံးပျံရှစ်စင်းစီပါတာမို့လို့ ကြားဖြတ်ပစ်ချမယ့် ဒုံးပျံစုစုပေါင်း ၄၈ စင်းပါဝင်ပါတယ်။ ရွေ့လျားဒုံးခွင်းဒုံးပစ်စင်ခြောက်စင်းနဲ့အတူ ရွေ့လျားထိန်းချုပ်ကွပ်ကဲရေးစခန်းနှစ်ခုနဲ့ ရေဒါစနစ်တစ်ခု (X- band radar) လည်း ပါဝင်ပါတယ်။ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်မှာ အသုံးပြုမယ့် ကြားဖြတ်ပစ်ချရေးဒုံးပျံတွေဟာ ၁၂၅ မိုင်အကွာအဝေးအထိ ပစ်လွှတ်နိုင်ပြီး တက်ရောက်ပစ်ချနိုင်တဲ့ အမြင့်ကလည်း မြေပြင်အထက် ၉၃ မိုင်အထိ ရှိပါတယ်။ ဆင်ဟွာသတင်းဌာနက "ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ရဲ့ ရေဒါဟာ မြောက်ကိုရီးယားနိုင်ငံနယ်နိမိတ်ကို သိသိသာသာ ကျော်လွန်ထောက်လှမ်းနိုင်တဲ့အတွက် ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်မှာကို လေးလေးနက်နက် စိုးရိမ်ပူပန်တဲ့အကြောင်းကို ဆက်တိုက်ဆိုသလို ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ရဲ့ ရေဒါဟာ အနီးထောက်လှမ်းစနစ်ဆိုရင် ၆၀၀ ကီလိုမီတာ၊ အဝေးထောက်လှမ်းစနစ်ဆိုရင် ၂၀၀၀ ကီလိုမီတာအထိ စုံစမ်းထောက်လှမ်းနိုင်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ဖြန့်ကြက်မယ့် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်မှာ အနီးထောက်လှမ်းစနစ်(Terminal Mode) ရေဒါသုံးမယ်ဆိုပေမယ့် အဝေးထောက်လှမ်းစနစ်(Forward-base mode) ရေဒါလဲလှယ်တပ်ဆင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်"လို့ ရေးသားဖော်ပြခဲ့ပါတယ်။ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်နဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့ ပူးတွဲထုတ်ပြန်တဲ့ ကြေညာချက်မှာ "ဒုံးခွင်းဒုံး ကာကွယ်ရေးစနစ်အား မြောက်ကိုရီးယားနိုင်ငံ ခြိမ်းခြောက်မှုကိုသာ ရည်ရွယ်တုံ့ပြန်ခြင်းဖြစ်ပြီး မည်သည့် တတိယနိုင်ငံကိုမျှ မရည်ရွယ်ကြောင်း" ဖော်ပြထားပါတယ်။ ပြောရရင် ဒီပူးတွဲကြေညာချက်က ဘယ်လိုဖြစ်နေသလဲဆိုတော့ ဥရောပအလယ်ပိုင်းမှာ ဖြန့်ကြက်ထားတဲ့ ဒုံးပျံကာကွယ်ရေးစနစ်ဟာ အီရန်နိုင်ငံကိုပဲ ရည်ရွယ်ပြီး ရုရှားနိုင်ငံကို မရည်ရွယ် မဦးတည်ပါဘူး ဆိုတာမျိုး ဖြစ်နေပါတယ်။ ဇူလိုင် ၈ ရက်က ထုတ်ပြန်ခဲ့တဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ "အမေရိကန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)တို့သည် တရုတ်နိုင်ငံအပါအဝင် ဆက်နွယ်ပတ်သက်လျက်ရှိသော အခြားနိုင်ငံတို့၏ ရှင်းလင်းပြတ်သားသော ရပ်တည်ချက်တို့ကို လျစ်လျူရှုလျက် အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဖြန့်ကြက်ရန် ကြေညာခဲ့ပါသည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံသည် အတိုင်းမသိ မနှစ်မြို့မှုကို ဖော်ပြသကဲ့သို့ ပြင်းပြင်းထန်ထန်လည်း ကန့်ကွက်ပါသည်"လို့ ဖော်ပြထားပါ




တယ်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားတဲ့ဆက်နွယ်ပတ်သက်လျက်ရှိတဲ့ နိုင်ငံဆိုတာ ရုရှားနိုင်ငံကို ဆိုလိုတာပါ။ ရုရှားသမ္မတ ဗလာဒီမာပူတင်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဇွန် ၂၅ ရက်မှာ ထုတ်ပြန်ခဲ့တဲ့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ရဲ့ ပူးတွဲကြေညာချက်မှာ ဒီဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို အတိအကျ ရည်ညွှန်းထားတဲ့ စာပိုဒ်တစ်ပိုဒ်ထည့်သွင်းဖော်ပြခဲ့ပါတယ်။ ဒီစာပိုဒ်ကို ရှည်ရှည်လျားလျား ရေးသားဖော်ပြထားပေမယ့် လိုရင်းပြောရရင် အမေရိကန် ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဟာ ဒေသတွင်းတည်ငြိမ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာချိန်ခွင်လျှာညီမျှမှုကို ခြိမ်းခြောက်နေတယ်လို့ ရှင်းရှင်းလင်းလင်း ရည်ညွှန်းဖော်ပြထားတာပါ။ ဒါကလည်း အကြောင်းရှိပါတယ်။ တရုတ်နိုင်ငံရော ရုရှားနိုင်ငံပါ အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်လို စွမ်းပကားမျိုး ပိုင်ဆိုင်မထားတဲ့အတွက် ခြိမ်းခြောက်ခံနေရသလို ခံစားနေကြရတာပါ။ တည့်တည့်ပြောရရင် တရုတ်နိုင်ငံရော ရုရှားနိုင်ငံပါ အမေရိကန်နိုင်ငံက သူတို့နိုင်ငံတွေရဲ့ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် အားနည်းချက်အပေါ် အခွင့်ကောင်းယူ အမြတ်ထုတ်ပြီး လက်ဦးမှု ရယူတိုက်ခိုက်နိုင်စွမ်းရှိအောင် ပြင်ဆင်နေတယ်လို့ ယူဆနေတာပါ။ ပိုပြီးတိတိကျကျ ထပ်ပြောရရင် တရုတ်နိုင်ငံရော ရုရှားနိုင်ငံကပါ အမေရိကန်နိုင်ငံဟာ စစ်အေးခေတ်ကာလက မရရှိခဲ့တဲ့ ချူကလီးယားစွမ်းပကား အသာစီးရရှိရေး အိပ်မက်ကို အကောင်အထည်ဖော်နေတယ်လို့ ယူဆနေတာပါ။ အမေရိကန်နိုင်ငံနဲ့ နှိုင်းယှဉ်လိုက်ရင် ရုရှားနိုင်ငံနဲ့တရုတ်နိုင်ငံတို့ရဲ့ ဒုံးပျံကာကွယ်ရေးစနစ်ဟာ အတော်ကြီးကို ခေတ်နောက်ကျနေတာပါ။

ဒီအချက်တွေကို အခြေခံပြီး အမေရိကန်နိုင်ငံရဲ့ တရုတ်နိုင်ငံဆိုင်ရာ မူဝါဒမှာ ချူကလီးယားစွမ်းပကား ခေတ်မီတိုးတက်ရေးက အဓိက ထောက်တိုင်တစ်ခုအနေနဲ့ ပါဝင်လာမယ်လို့ သုံးသပ်ရှုမြင်နေကြတာပါ။ ကိုရီးယားကျွန်းဆွယ်မှာ ဖြန့်ကြက်မယ့် အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဟာ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံကြား ဆက်ဆံရေးမှာ ထိပ်တိုက်ရင်ဆိုင် ပွတ်တိုက်မှုတွေ ဖြစ်စေတော့မယ် ဆိုတဲ့ အခြေခံအချက်ကတော့ ရှင်းနေပါပြီ။ တရုတ်နိုင်ငံက အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဟာ အမေရိကန်နိုင်ငံရဲ့ သူ့နိုင်ငံအပေါ် ဝိုင်းရံထိန်းချုပ်ရေး မဟာဗျူဟာရဲ့ တစ်စိတ်တစ်ဒေသလို့ ရှုမြင်မှာကတော့ အသေအချာပါပဲ။ တောင်ကိုရီးယားနိုင်ငံမှာ အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ် စတင်အသက်ဝင်လှုပ်ရှားပြီဆိုတာနဲ့ တရုတ်နိုင်ငံရဲ့ ဟောင်းနွမ်းဆွေးမြည့် ခေတ်မမီတော့တဲ့ ဒုံးပျံကာကွယ်ရေးစနစ်ကို ခြိမ်းခြောက်တော့မှာက ဘွင်းဘွင်းကြီးကို ပေါ်လွင်နေတာပါ။ ဒီခြိမ်းခြောက်မှုက တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံကို ပိုပြီးနီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လာအောင် တွန်းအားပေးမှာပါ။ တရုတ်နိုင်ငံရဲ့ ချူကလီးယားလက်နက် ဖွံ့ဖြိုးတိုးတက်ရေးမှာ ရုရှားနိုင်ငံရဲ့ နည်းပညာအထောက်အပံ့က အခြေခံကျတဲ့ ပြောင်းလဲတိုးတက်မှုတွေ ရလာအောင် စွမ်းဆောင်ပေးနိုင်ခြေရှိပါတယ်။ အပြန်အလှန်အနေနဲ့ တရုတ်နိုင်ငံရဲ့ တောင့်တင်းတဲ့ ဘဏ္ဍာငွေဟာ ရုရှားနိုင်ငံရဲ့ နည်းပညာသုတေသနလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်ပါတယ်။ ဒီနေရာမှာ စိတ်ဝင်စားစရာကောင်းတဲ့ မေးခွန်းကတော့ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ အမေရိကန်နိုင်ငံရဲ့ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်အပေါ် အသာစီးရယူနိုင်ဖို့ စိတ်တူကိုယ်တူတစ်သားတည်း ပူးပေါင်းနိုင်ပါ့မလားဆိုတဲ့ မေးခွန်းပါ။ ဒါဟာ ရုရှားနိုင်ငံဘက်ကကြည့်ရင် သူ့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ကိုယ်ပိုင်နည်းပညာကို တရုတ်နိုင်ငံလက်ထဲ ထည့်ပေးလိုက်ရတာပါ။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနရဲ့ မေလ ထုတ်ပြန်ကြေညာချက်အရ ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား ပထမဆုံးသော ကွန်ပျူတာစနစ် အခြေခံဒုံးပျံကာကွယ်ရေးစနစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဆောင်ရွက်တော့မှာက ဘာပဲပြောပြော သေချာနေပါပြီ။ ဒီကြေညာချက်မှာ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ ဘယ်နိုင်ငံကိုမျှ မရည်ရွယ်ပါဘူးလို့ ဖော်ပြထားပေမယ့် တရုတ်တပ်မတော် ဗိုလ်မှူးကြီး(ငြိမ်း) ဖြစ်သလို တရုတ်စစ်ဘက်ရေးရာ ဝေဖန်သုံးသပ်သူ Yue Gang က "အမေရိကန်ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ဟာ တရုတ်နိုင်ငံအတွက်ရော ရုရှားနိုင်ငံအတွက်ပါ ဘုံခြိမ်းခြောက်မှုပါ။ ဒီပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ အမေရိကန်နိုင်ငံကို သတိပေးလိုက်တာပါ။ ဒါဟာ ဒုံးပျံကာကွယ်ရေးစနစ်နဲ့ပတ်သက်ပြီး နှစ်နိုင်ငံကြား သံတမန်ရေးဘုံရပ်တည်ချက်အပေါ် အခြေခံတဲ့ စစ်ရေးပူးပေါင်းဆောင်ရွက်မှု အဖွင့်နိဒါန်းပါ" လို့ ပြောင်ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ကမ္ဘာကြီးတည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ပြိုင်ဆိုင်မှုတွေ မလုပ်သင့်ဘူးဆိုတာ ကမ္ဘာ့နိုင်ငံအားလုံးလက်ခံပေမယ့် ဘယ်နိုင်ငံကမှ လက်တွေ့မကျင့်သုံးနိုင်တာက ပကတိကမ္ဘာ့နိုင်ငံရေးလို့ပဲ ပြောရတော့မှာပါ။

■



# ကမ္ဘာ့အမြင့်ဆုံးလွင်ပြင်ဒေသ တိဘက်သို့ နှင်ခဲ့တဲ့ခရီး

ဆွေညီ

ကိုဒင်ရေ-

ပြီးခဲ့တဲ့ရက်ပိုင်းက တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လာဆာမြို့တော်ကို လေ့လာရေးခရီး တစ်ပတ်ကြာ ရောက်ခဲ့တယ်။

ကမ္ဘာ့အမြင့်ဆုံးလွင်ပြင်ဒေသတိဘက်၊

လားမားဘုန်းတော်ကြီးတွေရဲ့ Potala Palace ရှိတဲ့ တိဘက်၊

မြန်မာလူမျိုးတွေနဲ့ ဆွေမျိုးတော်စပ်ပတ်သက်တယ်လို့ဆိုတဲ့ တိဘက်၊

ဘာသာစကား အတော့်ကိုဆင်တူရိုးမှားရှိတဲ့ တိဘက်(ဗမာစကားကို အပီသဆုံးနဲ့ အမြန်ဆုံး ပြန်ပြောနိုင်တယ်လို့ ကျွန်တော်တို့ အသိအမှတ်ပြုမိတယ်။)

ဧည့်ဝတ်ကျေပွန်မှုအရာမှာ မြန်မာတို့ကို မရှုံးတဲ့ တိဘက်၊

မြန်မာလူမျိုးလို့ဆိုလိုက်တာနဲ့ ခင်မင်နှစ်လိုဖွယ်ပြသပြီး ဈေးဝယ်ရင် ဈေးအများအပြားလျှော့ပေးတတ်တဲ့ တိဘက် (ကျွန်တော်တို့အဖွဲ့ ၁၉ ယောက်စလုံးက ထင်မိတာပဲလေ။)

တောင်တန်းတွေကြားထဲက တိမ်ဆိုင်၊ တိမ်လိပ်တွေကြောင့် မိုးတိမ်တွေက ကိုယ်နဲ့ တကယ်နီးစပ်စွာ တည်ရှိနေသလို ခံစားရစေတဲ့ တိဘက်။

လာဆာမြို့မှာ စစချင်းတော့ ကျွန်တော်တို့လည်း တခြားလူစိမ်းတွေလို မြင့်မားလွန်းတဲ့ဒေသဖြစ်တာကြောင့် အသက်ရှူမဝတဲ့ဒဏ်ကို အနည်းနဲ့အများ ခံစားခဲ့ကြရပါတယ်။

အောက်ဆီဂျင်မလုံလောက်တဲ့အတွက် ကျွန်တော်တို့အဖွဲ့ထဲက ပထမနေ့မှာ ၁၀ ယောက် ကျော်လောက်၊ ဒုတိယနေ့မှာ ငါးယောက်ကျော် ခေါင်းတွေကိုက်၊ ခေါင်းအုံ့ခဲ၊ ကိုယ်လက်မအီမသာဖြစ်၊ စားမဝင်အိပ်မပျော်နဲ့ တော်တော်ခံရဆိုးတာတွေ ကြုံတွေ့ခံစားခဲ့ကြရတယ်။ ပြန်ခါနီးအထိ တပိန်ပိန် တလိမ်လိမ် ဖြစ်သူတွေ၊ တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်ခဲ့သူတွေတောင် ရှိခဲ့တယ်။ သာမန်ဆိုရင်တော့ တစ်ရက်နှစ်ရက်ဆိုရင် ဒေသနဲ့ ယဉ်ပါးသွားကြတာများပါတယ်။

ကျွန်တော့်ကိုတော့ အသက်အရွယ်ကြောင့်ဆိုပြီး သွားခါနီး ငါးရက်လောက်အလိုကတည်းက ဘေကျင်းမှာ TIBET GAOYUNAN BIOTECHNOLOGY CO; LTD ကထုတ်တဲ့ တိဘက်ဒေသခရီးစဉ်အတွက် ကြိုတင်သောက်ရတဲ့ဆေးကို ကြိုတိုက်ထားလို့ရယ်၊ ကိုယ်ခံအားအတန်အသင့်ကောင်းနေသေးလို့ရယ်ကြောင့် သာမန် မည်ကာမတ္တမျှလောက်ကလေးပဲ ခံစားရတယ်။

ကျွန်တော်တို့ကို တိဘက်ကိုရောက်တာနဲ့ လေဆိပ်မှာပဲ တိဘက်ကုမ္ပဏီက ထုတ်တဲ့ဆေးကို နေ့ ည သုံးလုံးစီနဲ့ ငါးရက်စာသောက်ဖို့ ဝေငှပေးပါတယ်။ တိဘက်ဒေသကထွက်ပြီး မီတာ ၅၁၀၀ အမြင့်ကရတာမို့ တန်ဖိုးအတော်အသင့်များတယ်၊ လန်းဆန်းသွားစေတယ်လို့ဆိုတဲ့ ၅၁၀၀ TIBET SPRING ဆိုတာကိုလည်း နှစ်ဘူးစီ ဝေငှပေးပါတယ်။ ပုံမှန်လှုပ်ရှားမှုတွေကို လျှော့ပြီး အေးအေးဆေးဆေးနားနားနေနေ နေဖို့၊ သာမန်မအီမသာဖြစ်တာတွေကိုလည်း စိတ်မပူပန်ဖို့ ရောက်ရောက်ချင်းမှာပဲ သေချာမှာပါတယ်။

တိဘက်ခရီးစဉ်မစတင်မီ ကျွန်တော်တို့ကို တစ်မနက်ပိုင်းအချိန်ယူပြီး တိဘက်ဒေသမှာ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့တဲ့ Research and Training Institute of SAPPRFT ရဲ့ ကျောင်းအုပ်ကြီး မစ္စတာလွီဆုန်းရှန်း ( President, Mr. Lv Songshan ) က တိဘက်ဒေသနဲ့ပတ်သက်ပြီး အသေးစိတ်ကို ဓာတ်ပုံတွေနဲ့တကွ သေချာရှင်းပြပါတယ်။

တော်တော်ကို လှပသာယာတဲ့၊ ငြိမ်းချမ်းတဲ့ဒေသလေးပါ ကိုဒင်။ တိဘက်ဒေသက သဘာဝအလှအပတွေက မြင်ရသူကို အသက်ရှူရပ်သွားလောက်တယ်လို့ဆိုရင် တင်စားလွန်းတယ် ထင်မလားပဲ။

တိဘက်က ကိုဒင်လည်း သိတဲ့အတိုင်း တရုတ်နိုင်ငံရဲ့ အနောက်တောင်ဘက်မှာ ရှိတယ်။ ကမ္ဘာ့ကျောရိုးနေရာပဲလေ။ တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းပြီးရင် တတိယဝင်ရိုးစွန်းလို့ တင်စားတဲ့နေရာပါ။ ပင်လယ်မြေမျက်နှာပြင်အထက် မီတာ ၄၀၀၀ ဝန်းကျင်မှာ တည်ရှိပြီး မီတာ ၇၀၀၀ အထက် တောင်ပေါင်း ၅၀ ကျော်၊ မီတာ ၈၀၀၀ အထက် ၁၁ တောင်ရှိတယ်လို့ သိရပါတယ်။

အစည်းအဝေးခန်းမထဲမှာ ၁၀ မိနစ်၊ ၁၅ မိနစ်ဆိုရင်ပဲ အသက်ရှူမဝဖြစ်နိုင်တယ်။ အောက်ဆီဂျင်မဝတဲ့အတွက် ညအိပ်မပျော်ဖြစ်မယ်။ သူတောင် တာဝန်ထမ်းဆောင်ခဲ့စဉ်က နေ့စဉ် လေးနာရီခန့်သာအိပ်ခဲ့ရတယ်။ ဒါတွေက စိုးရိမ်စရာမရှိတဲ့အကြောင်းနဲ့ ပုံမှန်သာဖြစ်တဲ့အကြောင်း ကျောင်းအုပ်ကြီး မစ္စတာ လွီဆုန်းရှန်းက ကြိုတင်အသိပေးထားပါတယ်။ ဒါပေမယ့် ဆရာကြီးသုံးနှစ်တာဝန်ထမ်းဆောင်ပြီး ဆေးစစ်တော့ နှလုံးကြီးနေတာကြောင့် ဆေးလက်မှတ်အရ တိဘက်မှာ ထပ်မံတာဝန်ထမ်းဆောင်ဖို့ အငြင်းပယ်ခံခဲ့ရပါတယ်တဲ့။

တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တရုတ်တစ်နိုင်ငံလုံး မြေဧရိယာအကျယ်အဝန်းရဲ့ ရှစ်ပုံတစ်ပုံရှိတာမို့ အတော်လေးကို ကျယ်ပြောတဲ့ဒေသလို့ဆိုရင် မမှားဘူး။ တိဘက်ဒေသမှာ လူဦးရေ သုံးသန်းကျော်ရှိပြီး တိဘက်မျိုးနွယ်စုတွေက ၉၅ ဒသမ ၇၄ ရာခိုင်နှုန်း ရှိပါတယ်။ တရုတ်ဟန်တိုင်းရင်းသားတွေက လေးရာခိုင်နှုန်းလောက် နေထိုင်ပါတယ်။

တရုတ်နိုင်ငံရဲ့ ရေကာတာကြီးလို့ တင်စားရလောက်အောင် တရုတ်နိုင်ငံရဲ့ ရေအရင်းအမြစ် ၃၀ ရာခိုင်နှုန်း တိဘက်မှာရှိတာမို့ ရေအရင်းအမြစ် အပြည့်ဝဆုံးနေရာဖြစ်တယ်။ တစ်နိုင်ငံလုံးရဲ့ တောရိုင်းတိရစ္ဆာန်ဆိုလည်း သုံးပုံတစ်ပုံလောက်ရှိတယ်။ နှင်းတောင် ကျားသစ်၊ နွားနောက်၊ တောင်ဆိတ်တွေ အများအပြားရှိတယ်၊ ငှက်တွေရဲ့ ကောင်းကင်ဘုံလည်း ဖြစ်တယ်၊ ဆောင်းခိုငှက်တွေ အများအပြားဝင်ရောက်လေ့ရှိတယ်လို့ ဆိုတယ်။

တိဘက်မှာ တိဘက်ဘုန်းတော်ကြီးကျောင်းပေါင်း ၃၀၀၀ ကျော်ရှိပြီး ဘုန်းတော်ကြီး တစ်သိန်းကျော်ရှိတယ်လို့ သိရပါတယ်။

အခုဆိုရင် တိဘက်မှာ စက်မှုဇုန်တွေ၊ ဘီယာစက်ရုံ၊ ရေသန့်စက်ရုံ၊ ဆေးဝါးစက်ရုံ စတဲ့စက်ရုံတွေကို ကြည့်လေရာမှာ လှမ်းမြင်ရတယ်။ စက်မှုလုပ်ငန်းအမျိုးအစားပေါင်း ၂၀၀ ကျော် ရှိတယ်လို့ သိရပါတယ်။ မီးရထားလမ်းလည်း ဖောက်လုပ်ပြီးသွားပြီ။ အမြန်လမ်းတွေဆိုလည်း ကောင်းလှပါတယ်။ ကျွန်တော်တို့ကတော့ ဘေကျင်းကနေ လေယာဉ်နဲ့လာခဲ့ကြတာပါ။ လာဆာမြို့ကို ဘေကျင်းကနေ တိုက်ရိုက်လေယာဉ်နဲ့ လေးနာရီလောက် စီးရပါတယ်။

လျှပ်စစ်မီးနဲ့ တယ်လီဖုန်း ရရှိ၊ တပ်ဆင်ပြီးစီးမှုက ကျွန်တော်တို့ထက် သာလွန်ပါတယ်။ လျှပ်စစ်မီးရရှိမှု ၁၀၀ ရာခိုင်နှုန်း၊ တယ်လီဖုန်း(လိုင်းကြိုးဖုန်း၊ လက်ကိုင်ဖုန်း)သုံးစွဲသူ ၉၅ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။

ကျွန်တော်တို့စိတ်အဝင်စားဆုံးတစ်ခုကတော့ လာဆာမြို့ရဲ့ ရောက်သမျှ နေရာတိုင်းမှာ၊ လှမ်းမြင်ရတဲ့ နေရာတိုင်းမှာ လူနေတိုက်ခန်းတွေ အများအပြား ဆောက်လုပ်နေတာကို တွေ့ခဲ့ရတာပါပဲ။ တကယ်ကို များပါတယ်။ တိဘက်ဒေသမှာ အားသာချက်က အဆောက်အအုံဆောက်ရင် ပြည်သူက ကုန်ကျငွေရဲ့ ခြောက်ပုံတစ်ပုံပဲ ကျခံဖို့လိုပြီး အစိုးရက ကျန်တာကို စိုက်ထုတ်ပေးတယ်တဲ့။ ဒီအချက်ကို မြန်မာပြည်သူတွေ အလွန်ပဲ စိတ်ဝင်စားကြမယ်ထင်ပါတယ်။



နေ့စဉ် သောင်းနှင့်ချီသော ဧည့်သည်များ လာရောက်လေ့လာကြသည့် တိဘက်ဒေသရဲ့အသည်းနှလုံး Potala Palace။

တရုတ်အစိုးရက ရေ၊ လျှပ်စစ်မီးနဲ့ ဆက်သွယ်ရေး တယ်လီဖုန်း၊ စာတိုက်၊ ရုပ်မြင်သံကြား၊ ရေဒီယို စတာတွေကို လယ်သမားတွေဆီ တိုက်ရိုက်ရောက်ဖို့ စီမံကိန်းတွေ ပြုလုပ်ဆောင်ရွက်ခဲ့တယ်။ ဒါမှ လယ်သမားတွေ သတင်းအချက်အလက်တွေ အလွယ်တကူရမှာတဲ့လေ။ လယ်သမားတွေ ဘဝမြှင့်တင်ရေး ဆောင်ရွက်တဲ့အခါ ဒီအချက်မျိုးတွေကို အခြေခံယူဖို့လိုမလားပဲ။

တိဘက်ဒေသက အခမဲ့ပညာရေးဗျ ကိုဒင်ရ။ ၁၅ နှစ်တာ ကျောင်းစရိတ်၊ နေစရိတ် (မူကြိုကနေ အထက်တန်းအထိ) အားလုံးအခမဲ့ပဲ။ တရုတ်အစိုးရက တိဘက်ဒေသက ကျောင်းပြီးတဲ့ ကျောင်းသားတိုင်း အလုပ်ရရမယ်ဆိုတဲ့ အာမခံချက်ပေးထားတယ်။ နှစ်စဉ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ပြီဆိုရင် တိဘက်ဒေသကနေ တက္ကသိုလ်တက်ခွင့်အရေအတွက်ကို သီးခြားစာရင်းထုတ်ပေးတယ်။ ပြည်မကြီးရဲ့ အခြားဒေသတွေကထက် တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ကျောင်းသားကျောင်းသူတွေကို တက္ကသိုလ်တက်ရောက်ခွင့်မှာ အခွင့်အရေး ပိုမိုပေးထားတယ်လို့ ဆိုတယ်။

ဘေကျင်းနဲ့ တခြားဝင်ခွင့်မြင့်မားတဲ့တက္ကသိုလ်တွေမှာ ဥပမာအားဖြင့် တရုတ်ပြည်မက ကျောင်းသား ကျောင်းသူတွေ ပုံမှန်အမှတ် ၆၀၀ ကျော်မှ တက်ခွင့်ရပေမယ့် တိဘက်ဒေသက ကျောင်းသား ကျောင်းသူတွေကိုတော့ အမှတ် ၃၀၀/၄၀၀ နဲ့ တက်ခွင့်ပြုပြီး အထူးအခွင့်အရေးတွေ ပေးထားတယ်လို့ သိရပါတယ်။

ကျွန်တော်တို့သွားရောက်လေ့လာတဲ့ CTB (China Tibet Broadcasting)၊ XZTV (Xizang TV)၊ Xizang People’s Radio၊ Channel 602၊ TIBETAN People’s Publishing House ၊ Xizang Daily Newspaper စတဲ့ ရုပ်မြင်သံကြား၊ ရေဒီယို၊ ပုံနှိပ်ထုတ်ဝေရေးနဲ့ သတင်းစာတိုက်တွေ လေ့လာတဲ့အခါ အများစုသော ဥက္ကဋ္ဌ၊ အကြီးအကဲ (President) တွေက တိဘက်လူမျိုးတွေဖြစ်တာကို သတိပြုမိခဲ့ပါတယ်။

ဘေကျင်းတက္ကသိုလ်ကနေ ကျောင်းပြီးတဲ့ တိဘက်လူမျိုးတွေ သူတို့ဒေသမှာ သူတို့အကြီးအကဲဖြစ်ပြီး ကဏ္ဍပေါင်းစုံမှာ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြတာကို ဝမ်းမြောက်ဖွယ် သိရှိခဲ့ရပါတယ်။ တိဘက်မှာ အဓိက အမှုထမ်း၊ အရာထမ်းတွေအနေနဲ့လည်း တိဘက်လူမျိုးက ၇၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းကျော် ရှိပါတယ်။ ဒါက တိဘက်ဒေသကို တိဘက်လူမျိုးတွေက အုပ်ချုပ်နေတယ်လို့ ဆိုလို့ရပါတယ်။

တိဘက်ဘုန်းတော်ကြီးတွေရှိတဲ့ ရာဇဝင်ထဲက Potala Palace ကိုလည်း ကျွန်တော်တို့ရောက်ခဲ့တယ်။ လာဆာမှာ ရှိကတည်းက အမှတ်တရဝေမျှတဲ့အနေနဲ့ ဖေ့စ်ဘွတ်မှာ ဓာတ်ပုံတွေ ကျွန်တော်တင်ခဲ့တာကို ကိုဒင်လည်း တွေ့မှာပါ။ Potala Palace က တိဘက်ပြည်နယ်ရဲ့ သမိုင်းဝင်နန်းတော်ကြီးပါပဲ။ တိဘက်ဒေသရဲ့ အသည်းနှလုံးလို့ ခေါ်တွင်ရလောက်အောင် တိဘက်ယဉ်ကျေးမှုအမွေအနှစ်တွေပြည့်နှက်နေတဲ့ ဘာသာရေးအဆောက်အအုံကြီးပေါ့။ နန်းတော်ကြီးကို ကျောက်အုတ်တွေနဲ့ အခိုင်အခံ့တည်ဆောက်ထားတာပါ။ တိဘက်ဒေသအသီးသီးက ဘာသာရေးကိုင်းရှိုင်းသူအများအပြား လာရောက်ကြည့်ရှုလေ့လာကြပါတယ်။ နေ့စဉ် သောင်းနဲ့ချီတဲ့ဧည့်သည်တွေ လာရောက်လေ့လာကြတယ်။ နိုင်ငံခြားသားတွေ ပတ်စ်ပို့နဲ့ ဝင်ခွင့်လက်မှတ်နဲ့ပြပြီး ဝင်ရတာပါ။ လုံခြုံရေးကလည်း အလွန်တင်းကျပ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ အများစုကျေနပ်နှစ်သက်ဝမ်းမြောက်ကြတဲ့အချက်ကတော့ မပြန်ခင်ညမှာ လာဆာမြို့မှာရှိတဲ့ ပြဇာတ်ရုံမှာ(တကယ်တော့ ကွင်းပြင်ထဲမှာကတာပါ)လူပေါင်း ၈၀၀ ပါဝင်ကပြတဲ့ Princess Wencheng ဆိုတဲ့ပြဇာတ်ကို ကြည့်ခွင့်ရခဲ့တာကိုပါ။

ကျွန်တော်ကိုယ်တိုင်လည်း ကောင်းကင်ဘုံအောက် အလှပဆုံး မြို့တစ်မြို့အဖြစ် ထင်ရှားကျော်ကြားတဲ့ တရုတ်နိုင်ငံ ကွေ့လင်မြို့မှာ ၂၀၁၁ ခုနှစ်က လူ ၆၀၀ ပါဝင်ကပြတဲ့ပြဇာတ်ကို တစ်ကြိမ်ကြည့်ခဲ့ဖူးပေမယ့် ဒီ Princess Wencheng ပြဇာတ်ကလည်း အတော့်ကို သဘောကျနှစ်သက်စရာကောင်းလို့ စိတ်ကျေနပ်မိပါတယ်။

တိဘက်ဘုရင်နဲ့ လက်ဆက်ဖို့ တရုတ်နိုင်ငံကနေ စေလွှတ်လိုက်တဲ့ မင်းသမီး ဝမ်ချောင်းရဲ့ ဇာတ်လမ်းလေး။ တိဘက်ဒေသအကျိုးကို ဖော်ဆောင်တဲ့ တရုတ်မင်းသမီးလေးမို့ တိဘက်လူမျိုးတွေ သိပ်ချစ်မြတ်နိုးတဲ့ မင်းသမီးလေးလို့ သိရပါတယ်။ သူ့ရဲ့ဇာတ်လမ်းလေးကို ဇာတ်အိမ်ဖွဲ့ပြီး ပြဇာတ်ကပြတာ။

သမိုင်းကြောင်းထဲကအတိုင်း နောက်ခံဆက်တင်တောင်တွေ၊ အဆောက်အအုံတွေ၊ မီးတွေနဲ့ သက်ရှိတိရစ္ဆာန်တွေကိုပါ မြိုင်ဆိုင်စွာထည့်သွင်းကပြတဲ့ အလွန်ကောင်းမွန်တဲ့ ပြဇာတ်တစ်ခုပါပဲ။ လူပေါင်းသောင်းချီလာကြည့်ကြတာပါ။ ကြည့်တဲ့လူတိုင်း ကျေနပ်နှစ်သက်ပြီး လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ နှစ်နာရီကြာမြင့်တဲ့ ပြဇာတ်ပြီးသွားတာတောင် ပြဇာတ်ထဲမှာပါတဲ့ သရုပ်ဆောင်တွေနဲ့ ဓာတ်ပုံရိုက်ကူးလို့ မပြီးကြဘူး။ အလွန်ကြီးကျယ်ခမ်းနားတယ် ကိုဒင်။

ကျွန်တော်တို့ဟာ ခြောက်ညအိပ်ပြီး ခုနစ်ရက်မြောက်နေ့မှာ တိဘက်လာဆာကနေ ဘေကျင်းပြန်ဖို့ လေဆိပ် ဆင်းပါတယ်။ ဒါပေမယ့် လေဆိပ်ရောက်မှ Flight Cancel ဖြစ်လို့ Air China က စီစဉ်ပေးတဲ့ TIBET Hotel မှာ တစ်ညထပ်နားနေခဲ့ရတယ်။

တိဘက်လာဆာမှာ ကျွန်တော်တို့ရောက်တဲ့ကာလမှာ နံနက် ၇ နာရီခွဲလောက်မှ နေပွင့်ပြီး ည ၉ နာရီခွဲလောက်မှ နေဝင်ပါတယ်။ ဇူလိုင်လအတွင်း အပူချိန်ကတော့ ၁၁ ဒီဂရီကနေ ၂၂ ဒီဂရီ ဆဲစီးရပ်စ်အတွင်း ရှိပါတယ်။ သိပ်အေးလွန်းတယ်လို့တော့ မခံစားခဲ့ရပါဘူး။

လာဆာမှာ ကျွန်တော်တို့လည်း ညတိုင်း အိပ်ချိန်နည်းနည်းပဲ အိပ်ခဲ့ရပါတယ်။ အိပ်မပျော်၊ အိပ်နေရင်း အောက်ဆီဂျင်မလုံလောက်မှုကြောင့် တစ်ရေးနိုးလာတဲ့အခါ ယူရိုဘောလုံးပွဲကရှိနေတော့ ဘာမှပြဿနာမရှိဘူး။ ဘောလုံးပွဲကြည့်လိုက်၊ ပြီး ပြန်အိပ်လိုက်ပေါ့။ တိဘက်ရဲ့တစ်ပတ်ခရီးက ပျော်စရာ၊ ကြည်နူးစရာ ကောင်းခဲ့ပါတယ်။ တိဘက်နဲ့ပတ်သက်ပြီး ရေးစရာတွေ အများအပြားတော့ ရှိပါသေးတယ်။ အခုဟာကတော့ မိတ်ဆက်တဲ့သဘော နိဒါန်းလောက်ပဲပေါ့ ကိုဒင်ရာ။ ။

ရွှင်လန်းချမ်းမြေ့ပါစေ။



ဆောက်လက်စလူနေတိုက်ခန်းများဖြင့် လာဆာမြို့တစ်နေရာ။

# အလုပ်သမားသံအရာရှိနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်(ထိုင်း)အေဂျင်စီတွေကို အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရဲ့ ဥပဒေအတိုင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်

## အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦး



မေး/ရေး - ဇော်သူရ
ဓာတ်ပုံ - အေးသန်း

လတ်တလောလူမှုကွန်ရက်စာမျက်နှာများတွင် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ အလုပ်မှရပ်ဆိုင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခြင်းခံရသည့် အကြောင်းအရာများ ပျံ့နှံ့လျက်ရှိရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ အဖြစ်မှန်သိရှိနိုင်ရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးအား မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ လတ်တလော လူမှုကွန်ရက်စာမျက်နှာတွေမှာ ထိုင်းနိုင်ငံ ရပ်ချပူရီခရိုင် Siam Rachaburi Industry Co., Ltd ဂျယ်လီစက်ရုံသို့ K. Chanroen Inter Co.,Ltd က မြန်မာအလုပ်သမားတွေကို ပြန်လည်ပို့ဆောင်နေတယ်လို့ ကြားသိရပါတယ်၊ အဲဒီအပေါ်မှာ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ။ ။ ထိုင်းနိုင်ငံ ရပ်ချပူရီခရိုင် Siam Rachaburi Industry Co., Ltd ဂျယ်လီစက်ရုံကို K. Chanroen Inter Co.,Ltd ကတစ်ဆင့် စေလွှတ်ထားတဲ့ အလုပ်သမား ၁၆၂ ဦးဟာ လစာထုတ်ရာမှာ လစာထုတ်ပြေစာ ထုတ်ပေးခြင်းမရှိတဲ့အတွက် ညဆိုင်းအလုပ်ဝင်ရောက်ရမယ့် အလုပ်သမားတွေ အလုပ်ဝင်ရောက်ခြင်းမရှိဘဲ ဇူလိုင် ၆ ရက်နေ့မှာ လစာပြေစာထုတ်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

အလုပ်ရှင်က အဲဒီနေ့မှာပဲ လစာထုတ်ပြေစာကို ထုတ်ပေးခဲ့ပေမယ့် လစာထုတ်ပြေစာပေါ်မှာ ပါရှိတဲ့ ငွေကြေးဖြတ်တောက်ထားမှုတွေကို အကြောင်းပြုပြီး အလုပ်သမားရပိုင်ခွင့်တွေနဲ့ စပ်လျဉ်းတဲ့ အချက် ၁၃ ချက်ကို အလုပ်သမားတွေက တောင်းဆိုခဲ့ကြပါတယ်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အလုပ်သမားသံအရာရှိရဲ့ ညှိနှိုင်းဆောင်ရွက်ပေးချက်အရ အလုပ်ရှင်က အဲဒီအချက်တွေကို လိုက်လျောခဲ့ပေမယ့် အလုပ်သမားကိုယ်စားလှယ် ရှစ်ဦးကို အလုပ်ဆက်လက်ခန့်ထားလိုခြင်းမရှိတဲ့အပေါ် အလုပ်သမားတွေက ကျေနပ်မှုမရှိကြတာဘဲ ဖြစ်ပါတယ်။ အဲဒီကိစ္စဟာ ဇူလိုင် ၉ ရက်အထိ ပြေလည်မှုမရရှိဘဲ လုပ်ငန်းခွင်ဆန္ဒပြမှုတွေ သုံးရက်ဆက်တိုက် ဖြစ်ပွားပြီး ဖမ်းဆီးထိန်းသိမ်းခံရတော့မယ့် အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံက သက်ဆိုင်ရာဌာနတွေက တာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး မြန်မာအလုပ်သမားသံအရာရှိတွေက ညှိနှိုင်းဖြေရှင်းပေးခဲ့ပါတယ်။ အလုပ်ရှင်က အလုပ်သမားတွေကို လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ဖို့ သို့မဟုတ် နေရပ်ကိုပြန်ဖို့ ကမ်းလှမ်းလာခဲ့ပါတယ်။

ကမ်းလှမ်းချက်အပေါ် အချို့အလုပ်သမားတွေက လုပ်ငန်းခွင်မှာ ဆက်လက်အလုပ်လုပ်ကိုင်လိုပြီး အချို့အလုပ်သမားတွေက နေရပ်ပြန်ဖို့ ဆန္ဒရှိတဲ့အတွက် အများစုဆန္ဒအရ သက်ဆိုင်ရာ အလုပ်ရှင်နဲ့ ညှိနှိုင်းပြီး နေရပ်ပြန်လည် ပို့ဆောင်ရေးကို ဆောင်ရွက်ခဲ့ပါတယ်။

ထိုင်းနိုင်ငံကို သွားရောက်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေအနေနဲ့ အလုပ်ရှင်၊ အလုပ်သမားသဘောတူစာချုပ်ချုပ်ဆိုစဉ်ကတည်းက လိုက်နာဆောင်ရွက်ရမယ့် အချက်တွေထဲမှာ ဥပဒေနှင့်အညီ အလုပ်ရှင်က ချမှတ်ထားတဲ့ ကုမ္ပဏီဥပဒေ၊ စည်းကမ်းတွေကို လိုက်နာရမယ့်အပြင် ထိုင်းနိုင်ငံရဲ့ ဓလေ့ထုံးစံနဲ့ ယဉ်ကျေးမှုတွေကိုပါ လိုက်နာရန်ဆိုပြီး ပါရှိပါတယ်။ အလုပ်သမားတစ်ဦးအနေနဲ့ စာချုပ်ချုပ်ဆိုထားတဲ့ ကုမ္ပဏီတစ်ခုတည်းအတွက်သာ အလုပ်လုပ်ကိုင်ဖို့ သပိတ်မှောက်ခြင်း၊ ကန့်ကွက်ဆန္ဒပြခြင်းစတဲ့ ဥပဒေနဲ့မညီတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို မပြုဖို့ စတဲ့အချက်တွေကို သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အဲဒီသဘောတူညီချက်တွေကို လိုက်နာဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အဲဒီအလုပ်ရုံမှာ မြန်မာအလုပ်သမား ရှစ်ဦးဟာ အဲဒီဖြစ်စဉ်မှာ ပါဝင်ခြင်းမရှိဘဲ ဆက်လက်အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။ ဖြစ်စဉ်မှာ ပါဝင်တဲ့ အလုပ်သမား ၁၅၇ ဦးအနက် ညှိနှိုင်းချက်အရ အလုပ်သမား ၃၈ ဦးက လုပ်ငန်းခွင်မှာ ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိပါတယ်။ ကျန်အလုပ်သမားတွေဖြစ်တဲ့ ထူးသစ်ဇေကုမ္ပဏီလီမိတက်က ၂၃ ဦး၊ ပြည့်စုံသော စီမံဆောင်ရွက်မှုကုမ္ပဏီလီမိတက်က ၄၁ ဦး၊ ဇွဲသုခ ကုမ္ပဏီလီမိတက်က ၁၂ ဦးနဲ့ ရွှေရည်ဖြိုးအောင်ကုမ္ပဏီလီမိတက်က နှစ်ဦး စုစုပေါင်း ၇၈ ဦးဟာ မြန်မာအလုပ်သမားသံအရာရှိရဲ့ စီစဉ်ပေးမှုနဲ့ မဲဆောက်မြို့ကို ပြန်လည် ရောက်ရှိလာပါတယ်။

မဲဆောက်မြို့ကို ရောက်ရှိနေတဲ့ မြန်မာအလုပ်သမား ၇၈ ဦးထဲက အချို့အလုပ်သမားတွေ အဲဒီအလုပ်ရုံမှာ ဆက်ပြီး အလုပ်လုပ်ကိုင်ချင်ရင် ထိုင်းအလုပ်ရှင်ကလည်း အဲဒီအလုပ်သမားတွေ လုပ်ငန်းခွင်အတွင်း ပြန်လည်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ဇူလိုင် ၁၀ ရက် ညနေပိုင်းက မဲဆောက်မြို့မှာ ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အဲဒီကိစ္စအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေရှင်းဆောင်ရွက်ပေးနေတဲ့ အခြေအနေတွေကို ရှင်းပြပေးပါ။**

ဖြေ။ ။ အလုပ်သမားသံအရာရှိနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်(ထိုင်း)အေဂျင်စီတွေကို အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရဲ့ ဥပဒေအတိုင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။

စေလွှတ်တဲ့ အေဂျင်စီတွေအနေနဲ့ အလုပ်သမားတွေဆီက ဝန်ဆောင်ခ ကျပ်တစ်သိန်း ငါးသောင်းတိတိသာ ကောက်ခံဖို့နဲ့ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါအတိုင်း လုပ်ငန်းခွင်အရောက်စေလွှတ်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလုပ်သမားတွေအနေနဲ့လည်း ဝန်ဆောင်ခ ပိုမိုကောက်ခံခြင်း၊ စာချုပ်ပါ လုပ်ငန်းခွင်ကို ရောက်ရှိခြင်းမရှိတဲ့ကိစ္စရပ်တွေကို တိုင်ကြားနိုင်ပါတယ်။ အဲဒီလို တိုင်ကြားချက်တွေ လက်ခံရရှိရာမှာလည်း တိုင်ကြားမှုမှာပါဝင်တဲ့ အချက်အလက်တွေကို မှန်ကန်မှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ပါတယ်။ ဒီလိုစိစစ်ဆောင်ရွက်နေစဉ် ကာလအတွင်းမှာ လိုအပ်ရင် အေဂျင်စီတွေရဲ့ အလုပ်ခေါ်စာ အသစ်တင်ပြလာမှုတွေကို ခေတ္တဆိုင်းငံ့ထားပါတယ်။

ဒါ့အပြင်စိစစ်တိုင်ကြားမှုတွေ မှန်ကန်ရင် သက်ဆိုင်ရာအေဂျင်စီရဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကို ယာယီပိတ်သိမ်းခြင်း၊ တရားမဝင်ကောက်ခံထားတဲ့ ငွေကြေးတွေကို ညှိနှိုင်းပြီး အလုပ်သမားတွေထံ ပြန်လည်ပေးအပ်ခဲ့တဲ့အပြင် သက်ဆိုင်ရာအလုပ်ရှင်နဲ့ ညှိနှိုင်းပြီး နစ်နာမှုတွေကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ အခုအလုပ်သမားတွေကိစ္စနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို သိပါရစေ။**

ဖြေ။ ။ မဲဆောက်မြို့ကို ရောက်ရှိနေတဲ့ အလုပ်သမား ၇၈ ဦးဟာ သက်ဆိုင်ရာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီတွေက တာဝန်ရှိသူတွေ၊ ထိုင်းအလုပ်ရှင်ရဲ့ ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံပြီး ထိုင်းနိုင်ငံမှာ ဆက်လက်အလုပ်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေ ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရေးနဲ့ နေရပ်ကို ပြန်လိုတဲ့ အလုပ်သမားတွေ စနစ်တကျနေရပ်ကို ပြန်လည်ပို့ဆောင်နိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံမှာ ယခုဖြစ်စဉ်ကဲ့သို့ ဖြစ်ပွားနေတဲ့ အခြားဖြစ်စဉ်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ထိုင်းနိုင်ငံ Sinburi မြို့ရှိ Lucky Spinning Co.,Ltd ချည်မျှင်လုပ်ငန်းဟာ နိုင်ငံခြားသားပိုင်ဆိုင်တဲ့ စက်ရုံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်မှာ ၎င်းတို့ရဲ့ထုတ်ကုန်တွေ ရောင်းအားကျဆင်းလာပြီး ထိုင်းအလုပ်သမားတွေ အပါအဝင် မြန်မာအလုပ်သမားတွေရဲ့ အင်အားကိုလျှော့ချပြီး နေရပ်ကို ပြန်လည်ပို့ဆောင်ခဲ့တဲ့ဖြစ်စဉ်နဲ့ ပတ်သက်ပြီး အလုပ်သမားတွေကို အလုပ်ထုတ်တဲ့အတွက် နစ်နာကြေးတစ်လစာပေးအပ်စေတဲ့အပြင် အဲဒီကုမ္ပဏီကိုလည်း Black list စာရင်း ထည့်သွင်းခဲ့ပါတယ်။

အလားတူ ထိုင်းအလုပ်သမားဝန်ကြီးဌာနက နိုင်ငံခြားသားအလုပ်သမားတွေ အလုပ်လုပ်ကိုင်ဖို့အတွက် ခွင့်ပြုထားတဲ့ လုပ်ငန်းအမျိုးအစား ၂၅ မျိုးကလွဲပြီး ကျန်လုပ်ငန်းတွေမှာ ဝင်ရောက်အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို အခုလက်ရှိမှာ စစ်ဆေးလျက်ရှိပါတယ်။ ဒီလိုစစ်ဆေးတဲ့နေရာမှာ အလုပ်ရှင်၊ အလုပ်သမား သဘောတူစာချုပ်ပါ လုပ်ငန်းခွင်မဟုတ်တဲ့ လုပ်ငန်းဌာနတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ၊ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (TR-38)ခေါ် ဘတ်ကတ်ခေါ် ပန်းရောင်ကတ်ပါ အလုပ်ရှင်အမည်မဟုတ်တဲ့ အလုပ်နေရာတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ၊ အထောက်အထားမပြည့်စုံတဲ့ အလုပ်သမားတွေကို ထိုင်းအစိုးရက စက်ရုံ၊ အလုပ်ရုံတွေကို ဝင်ရောက်စစ်ဆေးပြီး ဖမ်းဆီးပို့ဆောင်မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။

**မေး။ ။ မြန်မာအလုပ်သမားသံအရာရှိတွေရဲ့ ထိုင်းနိုင်ငံရောက် အလုပ်သမားတွေအပေါ်မှာ ဖြေရှင်းဆောင်ရွက်ပေးနေတဲ့အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ထိုင်းနိုင်ငံမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေကို ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၆၈၀၅၅၆ ဦးကို အထောက်အထားများ ထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ဇွန်လမှစ၍ ၂၀၁၆ ခုနှစ် ဇွန်လအထိ ၂၁၄၁၂၂ ဦးကို နားလည်မှုစာချွန်လွှာစနစ်နဲ့ ထိုင်းနိုင်ငံကို တရားဝင်စေလွှတ်နိုင်ခဲ့ပါတယ်။ ထိုင်းနိုင်ငံမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေနဲ့အညီ ခံစားခွင့်တွေကို အပြည့်အဝရရှိစေဖို့အတွက် ကာကွယ်စောင့်ရှောက်ပေးရာမှာ မြန်မာသံအမတ်ကြီးရဲ့ ကြီးကြပ်မှုနဲ့ အလုပ်သမား သံအရာရှိနှစ်ဦးကို ခန့်ထားဆောင်ရွက်လျက်ရှိပါတယ်။

ထိုင်းနိုင်ငံမှာ အလုပ်သမားတွေ အများအပြား ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိတာကြောင့် အလုပ်သမားသံအရာရှိတွေအနေနဲ့ မြန်မာသံရုံး၊ ထိုင်းနိုင်ငံမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အလုပ်သမားရေးရာ ကိစ္စတွေကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ဖြေရှင်းပေးလျက်ရှိပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံအတွင်း ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေကို CI ထုတ်ပေးနေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ထိုင်းနိုင်ငံမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေပြီး ထိုင်းနိုင်ငံကထုတ်ပေးထားတဲ့ ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(TR-38)၊ ဘတ်ကတ်ခေါ် ပန်းရောင်ကတ် ကိုင်ဆောင်ထားတဲ့ မြန်မာအလုပ်သမားတွေအနေနဲ့ နိုင်ငံသားအထောက်အထားတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကို နိုင်ငံသားစိစစ်ကာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးမှာဖြစ်ပြီး နိုင်ငံသားအထောက်အထား မတင်ပြနိုင်တဲ့ မြန်မာအလုပ်သမားတွေကိုတော့ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI)ကို ထိုင်းနိုင်ငံအတွင်းက နယ်မြေ ခြောက်ခုမှာ စခန်းတွေဖွင့်လှစ်ပြီး ထုတ်ပေးသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးသွားမယ့် ရေရှည်အစီအမံတွေနဲ့ပတ်သက်လို့ သိရှိလိုပါတယ်။**

ဖြေ။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်တဲ့ လုပ်ငန်းစဉ်တွေမှာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရယူခြင်း၊ သုတေသနနဲ့ လေ့လာရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပ အလုပ်သမားဈေးကွက်ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရန် တရားဝင်လမ်းကြောင်းများ ခွင့်ပြုပေးပြီး သွားလာမှုလွယ်ကူစေခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနဲ့ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်လျှော့ချခြင်း၊ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခြေခံအခွင့်အရေးများရရှိစေခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများနဲ့ ၎င်းတို့ရဲ့မိသားစုများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းမှ အတွေ့အကြုံ ကျွမ်းကျင်မှုနှင့် အသိပညာများရရှိစေခြင်းနှင့် ပြန်လည်မျှဝေပေးနိုင်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအရေးကိစ္စတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပရှိ လူမှုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ဒေသဖြစ်စေခြင်းစတဲ့ မူဝါဒတွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါမူဝါဒများနဲ့အညီ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသော အလုပ်သမားများအနေနဲ့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်နိုင်စေရေး၊ ကုန်ကျစရိတ်သက်သာစေရေး၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခံရမှုမှ လျော့နည်းပပျောက်စေရေးတို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Workers Resource Center-MRC)များ၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (Labour Exchange Offices)များ၊ Complaints Mechanism များနဲ့ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲတွေမှာ အလုပ်သမားတွေအတွက် ရွှေ့ပြောင်းအလုပ်အကိုင်နဲ့စပ်လျဉ်းပြီး သတင်းအချက်အလက်တွေကို ဖြန့်ဝေပေးခြင်း၊ တိုင်ကြားမှုတွေကို လက်ခံဖြေရှင်းပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်ပမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ အထောက်အထားမဲ့အလုပ်သမားတွေကို တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် အထောက်အထားများ ထုတ်ပေးခြင်းကိုလည်း သက်ဆိုင်ရာနိုင်ငံနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်အကိုင်အခွင့်အရေးတွေ ပိုမိုရရှိနိုင်ရေးအတွက် ကျွမ်းကျင်အလုပ်သမားများ စေလွှတ်နိုင်ရေး၊ ပြည်ပမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေ အခွင့်အရေးနဲ့ ကာကွယ်စောင့်ရှောက်မှုတွေ ပိုမိုရရှိနိုင်ရေး၊ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုပုံစံဖြစ်စေဖို့ အစိုးရဝန်ထမ်းတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အေဂျင်စီတွေ စတဲ့ ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသူတွေကို စွမ်းဆောင်မှုမြှင့်တင်တဲ့ သင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေပြုလုပ်ပေးရေး၊ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတဲ့ အေဂျင်စီတွေနဲ့ လူပုဂ္ဂိုလ်တွေကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ထိုင်းနိုင်ငံကို မြန်မာအလုပ်သမားအများအပြား ဘာကြောင့် သွားရောက်အလုပ်လုပ်ကိုင်ရတယ်ဆိုတာကို သိချင်ပါတယ်။**

ဖြေ။ ။ လက်ရှိအချိန်မှာ Globalization ဖြစ်စဉ်နဲ့အညီ ကမ္ဘာ့နိုင်ငံတွေရဲ့ စီးပွားရေးအခြေအနေ ပြောင်းလဲလာမှုတွေနဲ့အတူ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လူနေမှုအဆင့်အတန်း ကွာဟမှုစတဲ့ အမျိုးမျိုးသော အခြေအနေတွေကြောင့် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံကို အလုပ်အကိုင်ရှာဖွေဖို့ သွားရောက်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အရေအတွက်ဟာ တစ်နေ့တခြားတိုးတက်များပြားလာပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ အလုပ်သမားရှားပါးမှုပြဿနာကြုံတွေ့နေရတဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေက လိုအပ်လျက်ရှိတဲ့ အလုပ်သမားတွေကို ခေါ်ယူလျက်ရှိပါတယ်။

မြန်မာရွှေ့ပြောင်းအလုပ်သမားအများစုဟာ သတင်းအချက်အလက် မှန်ကန်စွာရရှိမှု အားနည်းခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း စတာတွေကြောင့် ပွဲစားတွေရဲ့ လိမ်ညာလှည့်စားမှုခံရပြီး အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်သွားရောက်လုပ်ကိုင်ဖို့ ပိုမိုအားထုတ်နေကြတာကို တွေ့ရပါတယ်။ တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းကြောင့် အလုပ်သမားတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ အကာအကွယ်တွေ ရရှိခံစားရမှုမရှိဘဲ လူ့အခွင့်အရေး

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့ဝန်ထမ်းများသည်လည်း ပြုပြင်ပြောင်းလဲကြရမည်ဖြစ်

**ဟသ်ာတ ဇူလိုင် ၁၀**

လွှတ်တော်ကို ပြည်သူလူထုက ယုံကြည်ကိုးစားမှ လွှတ်တော်အင်အား တောင့်တင်းမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စား တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရမည့်၊ အရေးဆိုပေးရမည့် ပြည်သူ့အစေခံများသာဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ဟသ်ာတမြို့ မြနဒီခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဟသ်ာတဒေသခံပြည်သူများတွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက က ထိုသို့ပြောကြား ခဲ့ခြင်းဖြစ်သည်။




ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ (၃)ရပ်အနက် ဥပဒေပြုရေးအာဏာကို လွှတ်တော်က ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အကျိုး ဖြစ်ထွန်းရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်သင့်သည့်ဥပဒေများကို ပယ်ဖျက်ခြင်း၊ ဆက်လက်ဆွေးနွေးသင့်သည့်ဥပဒေများကို ဆက်လက်ဆွေးနွေးခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားများကို အလေးထားပုံဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတို့ အတွက် လွှတ်တော်တွင် တိုင်ကြားစာကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်သူတို့၏ အမှန်တကယ်နစ်နာမှု များကို မိမိထံတိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြား ရာတွင် တိုင်ကြားချက်များသည် တိကျမှန်ကန်ရန် လိုအပ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ဆက်လက် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပြီး အဓိကတာဝန်မှာ ဥပဒေပြုရေးတာဝန်ပင်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုစေလိုကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ ပြည်သူ့ဝန်ထမ်းများသည်လည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးကို မေတ္တာစေတနာများဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါ့အတွက်ဘာရမည်လဲဟု စဉ်းစားသည်ထက် ငါဘာလုပ်ပေးနိုင်မည်လဲဟု ပထမဦးစွာ စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝေဖန်ထောက်ပြစရာရှိသည်များကို အပြုသဘောဆောင်၍ ဝေဖန်ထောက်ပြစေလိုပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ငြိမ်းချမ်းရေးသည်အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ငြိမ်းချမ်းရေးကို အထူးအလေးထားအားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် လွှတ်တော်၊ အစိုးရအဖွဲ့တို့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားခဲ့သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ တိုင်းဒေသကြီးလွှတ်တော်ကော်မတီ များတွင် ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီးဖွံ့ဖြိုးရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဟသ်ာတ၊ လေးမျက်နှာ၊ ဇလွန်၊ ကြံခင်း၊ မြန်အောင်နှင့် အင်္ဂပူမြို့နယ်တို့မှ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဟသ်ာတမြို့နယ် ယုန်သလင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း သမ္မဟခန်းမ၌ ယုန်သလင်းဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး ယုန်သလင်းအခြေခံပညာ အထက်တန်းကျောင်းအတွက် အလှူငွေကျပ် သိန်း ၁၂၀ ပေးအပ်လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ ကျွမ်းကျင်ပညာရှင်များဖြင့် စတင်ဖွဲ့စည်း

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အပါအဝင် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ကို ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စတင်ဖွဲ့စည်းလိုက် သည်။

အဆိုပါအာဏာပိုင်အဖွဲ့သည် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ခရီးသည်တင်ယာဉ်လိုင်းများ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုသာမက အခြားသောသယ်ယူပို့ဆောင်ရေးကဏ္ဍများကို လည်း စနစ်တကျအကောင်အထည်ဖော်ပြေးဆွဲ နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အာဏာပိုင်အဖွဲ့တွင် အတွင်းရေးမှူးအဖြစ် တာဝန် ယူဆောင်ရွက်မည့် ဒေါက်တာမောင်အောင်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီး သယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှုအာဏာပိုင်အဖွဲ့ကို ဇူလိုင် ၈ ရက်တွင် ဖွဲ့စည်းလိုက်ခြင်းဖြစ်ပြီး နာယကအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာ မောင်အောင်၊ အဖွဲ့ဝင်များအဖြစ် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် မြို့ပြရေးရာစီမံကိန်း ရေးဆွဲရေးလုပ်ငန်းများ၊ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍ စသည့်သယ်ယူပို့ဆောင်ရေးကဏ္ဍအသီးသီး မှ ကျွမ်းကျင်ပညာရှင်များ၊ အငြိမ်းစားအရာရှိကြီး များ၊ တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာတာဝန်ရှိ သူများအပါအဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

"ဇူလိုင် ၈ ရက်က စတင်ပြီး တရားဝင်ဖွဲ့စည်း လိုက်တာပါ။ ဝန်ကြီးချုပ်အပါအဝင် တိုင်းဒေသကြီး အဆင့် တာဝန်ရှိသူတွေ၊ ပြင်ပက ပညာရှင်တွေ ပါဝင်ပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေး ကဏ္ဍမှာ ခရီးသည်တင်ယာဉ်တွေကိုသာမကဘဲ ရေကြောင်းပို့ဆောင်ရေးတွေ၊ ရထားပို့ဆောင်ရေး တွေနဲ့ပါ ချိတ်ဆက်ပြီး ဆောင်ရွက်သွားမှာပါ" ဟု ဒေါက်တာမောင်အောင်က ရှင်းပြသည်။

အဆိုပါသယ်ယူပို့ဆောင်ရေးဆိုင်ရာ အာဏာ ပိုင်အဖွဲ့ ဖွဲ့စည်းခြင်းမပြုမီက ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ် ရေးဗဟိုကော်မတီ မထသ(ဗဟို)က ယာဉ်လိုင်းများကို ကြပ်မတ်ဆောင်ရွက်နေပြီး အခြားသော ယာဉ်လိုင်းအသီးသီးကလည်း ယာဉ် လိုင်းအလိုက်သာ ထိန်းသိမ်းကြပ်မတ်မှုများကို ဆောင်ရွက်နိုင်သည်ဟု သိရသည်။ ယခင်က ရန်ကုန်မြို့ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ ရေးကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းမှုကြီးကြပ် ရေးကော်မတီစသည့်ကော်မတီများဖြင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများကို ညှိနှိုင်းပေါင်းစပ်ကာ ဖြေရှင်း ဆောင်ရွက်ခဲ့သော်လည်း အာဏာပိုင်အဖွဲ့ကဲ့သို့ လုပ်ပိုင်ခွင့်အာဏာ၊ ထိရောက်သော ပညာပေးမှု၊ အရေးယူမှုနှင့် ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှုတို့တွင် လိုအပ်ချက်များရှိခဲ့ သည့်အတွက် အာဏာပိုင်အဖွဲ့အစည်း ဖွဲ့စည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက အကြံပြုကြသည်။

လက်ရှိအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍ စနစ်တကျအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် အာဏာပိုင်အဖွဲ့ အစည်းတစ်ရပ်ကိုဖွဲ့စည်းလိုက်ပြီး ဆက်လက်၍ လုပ်ငန်းကော်မတီများကိုဖွဲ့စည်းကာ ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုအာဏာ ပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင်လည်း ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး တိုင်း ဒေသကြီးအဆင့် တာဝန်ရှိသူများ မပါဝင်ခဲ့သော် လည်း ပြင်ပပညာရှင်များ၊ အငြိမ်းစားအစိုးရ အရာရှိကြီးများ ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော် အဆိုပါအဖွဲ့ကို ပြန်လည်ဖျက်သိမ်းခဲ့သည့်အတွက် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရ သည်။ ယခုအစိုးရသစ်လက်ထက် အသစ်ဖွဲ့စည်း လိုက်သော အာဏာပိုင်အဖွဲ့တွင် ယခင်အဖွဲ့မှ အဖွဲ့ဝင်တချို့ပါဝင်လာခဲ့ပြီး မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးအောင်မြင့်(ညွှန်ကြားရေးမှူး(ငြိမ်း) ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)တို့ ပြန်လည် ပါဝင်လာခဲ့ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

❒

# ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဘားအံ ဇူလိုင် ၁၀**

ကရင်ပြည်နယ် မြဝတီမြို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြဝတီခရိုင် အားကစားနှင့်ကာယပညာ ဦးစီးဌာနအမည်ဖြင့် နှစ် ၃၀ မြေငှားရန်ကျပြီး မြေပေါ်တွင် နေထိုင်လျက် ရှိသော နေအိမ်ခုနစ်လုံးအား ပြောင်းရွှေ့ဖယ်ရှားပေးနိုင်ရေးအတွက် ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးလွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်စင်အောင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေတို့ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်း၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ညှိနှိုင်းဆောင်ရွက်ရာတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အကွက် အမှတ်(ဂ)ဗမာစု ဦးပိုင်အမှတ်(၁၆) ဧရိယာ ၆ ဒသမ ၄၅၈ ဧကရှိ မြဝတီ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ခွင့်ပြုထားသော မြေပေါ်တွင် နေထိုင်သူအိမ်ထောင်စု ခုနစ်စု၏ အခက်အခဲနှင့် အခြေအနေများမေးမြန်းပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့်မြေနေရာမှ အပြီးပြောင်းရွှေ့ပေး ရန် ဝန်ခံကတိပြုစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြဝတီမြို့ အမှတ် (၅)ရပ်ကွက် မူလတန်းကျောင်း၊ အမှတ်(၂) အထက်တန်းကျောင်းခွဲ၊ အမှတ်(၂) အထက်တန်းကျောင်း၊ အမှတ်(၃)အလယ်တန်းကျောင်းခွဲများသို့ သွားရောက်ပြီး အားကစားနှင့်ပညာရေးပေါင်းစပ်အစီအစဉ်ဖြင့် ကျောင်းများတွင် အားကစား ကွင်းမြေနေရာ ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး အားကစားပစ္စည်းများအား ကျောင်း အုပ်ကြီးများနှင့် ဆရာများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အထက(၁) ကော့ကရိတ်၏ လန ၃၉ ကျပြီးမြေတွင် ပါဝင်နေသော ကော့ကရိတ်ခရိုင် အားကစားရုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အားကစားရုံအသစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ပညာရေးဌာနမှ အားကစားနှင့် ကာယ ပညာဦးစီးဌာနပိုင် မြေဂရန်လျှောက်ထားမှုအား ခွင့်ပြုပေးနိုင်ရေးအတွက် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးတော် ဆောင်များနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးသည် ကျုံဒိုးမြို့ ကုန်တင်/ကုန်ချရုံးသို့ သွားရောက်ပြီး အလုပ်သမားဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မှူခင်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အာယုဒီဃပရိယတ္တိဘုန်းတော်ကြီးကျောင်း အဂ္ဂမဟာကျောင်းဆောင်၌ မှုခင်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုရဲအုပ်နိုင်ဇော်လှက မှုခင်းကျဆင်းရေးကိုလည်းကောင်း၊ မြို့နယ်လျှပ်စစ်ဦးစီးအရာရှိ ဦးမျိုးသိန်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ အသိပညာဗဟုသုတများကိုလည်းကောင်း ဟောပြောပြီး ပျဉ်းမပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမိုးကြည်ဖြူက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**(ငွေးကြိုင်)**

# အလုပ်သမားဥပဒေပါ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲ မုံရွာ၌ကျင်းပ

**မုံရွာ ဇူလိုင် ၁၀**

အလုပ်သမားရေးရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးဦးသုံးဖလှယ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သလို နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပြီး အလုပ်ဌာနများတွင် လုပ်ကိုင်ကြသည့် လုပ်သားအင်အားစုများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ကြည်က ဇူလိုင် ၉ ရက်က မုံရွာခရိုင်စီမံခန့်ခွဲရေးရုံး လွှတ်တော်ခန်းမ၌ ကျင်းပသည့် အလုပ်သမားဥပဒေပါသိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးနှင့် အလုပ်သမားရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်က အလုပ်သမားဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းတင်ပြပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

"အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနအနေနဲ့ အလုပ်ရှင်နဲ့ အလုပ်သမားနှစ်ဦးနှစ်ဖက်မျှတတဲ့ အလုပ်သမားကျင့်စဉ်တွေ ဖြစ်ထွန်းရှင်သန်စေဖို့ တည်ဆဲအလုပ်သမား ဥပဒေရေးရာတွေ၊ အသစ်ထုတ်ပြန်တဲ့ အလုပ်သမားဥပဒေရေးရာတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်း အမိန့်ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ပေးနေတာကိုတွေ့ရတယ်။ အလုပ်သမားတွေအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ ဥပဒေမှာပါတဲ့အကျိုးခံစားခွင့်ရရှိဖို့ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကောင်းကျိုးတွေခံစားနိုင်ဖို့ လုပ်ငန်းခွင်အခြေအနေ ပိုမိုကောင်းမွန်လာအောင် ဖန်တီးပေးလိုက်တာနဲ့ကုန်ထုတ်စွမ်းအားတွေ တိုးတက်လာမှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးအစိုးရ စည်ပင်သာယာရေးနှင့် အလုပ်သမားရေးရာဝန်ကြီးက ပြောကြားသည်။

အခမ်းအနားတွင် စည်းကြပ်သည့်ဥပဒေများနှင့် ပတ်သက်၍ အလုပ်သမားရေးရာ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငွေးငွေးမြင့်က ဆွေးနွေးပြောကြားပြီး အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေအကြောင်းကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မွန်အောင်က ဆွေးနွေးပြောကြားကာ လူမှုဖူလုံရေးဥပဒေအကြောင်းကို လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းဦးက ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ဝါသီးနှံမျိုးသန့်ခြံ(ချောင်းမကြီး)မှ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးကြိုချည်မျှင်ရှည်ဝါ တောင်သူပညာပေးကွင်းဆင်း သရုပ်ပြ

**ပျော်ဘွယ် ဇူလိုင် ၁၀**

စိုက်ပျိုးရေးဦးစီးဌာန ပျော်ဘွယ်မြို့နယ် ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံမှ ၂၀၁၆-၂၀၁၇ မိုးကြိုချည်မျှင်ရှည်ဝါ သုတေသနစိုက်ခင်းရှိ ရွှေတောင်(၈)၊ ငွေချည်(၉)၊ ချည်မျှင်ရှည်ဝါ မိဘမျိုးသန့်မျိုးပွားစိုက်ခင်း၊ ဆင့်ပွားမျိုးသန့်မျိုးပွားစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အဆိုပါ မျိုးသန့်ခြံ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလင်းမြတ်၊ ရွှေတောင်ဝါသုတေသနနှင့် မျိုးသန့်ခြံတာဝန်ခံ ဦးစိုးသိန်းတို့က ငွေချည် (၆)၊ ရွှေတောင်(၈)၊ ငွေချည် (၉) ဝါမျိုးများထုတ်လုပ်နိုင်မှု အခြေအနေများ၊ ရာသီဥတုနှင့်ကိုက်ညီပြီး တောင်သူဝင်ငွေတွက်ခြေကိုက်သည့် ဝါမျိုးသစ်များပေါ်ထွက်လာရေးတို့အတွက် သုတေသနပြုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဂွမ်းမွေးနှင့် ချည်အရည်အသွေးစမ်းသပ်ခန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာအေးက ဝါသီးနှံများတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများ၊ အသုံးပြုရမည့် ပိုးသတ်ဆေးများအကြောင်း ရှင်းလင်းဆွေးနွေးပြီး ချောင်းမကြီးဝါသီးနှံမျိုးသန့်ခြံတာဝန်ခံ ဒေါ်ဖြိုးဖြိုးမိုးက မျိုးသန့်အဆင့်တိုးမြှင့်ထားသည့် ငွေချည်(၆)၊ ရွှေတောင်(၈)၊ ငွေချည် (၉)ချည်မျှင်ရှည်ဝါမျိုးသန့်မျိုးစေ့များကို တောင်သူများထံသို့ ဖြန့်ဖြူးပေးနိုင်မှု၊ အထွက်နှုန်း၊ အရည်အသွေးကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်သုံးစွဲရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့်တောင်သူများက မျိုးသန့်ခြံအတွင်း စိုက်ပျိုးထားသည့် ဝါစိုက်ခင်းများအား ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ခြံတာဝန်ခံနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြန်လည်ဖြေကြားကာ ဝါသီးနှံသိပ္ပံနည်းကျစိုက်နည်းစနစ်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

■ **စာမျက်နှာ ၇ မှ**

ဆုံးရှုံးနစ်နာမှုတွေရှိတာကြောင့် နိုင်ငံတော်အနေနဲ့ ပြည်ပရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို အထောက်အထားထုတ်ပေးရေးနဲ့ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ် လုပ်ကိုင်လိုတဲ့ မြန်မာအလုပ်သမားတွေကို တရားဝင်လမ်းကြောင်းနဲ့ စေလွှတ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၂၀၀၃ ခုနှစ်၊ ထိုင်းနိုင်ငံနှင့် အလုပ်သမားများ အလုပ်ခန့်ထားခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၀ ခုနှစ် ဇွန်လမှစတင်ပြီး တရားဝင်စေလွှတ်ရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဇွန်လအထိ ၂၁၄၁၂၂ ဦး စေလွှတ်ခဲ့ပြီး ဖြစ်ပါတယ်။

## ထိုင်းနိုင်ငံ အလုပ်အကိုင်ရှာဖွေရေးဌာနမှ ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်က ထုတ်ပြန်သော နိုင်ငံခြားသားအလုပ်သမားများ လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းအမျိုးအစားများ

၁။ ရေလုပ်သားလုပ်ငန်း
၂။ ရေထွက်ပစ္စည်းနှင့် ပတ်သက်သည့်လုပ်ငန်း
၃။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း
၄။ ဆောက်လုပ်ရေးလုပ်ငန်း
၅။ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်သောလုပ်ငန်း
၆။ သားသတ်လုပ်ငန်း
၇။ Recycle လုပ်ငန်း
၈။ ကျောက်ထုတ်လုပ်သော လုပ်ငန်း
၉။ သတ္တုထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၀။ စားသောက်ဆိုင်လုပ်ငန်း
၁၁။ ကျောက်နှင့်ပတ်သက်သည့် ပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၂။ ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၃။ ကျောက်ဆစ်လုပ်ငန်း
၁၄။ အဝတ်အစား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၅။ ပလတ်စတစ်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
၁၆။ စက္ကူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း
၁၇။ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း
၁၈။ ရေကြောင်းကုန်စည်ပို့ဆောင်ခြင်း လုပ်ငန်း
၁၉။ လက်လီ၊ လက်ကားဈေးရောင်းဝယ်ခြင်း လုပ်ငန်း
၂၀။ ကားရေဆေးနှင့် ပြုပြင်ရေးလုပ်ငန်း
၂၁။ ဆီဆိုင်နှင့် ဓာတ်ငွေ့ဆိုင်လုပ်ငန်း
၂၂။ ပညာရေး၊ လူမှုရေး၊ ဆေးရုံဆေးပေးခန်းဌာနလုပ်ငန်း
၂၃။ အခြားအထွေထွေဝန်ဆောင်မှုလုပ်ငန်းများ (အလုပ်သမားပုတ်ပြတ်လုပ်ငန်းများမပါ)
၂၄။ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်း
၂၅။ အိမ်အကူလုပ်ငန်း

## ဝန်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်(၁)ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## လမ်းတံတားနှင့် စိုက်ပျိုးမြေကမ်းပြိုကာကွယ်ရေး သံဆန်ခါနှင့် ကျောက်စီကမ်းထိန်းတမံတည်ဆောက်

**ကသာ ဇူလိုင် ၁၀**

ခရီးသွားလုပ်ငန်း အသုံးပြုနေရသော လမ်းတံတားနှင့် စိုက်ပျိုးမြေကမ်းပြို ကာကွယ်ရေးသံဆန်ခါကာခြင်းနှင့် ကျောက်စီ ကမ်းထိန်းတမံ တည်ဆောက်ရေးလုပ်ငန်းကို ကသာမြို့နယ် ခရိုင်ချင်းဆက်လမ်းရှိ လမ်းခွ ကျေးရွာအနီးတွင် ကသာခရိုင်လမ်းဦးစီးဌာန ရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

ထို့ပြင် steel basket ကမ်းထိန်းနံရံ အလျား ပေ ၄၃၀ ကျောက်ဖြည့်သံဆန်ခါကာခြင်း၊ ရေလွှဲရေကာ နှစ်ခု ၁၆၅ ပေ တံတားအောက်ခြေကမ်းကပ်ခုံအောက်ခြေရေ တိုက်စားမှုကာကွယ်ရေးအတွက် ကျောက်စီ သံဆန်ခါလုပ်ငန်း ပေ ၇၀ နှင့် တံတားအဝင် ရေလမ်းကြောင်းကောင်းမွန်ရေး ရေလွှဲမြောင်းတူးဖော်ခြင်း ပေ ၅၀၀ ကျော်ခန့် တူးဖော်ဆောင်ရွက်ထားရှိချိန် ချောင်းရေ နှစ်ကြိမ်ကျဆင်းခဲ့သော်လည်း ရေတိုက်စားကမ်းပြိုမှုမရှိကြောင်း သိရသည်။

ယခုလို ကမ်းထိန်းတမံဆောင်ရွက်ထားရှိခြင်းကြောင့် စိုက်ပျိုးလယ်ယာမြေနှင့် ခရီး သွားအသုံးပြုနေရသောလမ်းကို ရေတိုက်စားမှုမရှိအောင် ပြုလုပ်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်း အနီးရှိ လယ်သမားတစ်ဦးက ပြောသည်။

အဆိုပါရေထိန်းတမံ သံဆန်ခါကာခြင်း၊ မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းကို ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ဦးကျော်ကျော်အုန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဦးဝင်းအောင်၊ မြို့နယ်လမ်းတံတား ဦးစီးဌာန ဦးသူရစိုးနှင့် ခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က ဇူလိုင် ၃ ရက်က ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## အမြန်လမ်းတွင် လိုက်ထရပ်ယာဉ် တိမ်းမှောက် နှစ်ဦးသေ၊ ၂၉ ဦး ဒဏ်ရာရ



**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၃၉/၁)နှင့် (၂၃၉/၂)အကြား ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း ညွန့်ဝင်း မောင်းနှင်လာသော လိုက်ထရပ်ယာဉ်သည် ယနေ့မွန်းလွဲ ၁ နာရီခန့်က အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၁ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ထရပ်ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ယာဘက် တံခါးပြုတ်၊ ယာဉ်နောက်ကြည့်မှန်ပြုတ်၊ အမိုးပိန်ချိုင့် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၂၀ ကျော်ဖိုးခန့် ဆုံးရှုံးခဲ့ပြီး သေဆုံးဒဏ်ရာရရှိသူများကို တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ညွန့်ဝင်းအား ဘုရားတောင်အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# ရန်ကုန်မြို့တွင်းရှိခြောက်နေရာတွင် စတီးသံဆန်ခါများတပ်ဆင်မည်ဖြစ်ကာ အချို့နေရာရှိ ကွန်ကရစ်တုံးများကို ဖယ်ရှားမည်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်မြို့တွင်းရှိ နေရာခြောက်ခုတွင် စတီးသံဆန်ခါများကို ယခုလအတွင်း စတင်တပ်ဆင်မည်ဖြစ်ကာ နေရာအချို့တွင် ချထားသော ကွန်ကရစ်တုံးများကိုလည်း ပြန်လည်ဖယ်ရှားမည်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"စတီးသံဆန်ခါတွေ တပ်ဆင်တာနဲ့ ကွန်ကရစ်တုံးတွေ ဖြုတ်သိမ်းတာကို စည်ပင်ကအမြန်ဆုံးဆောင်ရွက်မယ်။ ပြီးရင် ပြည်လမ်းနဲ့ပါရမီလမ်းဆုံမီးပွိုင့်ကို ယာဉ်ကြောသွားလာမှုအဆင်ပြေစေဖို့ Auto မီးပွိုင့်အစား Manual မီးပွိုင့်စနစ်ကို ကျင့်သုံးသွားမှာပါ" ဟု ၎င်းက ပြောသည်။

စတီးသံဆန်ခါတပ်ဆင်မည့်နေရာများမှာ လှည်းတန်းခုံးကျော်တံတားအဆင်းမှပါရမီလမ်းဆုံအထိ၊ ရွှေဂုံတိုင်ခုံးကျော်တံတားအဆင်းမှ ဆရာစံလမ်းဆုံအထိ၊ ဆရာစံမီးပွိုင့်မှ ကုက္ကိုင်းခုံးကျော်တံတား အတက်နေရာအထိ၊ ရွှေဂုံတိုင်ခုံးကျော်တံတားအဆင်းမှ စက်မှု(၁)မီးပွိုင့်အထိ၊ ကျောက်မျက်ပြတိုက်ရှေ့မှ ကမ္ဘာအေးဘုရားရှေ့အထိနှင့် ဗဟန်း(၃)လမ်းထိပ်တို့တွင် ကွန်ကရစ်တုံးများအစား အများပြည်သူ အမြင်တင့်တယ်စေမည့် စတီးသံဆန်ခါများတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြေနီကုန်းခုံးကျော်တံတားအဆင်းမှ ပါရမီလမ်းဆုံမီးပွိုင့်အထိ ကွန်ကရစ်တုံးများချထားသည့်နေရာများတွင် လမ်းလယ်ကျွန်းပန်းခုံများအစားထိုးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာအေးဘုရားလမ်းပေါ်ဘုရားကျောင်းမှတ်တိုင်အနီးမှ ချမ်းမြေ့ရိပ်သာဘုန်းကြီးကျောင်း အရှေ့အထိခင်းထားသော ကွန်ကရစ်တုံးများကို ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ပါရမီမီးပွိုင့်အလွန် လူမှုဝန်ထမ်းကျောင်းရှေ့မှ ကျောက်မျက်ပြတိုက်ရှေ့အထိ ခင်းထားသော ကွန်ကရစ်တုံးများကို ယာဉ်ကြောရှုပ်ထွေးမှုမဖြစ်စေရန် ဖြုတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ရဲဝင်း)**



# ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေယာဉ်ခရီးစဉ်များ သုံးရက်ကြာရပ်နား

**မုံရွာ ဇူလိုင် ၁၀**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေအမှတ်အထက်သို့ ရောက်ရှိလျက်ရှိရာ ခရီးသွားပြည်သူများ၊ ကုန်စည်များ သွားလာစီးဆင်းမှုတွင် မတော်တဆမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီက ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို သုံးရက်ကြာ ရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မစိန်ကျေးရွာနားရှိမစိန်ဝဲ၊ ကလေးဝမြို့နယ်ရှိပေဝဲ၊ မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာရှိ ဝက်သိုက်ဝဲ၊ ဘုတလင်မြို့နယ်ရှိ ရွှေစာရေးဝဲတို့သည် မြစ်ရေကြီးချိန်များတွင် သင်္ဘောများ သွားလာရအခက်အခဲရှိသဖြင့် ခရီးစဉ်များကို ခေတ္တရပ်နားခြင်းဖြစ်သည်။

"ချင်းတွင်းမြစ်ရေက ဒီနေ့မနက် ၉ နာရီတွင် မုံရွာမြို့မှာ ၉၉ ဒသမ ၁ စင်တီမီတာကို ရောက်နေပြီ ကလေးဝမှာလည်း စိုးရိမ်ရေအမှတ်ကျော်နေပြီဆိုတော့ ခရီးတစ်လျှောက်မှာ အန္တရာယ်မဖြစ်စေရေးအတွက် ခရီးစဉ်ကို ခေတ္တရပ်နားထားမှာပါ။ ဒီနှစ်က ချင်းတွင်းမြစ်ရေတက်ချိန်နှစ်ပတ်လောက်စောတယ်လို့ ပြောရမယ်။ မြစ်ရေကျသွားရင်တော့ ချက်ချင်း ပြန်ပြေးဆွဲခွင့်ပေးမှာပါ။ မြစ်ရေတက်ချိန်ကြာရင်တော့ လမ်းကြောင်း အခြေအနေအရထပ်ပြီးပိတ်သင့်ရင်ပိတ်ရမယ်။ ဧရာဝတီမြစ်ရေ မထောက်တဲ့အတွက် ရေယာဉ်လိုင်းတွေ ပိတ်ရက်သိပ်ပြီးမကြာနိုင်ဘူးလို့ထင်တယ်။ အခုသုံးရက်ပိတ်ထားမယ်။ မြစ်ရေပြန်ကျရင်တော့ ပြေးဆွဲမှုတွေကို အမြန်ဆုံးပြန်လည်ခွင့်ပြုပေးသွားမှာပါ"ဟု မြို့နယ်ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းမြစ်အတွင်း မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်အမြန်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ် ၅၈၆ စင်းသည် နေ့စဉ် အပတ်စဉ် အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိရာ ယခုအချိန်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ခရီးလမ်းတစ်လျှောက်တွင် အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ခရီးစဉ်အားလုံးကို ခေတ္တရပ်နားထားခြင်းဖြစ်ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

# အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု လျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မှ မိတ္ထီလာ၌ အခမဲ့ကုသ

**မိတ္ထီလာ ဇူလိုင် ၁၀**

မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံအမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးမြို့)မှ ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ (ပထမအကြိမ်) အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးမြို့)မှ သားဖွားနှင့်မီးယပ်ပညာဌာန ပါမောက္ခဒေါ်သက်သက်မြင့် ဦးဆောင်၍ ခွဲစိတ်ဌာန၊ သားဖွားနှင့်မီးယပ်ပညာဌာန၊ သွားဘက်ဆိုင်ရာဌာနနှင့် အထွေထွေရောဂါကုဌာနတို့မှ ပါမောက္ခများနှင့် မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများစုပေါင်း၍ မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံအမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေးအတွက် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မည့် အရွယ်မတိုင်မီ အိမ်ထောင်ပြုသူများ၊ အိမ်ထောင်နှစ်ဆက်ပြုသူများနှင့် သားသမီးငါးယောက်နှင့် အထက်ရှိသူများအား သားအိမ်ခေါင်ကင်ဆာ စောစီးစွာရှာဖွေနည်းဖြင့် စစ်ဆေးပေးရာ ရောဂါလက္ခဏာရှိသူများအား သေနတ်ပစ်ကုထုံးနည်းဖြင့် ကုသပေးခဲ့ပြီး ရောဂါလက္ခဏာရှာဖွေမတွေ့ရှိသူများကိုလည်း နောက်ငါးနှစ်တွင် ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်သည်။

အဆိုပါ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေးအတွက် သားအိမ်ခေါင်းကင်ဆာစစ်ဆေးရာဌာနဖြစ်သည့် ဆေးရုံကြီးသို့ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်နှင့် နတ်မောက်မြို့နယ်များမှ လာရောက်ပြသကြသည့် သားအိမ်ခေါင်းကင်ဆာရောဂါ စစ်ဆေးသူ ၉၀ ခန့်အား စစ်ဆေးပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးမြို့) ခွဲစိတ်ပညာဌာနမှ ပါမောက္ခများဖြစ်ကြသည့် ဦးရှိန်မြင့်၊ ဦးထွန်းထွန်းဦးနှင့် ဦးခင်မောင်လွင်တို့က ဆေးပညာဆိုင်ရာခွဲစိတ်ပညာနှင့်ပတ်သက်၍ မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများအား Projector ဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောက်တန်းမြို့ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်း

**ကျောက်တန်း ဇူလိုင် ၁၀**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့အမှတ်(၇) လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး (ယာယီ)



ကျော်ဇင်၏ လမ်းညွှန်မှုဖြင့် ဌာနချုပ်တပ်ခွဲမှူး (ယာယီ) ရဲမှူးဟိန်းမင်းထက်၊ တပ်ထောက်အရာရှိ ဒု-ရဲမှူးသန်းထွန်းတို့ ဦးဆောင်ကြီးကြပ်၍ အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၁၃၇ ဦးသည် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံးကြီးဝင်းအတွင်း သစ်ပင်ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ယနေ့နံနက် ၇ နာရီခွဲမှ ၉နာရီခွဲအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆင်း

**ပေါင် ဇူလိုင် ၁၀**

သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ ညောင်တုန်းလေးကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ပေးခဲ့ရာ အဆိုပါသင်တန်းဆင်းပွဲကို ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများ၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ သင်တန်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာပညာ၊ လက်သမားပရိဘောဂအတတ်ပညာ၊ ဆိုင်ကယ်ပြုပြင်ခြင်းပညာနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်းပညာစသည်တို့ကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် ဇူလိုင်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် ဒုတိယ ၁၀ ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံ မြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဒုတိယ ၁၀ ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် ကျဆင်းလာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် မြင့်တက်နိုင်သည်။

# ဂျပန်အထက်လွှတ်တော်ရွေးကောက်ပွဲ၌ ပြည်သူများ မဲပေးကြပြီ

**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံ၌ အထက်လွှတ်တော်အမတ်များကို ရွေးချယ်နိုင်ရန် ဇူလိုင် ၁၀ ရက်တွင် ပြည်သူများ မဲပေးလျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍လည်းကောင်း၊ ဂျပန်နိုင်ငံ၏ စစ်အင်အားတိုးချဲ့မှုကို ပိတ်ပင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြင်ဆင်ချက်ပြုလုပ်လိုသော ၎င်း၏ရည်မှန်းချက်နှင့် ပတ်သက်၍လည်းကောင်း မဲဆန္ဒရှင်ပြည်သူများက သံသယပွားမှုရှိနေလင့်ကစား အာဏာရညွန့်ပေါင်းအဖွဲ့သည် ရွေးကောက်ပွဲတွင်အောင်ပွဲခံမည့် အလားအလာများ ပေါ်ထွက်နေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဝန်ကြီးချုပ် အာဘေး၏ ညွန့်ပေါင်းအဖွဲ့သည် အမတ်နေရာ ၂၄၂ နေရာရှိ အထက်လွှတ်တော်၏ အမတ်နေရာ ၁၂၁ နေရာအတွက် ရွေးချယ်နိုင်ရန် ကျင်းပသော ရွေးကောက်ပွဲတွင် ရှုံးနိမ့်မည့်လက္ခဏာမရှိပေ။

ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေးကာလအတွင်း အမတ်လောင်းများနှင့် ပါတီခေါင်းဆောင်များက ဝန်ကြီးချုပ် အာဘေး၏ စီးပွားရေးမူဝါဒများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ထည့်သွင်းရေးနှင့် အမျိုးသားလုံခြုံရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဟောပြောခဲ့ကြသည်။

အာဘေး၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့် ယင်း၏မဟာမိတ် ကိုမေတိုးပါတီတို့သည် ပါဝင်ယှဉ်ပြိုင်သည့် အမတ်နေရာများအနက် ၆၁ နေရာထက် မနည်းသော အမတ်နေရာအများစုကိုရရှိရန် မျှော်မှန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြင်ဆင်ချက်တစ်ရပ်ထည့်သွင်းနိုင်ရေးအတွက် အဆိုပြုနိုင်ရန် အာဘေး၏ ညွန့်ပေါင်းအဖွဲ့အနေဖြင့် ပါလီမန်ရှိ လွှတ်တော်နှစ်ရပ်စလုံးတွင် အမတ်သုံးပုံနှစ်ပုံ အများစုအနေအထား ရရှိရန် လိုအပ်သည်။ **ရိုက်တာ။**





# အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီ တန်ဇန်းနီးယားသမ္မတနှင့် တွေ့ဆုံဆွေးနွေး

**ဒါရက်ဆလမ် ဇူလိုင် ၁၀**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် ဇူလိုင် ၁၀ ရက်တွင် တန်ဇန်းနီးယားနိုင်ငံ သမ္မတ ဂျွန် ပွမ်ဘီ ဂျိုးဇက် မာဂူဖူလီနှင့် တွေ့ဆုံဆွေးနွေးသည်။ ၎င်းတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ရည်မှန်းချက်နှင့် စီးပွားရေးဆိုင်ရာကိစ္စများကို အထူးပြုဆွေးနွေးကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဒါရက်ဆလမ်မြို့ရှိ အစိုးရအိမ်တော်သို့ ၎င်းရောက်ရှိချိန်တွင် ရိုးရာအစဉ်အလာနှင့်အညီ ကြိုဆိုပွဲအခမ်းအနားကျင်းပရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီက သဘောတူညီခဲ့သည်။ အဆိုပါအခမ်းအနားတွင် ဝန်ကြီးချုပ် မိုဒီနှင့် သမ္မတ မာဂူဖူလီတို့က တစ်မိနစ်နီးပါးကြာမျှ ဗုံတီးခဲ့ကြသည်။

အိန္ဒိယဝန်ကြီးချုပ်နှင့် တန်ဇန်းနီးယားသမ္မတတို့ တွေ့ဆုံဆွေးနွေးမှုကို ဒါရက်ဆလမ်မြို့ရှိ အစိုးရအိမ်တော်၌ ပြုလုပ်ခဲ့ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗီကတ်စ် ဆွာရက်၏ တွစ်တာစာမျက်နှာတွင် ဖော်ပြသည်။

အာဖရိကတိုက်အရှေ့ပိုင်းလေးနိုင်ငံသို့ ခရီးထွက်ခွာလာသော အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ၎င်း၏တတိယမြောက်ခရီးထောက်အဖြစ် တန်ဇန်းနီးယားနိုင်ငံသို့ ဇူလိုင် ၉ ရက်ည နှောင်းပိုင်းတွင် ရောက်ရှိလာခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်သည် တန်ဇန်းနီးယားနိုင်ငံမှ ကျေးလက်အခြေပြု အမျိုးသမီးအင်ဂျင်နီယာများအဖွဲ့နှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ အိန္ဒိယအစိုးရ၏အထောက်အပံ့ဖြင့် နေစွမ်းအင်သုံး မီးအိမ်နှင့် အိမ်သုံးနေစွမ်းအင် မီးထွန်းစနစ်များအတွက် နေစွမ်းအင်ဒီဇိုင်းပုံစံရေးဆွဲရေး၊ တပ်ဆင်ရေး၊ အသုံးပြုရေး၊ ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးများကို သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ဆီးရီးယား ရဟတ်ယာဉ်တစ်စင်းကို စစ်သွေးကြွများပစ်ချ

**ပါလ်မိုင်ယာ ဇူလိုင် ၁၀**

ဆီးရီးယားနိုင်ငံပါလ်မိုင်ယာမြို့အနီး ဆီးရီးယားရဟတ်ယာဉ်တစ်စင်းကို စစ်သွေးကြွများက မြေပြင်မှ လက်နက်ကြီးဖြင့်ပစ်ချခဲ့ရာ ရုရှားလေယာဉ်မောင်းနှစ်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း အင်တာဖက်စ်သတင်းဌာနက ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားပြီးသတင်းဖော်ပြသည်။

ဇူလိုင် ၈ ရက်မှစပြီး အဆိုပါ ဆီးရီးယားပိုင် မီ-၂၅ စစ်ရဟတ်ယာဉ်သည် ဟွမ်းစ်ဒေသအတွင်း အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းနေစဉ် စစ်သွေးကြွများက လက်နက်ကြီးဖြင့် ပစ်ချခဲ့ခြင်းဖြစ်သည်။

ယင်းစစ်ရဟတ်ယာဉ်ကို စစ်သွေးကြွများက မြေပြင်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ပြီး မြေပြင်ပေါ်သို့ ရဟတ်ယာဉ်ပျက်ကျသွားသည့်ဖြစ်စဉ်ကို အာမက်စ်သတင်းဌာန၏ ဗီဒီယိုမှတ်တမ်းတစ်ခုတွင် ပြသခဲ့သည်။

လွန်ခဲ့သည့်နှစ်မှစပြီး ရုရှားတပ်ဖွဲ့များသည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို ထောက်ပံ့ပေးသည့်အနေဖြင့် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းကာ ဆီးရီးယားပဋိပက္ခအတွင်းသို့ စတင်ပါဝင်ဆင်နွှဲခဲ့သည်။ **ရိုက်တာ။**



# အသတ်ခံရသော အမေရိကန်သတင်းထောက်၏မိသားစု ဆီးရီးယားအစိုးရကိုတရားစွဲ

**ဘေရွတ် ဇူလိုင် ၁၀**

၂၀၁၂ ခုနှစ်က ဆီးရီးယားနိုင်ငံတွင်သတ်ဖြတ်ခံခဲ့ရသော အမေရိကန်သတင်းထောက် မာရီကိုဗင်၏ မိသားစုဝင်များက ဆီးရီးယားအစိုးရကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံမှုဖြင့် အမေရိကန်တရားရုံးတွင် တရားစွဲခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဇူလိုင် ၉ ရက်တွင် ဖော်ပြသည်။

ကိုဗင်နှင့် ဓာတ်ပုံဆရာ ရာမီအိုလစ်တို့သည် ၂၀၁၂ခုနှစ်က ဝိုင်းရံခြင်းခံထားရသော ဆီးရီးယားနိုင်ငံ ဟွမ်းစ်မြို့တော်အတွင်း သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ဝါရှင်တန်ရှိ တရားရုံးတွင် စွဲဆိုထားသော အဆိုပါအမှုတွင် ဖော်ပြချက်အရ ဆီးရီးယားတာဝန်ရှိသူများသည် ၎င်းတို့နှစ်ဦး အလုပ်လုပ်ကိုင်နေသော အသံလွှင့်စတူဒီယိုကို ပစ်မှတ်ထားပြီး ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြသည်။

နယူးယောက်တိုင်းမ်သတင်းစာ၏ အွန်လိုင်းဆောင်ပါးတစ်ခု၏ဖော်ပြချက်တွင် ဆီးရီးယားအစိုးရအနေဖြင့် ယခုကဲ့သို့ သတ်ဖြတ်မှုကျူးလွန်ခြင်းမှာ နိုင်ငံရေးအတိုက်အခံများအား နှိပ်ကွပ်ရန်နှင့် ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများကို နှုတ်ဆိတ်နေစေရန် ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ယခုတရားစွဲဆိုမှုကို ထောက်ခံခဲ့သည်။

၎င်းအဖွဲ့၏ အတွင်းရေးမှူးချုပ်ဖြစ်သူ ခရစ္စတိုဖာဒယ်လိုရီက ယခုကဲ့သို့ တရားစွဲဆိုမှုသည် အမှန်တရားပေါ်ပေါက်လာစေရန် ကြိုးပမ်းချက်တစ်ခုဖြစ်ပြီး ၎င်းအမှုမှ သတင်းထောက်နှစ်ဦးမှာ ဆီးရီးယားအစိုးရ၏ ပြည်သူများအပေါ် ကျူးလွန်သော အမှုများကို သတင်းအချက် အလက်စုံစမ်းသည့်အတွက် အသတ်ခံခဲ့ရကြောင်းပြောကြားသည်။ **ရိုက်တာ။**





ဗြိတိန် ဒုတိယဝန်ကြီးချုပ်ဟောင်း ဂျွန်ပရက်စကော့

# အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့မှု ဥပဒေနှင့်မညီဟု ဗြိတိန် ဒုတိယဝန်ကြီးချုပ်ဟောင်းပြော

**လန်ဒန် ဇူလိုင် ၁၀**

၂၀၀၃ ခုနှစ်က အီရတ်နိုင်ငံကို အမေရိကန်ပြည်ထောင်စုနှင့်အတူ ကျူးကျော်တိုက်ခိုက်ခဲ့သော ဗြိတိန်နိုင်ငံ၏လုပ်ဆောင်ချက်သည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဗြိတိန်ဒုတိယဝန်ကြီးချုပ်ဟောင်း ဂျွန်ပရက်စကော့က ပြောကြားလိုက်သည်။

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲတွင် အမေရိကန်နှင့်အတူ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ခြင်းသည် ထိုစဉ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူထားသူ တိုနီဘလဲအနေဖြင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပရက်စကော့က ဇူလိုင် ၁၀ ရက်ထုတ် ဆန်းဒေးမေရာသတင်းစာတွင် ရေးသားဖော်ပြသည်။

အီရတ်စစ်ပွဲသည် တရားဥပဒေနှင့်ညီညွတ်မှုမရှိဟုဆိုသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ပြောကြားချက်ကို မိမိထောက်ခံကြောင်း ပရက်စကော့၏ ဆောင်းပါးတွင် ဖော်ပြထားသည်။ သို့ရာတွင် တိုနီဘလဲကမူ အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့ရခြင်းနှင့် ပတ်သက်၍ ၎င်း၏ဆုံးဖြတ်ချက်ကို ကာကွယ်ပြောကြားခဲ့သည်။

အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းသည် တရားဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ အစိုးရအဖွဲ့အတွင်း အကျေအလည်ဆွေးနွေးခြင်း မပြုနိုင်ရန် တိုနီဘလဲက တားမြစ်ပိတ်ပင်ခဲ့သည့် အချက်အလက်နှင့်ပတ်သက်၍လည်း ပရက်စကော့က ဝေဖန်ထားသည်။

အီရတ်စစ်ပွဲကို ဆင်နွှဲခြင်း၏ အဓိကဦးတည်ချက်အဖြစ် အီရတ်နိုင်ငံ၌ ခေါင်းဆောင်အပြောင်းအလဲဖြစ်ပေါ်ရေးဟူသောအချက်မှာလည်း တရားဥပဒေနှင့် ညီညွတ်မှုမရှိဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၂၀၀၄ ခုနှစ်တွင် ပြောကြားခဲ့ကြောင်း၊ သူ၏ပြောဆိုချက်မှန်ကန်ပုံကို ယခုအခါတွင် မိမိအနေဖြင့် ဝမ်းနည်းစိတ်ဖြင့်ရော ဒေါသစိတ်ဖြင့်ပါ ထောက်ခံပြောကြားလိုကြောင်း ဂျွန်ပရက်စကော့က ရေးသားဖော်ပြသည်။ **ရိုက်တာ။**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁- ၇ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-ပြည်သူ့နီတိ(ပွဲညွှန့်)
-ကာတွန်းအစီအစဉ်
“Open Season Scared Silly” (အပိုင်း-၂)
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ” (အပိုင်း-၃၇)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “နင်. . စေလိုရာစေ” (အပိုင်း-၁၇)
၈း၅၀ MRTV Entertainment Music
၉း၁၀ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)
၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၃၀ လေးတင်ပွဲ (ရာမယဏဇာတ်တော်)
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း “မွကြီးတို့ကတော့ဖွပြီ”
၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀ “ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာအခြေခံသင်တန်း” (အပိုင်း-၇)တရားတော် [ဆရာတော်အရှင်ဝိသေဒ္ဓ (မြို့ဦးစေတီ)]
၇း၅၀ ရှေးဘုရားကြီးများကို ဖူးမြော်ကြည်ညိုစုံလင် ရခိုင်ပြည်နယ်တစ်ခွင်(အပိုင်း-၄)
၈း၀၀ “မင်္ဂလာပါ” The Morning Show
၁၀း၁၅ ခေတ်သစ်ပျို့မေ
၁၁း၁၅ သွားမယ်စားမယ်(My Friend-2)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကိုလူပျို” (အပိုင်း-၂)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရ ချစ်သူသည်သာ” (အပိုင်း-၁၁၈)
၃း၄၅ ရန်ကုန်မြင်ကွင်းကျယ် (The Launching Ceremony of Babience)
၃း၅၅ Cartoon Series (Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရ ချစ်သူသည်သာ” (အပိုင်း-၁၁၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကိုလူပျို” (အပိုင်း-၃)
၈း၁၅ Drive It
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၄၆)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် ဂျန်းယောလ်ရှီးလ်”(အပိုင်း-၃၄)
၁၀း၁၅ MRTV-4 Stage
၁၀း၄၀ World of Knowledge (Dog Whisperer: Desert Bull Dogs)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ခမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉း၂၀ ကျန်းမာသုတ
၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀း၀၀ Casual Talk
၁၀း၁၅ အစွန်းလွတ်ရာဆီသို့
၁၀း၂၅ မေးမြန်းစူးစမ်း
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြန်မာ့ရှုခင်း
၁၁း၂၅ ပျို့ပျို့မေ
၁၁း၃၅ Cooking Art
၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၀၀ အောင်မြင်ကျော်ကြား ခတ်ပြားရတေးများ
၁၂း၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၄၅ Guide For You
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ ကျွန်တော် အပိုင်း(၃၆)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရုဏ်ဦးရဲ့ ချစ်ပန်းသခင် အပိုင်း(၃၅)
၆း၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဧကရီ အပိုင်း(၄၈)
-ဘောလုံးကန်ကြမယ်
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ အပိုင်း(၃)

## mitv

07:26 Myanmar Delicate Artistic Handy Creations- Lacquer ware Making
07:51 Porcelain and Glass
08:26 A Snake Catcher
08:37 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
08:53 A Girl Guide
09:26 Crab Business (Part-I) Mud Crab
09:41 Beach Food Delivery
09:51 Next Generation "May Melody"
10:26 Irrawaddy Dolphin (Part- I)
10:41 Thin Byu Mat
10:49 Ancient Heritage at Natalin
07:26 Food Trip (EP-1) (Part-2)
07:53 Graffiti: Portraiture
08:26 Taste ossf Myanmar (Shan Style Clay Pot)
08:44 A Monk's Robe
08:52 Now in Yangon



# ဗြိတိန်ရော့ခ်ကြယ်ပွင့် ရော့ဒ်စတီးဝပ်အား ဂီတနှင့်ပရဟိတလုပ်ငန်းများအတွက် ဗြိတိန်ဘုရင်မကြီးက ဂုဏ်ပြု

ဗြိတိန်နိုင်ငံမှ ရော့ခ်ဂီတအကျော်အမော်တစ်ဦးဖြစ်သူ ရော့ဒ်စတီးဝပ်အား အဲလိဇဘက်ဘုရင်မကြီးက ၎င်း၏မွေးနေ့တွင် ဂီတပညာနှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်မှုအတွက် ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းဂုဏ်ပြုပွဲတွင် အသက်(၇၁)နှစ်အရွယ်ရှိ ရော့ခ်ဂီတကြယ်ပွင့် ရော့ဒ်စတီးဝပ်နှင့်အတူ အာကာသယာဉ်မှူး Tim Peake နှင့် Downton Abbey ဇာတ်ကားမှသရုပ်ဆောင်မင်းသမီး Penelope Wilton တို့ပါဝင်ကြောင်းသိရသည်။

ရော့ဒ်စတီးဝပ်သည် ၎င်း၏ ၂၉ ခုမြောက် စတူဒီယိုအယ်လ်ဘမ်ဖြစ်သည့် Another Country ကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းက ဖြန့်ချိခဲ့ပြီးလည်းဖြစ်သည်။ **(ဖြိုးစန္ဒာမြင့်)**

# Miss World America 2016 သရဖူ ပိုင်ဆိုင်ခဲ့သည့် အလှမယ်အော်ဒရာမာရီ



Miss World America 2016အလှမယ်အဖြစ် အမေရိကန်မော်ဒယ်တစ်ဦးဖြစ်သူ အော်ဒရာမာရီက ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါအလှမယ်ရွေးချယ်ပွဲ၏ နောက်ဆုံးအဆင့်ရွေးချယ်ပွဲကို ဇူလိုင် ၈ ရက် ညပိုင်းက ကျင်းပခဲ့ရာ အမေရိကန်နိုင်ငံတစ်ဝန်းမှ အလှမယ် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဒါကိုတာပြည်နယ်မြောက်ပိုင်းရှိ Fargo မြို့သူလေး အော်ဒရာက ဆွတ်ခူးရရှိခဲ့သလို 1st Runner-Up အဖြစ် ကာရိုလိုင်းနားမြောက်ပိုင်းသူလေး Shivali Patel က လည်းကောင်း၊ 2nd Runner-Up နှင့် 3rd Runner-Up ဆုများကို ကိုလံဘီယာမှ Sasha Perea နှင့် Michelle Pierrot တို့ကလည်းကောင်း၊ Miss Photogenic ဆုကို ဝါရှင်တန်မှ Keilani Afalava က လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

Miss World America 2016အလှမယ်သရဖူဆွတ်ခူးရရှိခဲ့သူ အလှမယ်အော်ဒရာသည် ၂၀၁၁ ခုနှစ်က Miss Teen USA 2011 နှင့် Miss USA 2014 အလှမယ်ရွေးချယ်ပွဲများတွင် 1st runner-up ဆုရရှိခဲ့ပြီး Miss North Dakota Teen USA 2011 သရဖူပိုင်ရှင်တစ်ဦးလည်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ် အလှမယ် အော်ဒရာသည် ယခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပမည့် Miss World 2016 အလှမယ်ရွေးချယ်ပွဲတွင် အမေရိကန်နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **(မိုးစန္ဒာမောင်)**

# အဖွဲ့သစ်ကို ပွဲထုတ်ရန် အစီအစဉ်ရုပ်သိမ်းလိုက်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်

တောင်ကိုရီးယားနိုင်ငံ၏ အနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်မှ Black Pink ၏ ကေပေါ့ပ်အဖွဲ့၏ အဖွဲ့ခွဲအဖြစ် အမျိုးသမီးအဖွဲ့တစ်ဖွဲ့ကို စီစဉ်ပွဲထုတ်မည်ဟူသော သတင်းများထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း ယင်းအစီအစဉ်အား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါအေဂျင်စီအနေဖြင့် ယင်းအဖွဲ့ခွဲအတွက် အဆိုရှင်များကိုလည်း သီးသန့်လေ့ကျင့်ပေးထားပြီးဖြစ်ကာ မကြာမီပွဲထုတ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဝိုင်ဂျီ၏ တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ယင်းအစီအစဉ်အား ရုပ်သိမ်းကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ဝိုင်ဂျီအင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ “ကျွန်တော်တို့ အေဂျင်စီမှာ လေ့ကျင့်ထားပြီးသား အဆိုရှင် ၅၀ ကျော်လောက် ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ Black Pink အဖွဲ့ထဲကိုပဲ လူထပ်ဖြည့်ရမလား၊ သီးခြားအဖွဲ့တစ်ဖွဲ့အနေနဲ့ ပွဲထွက်ရမလားဆိုတာ ဝေခွဲမရသေးဘူးဖြစ်နေတာပါ။ စဉ်းစားနေဆဲဖြစ်ပါတယ်”ဟု ဖြေကြားခဲ့သည်။

ဝိုင်ဂျီ၏ အဖွဲ့တစ်ဖွဲ့ဖြစ်သော Black Pink အဖွဲ့အနေဖြင့် ယခုလကုန်တွင် ဖြန့်ချိပြသနိုင်ရန်အတွက် တေးသီချင်းဗီဒီယို သုံးပုဒ်ကို ရိုက်ကူးလျက်ရှိကြောင်း သိရသည်။ ဝိုင်ဂျီအင်န်တာတိန်းမန့်သည် တောင်ကိုရီးယားဂီတလောကတွင် အောင်မြင်သော အေဂျင်စီတစ်ခုဖြစ်ကာ ယခုလက်ရှိ ကမ္ဘာ့ဂီတလောကအထိ ထိုးဖောက်ကာ အောင်မြင်မှုရရှိနေသည့် ကေပေါ့ပ်အနုပညာရှင်အများအပြား မွေးထုတ်ပေးနေသည့် အေဂျင်စီတစ်ခုလည်းဖြစ်သည်။

ဝိုင်ဂျီမှ တစ်ကိုယ်တော်တေးသံရှင်များအနေဖြင့် Psy၊ G-Dragon နှင့် CL တို့ကဲ့သို့ အနုပညာရှင်များအပြင် ကေပေါ့ပ်အဖွဲ့များအနေဖြင့် 2NE1၊ BIGBANG၊ WINNER နှင့် IKON စသည်တို့အပြင် ရုပ်ရှင်သရုပ်ဆောင်များစွာကိုလည်း မွေးထုတ်ပေးနေသည့် အနုပညာအေဂျင်စီတစ်ခုလည်းဖြစ်သည်။ **(ဖြိုး)**



# ပြန်လည်ပေါင်းစည်းတော့မည့် အတိတ်နိမိတ်များဖြင့် နှစ်ပေါင်းများစွာကွဲကွာခဲ့သည့် SpiceGirls အဖွဲ့

အဖွဲ့ပြိုကွဲခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုနီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သော ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်း ပါဝင်သည့် Spice Girlsဂီတအဖွဲ့အနေဖြင့် ပြန်လည်ပေါင်းစည်းကြတော့မည့် အတိတ်နိမိတ်အဖြစ် အဖွဲ့ဝင်သုံးဦးပါဝင်သီဆိုထားသည့် တေးသီချင်းဗီဒီယိုတစ်ခုကို ဇူလိုင် ၈ ရက်က ယူကျူတွင် လွှင့်တင်ခဲ့ကြောင်း သိရသည်။

အဖွဲ့ဝင်ငါးဦးရှိသည့်အနက် Emma Bunton, Geri Horner နှင့် Melanie Brown တို့သုံးဦးသီဆိုထားသည့် တေးသီချင်းဗီဒီယိုကို လွှင့်တင်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ Wannabe သီချင်းထွက်ရှိသည့် နှစ်(၂၀)ပြည့်အခမ်းအနားအတွက် ဆုတောင်းပေးကြသည့်ပရိသတ်ကြီးကို ကျေးဇူးတင်သည့်အနေဖြင့် ယင်းပို့စ်ကို တင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

၎င်းတို့သုံးဦးအနေဖြင့် Spice Girlsဂီတအဖွဲ့ကို ကိုယ်စားပြုကာ လာမည့်နှစ်နွေရာသီတွင် လန်ဒန်၌ ဂီတဖျော်ဖြေပွဲတစ်ခု ပြုလုပ်ရန်စီစဉ်ထားကြောင်းဗြိတိန်နိုင်ငံထုတ် The Sun သတင်းစာတွင် သတင်းဖော်ပြခဲ့ပြီး နောက်တစ်နေ့တွင် ယင်းဗီဒီယိုကို လွှင့်တင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **(ကြယ်စင်လင်း)**

## မိနီမာရသွန်အားကစားပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား သီပေါမြို့နယ်အားကစားကွင်း၌ ကျင်းပ

**သီပေါ ဇူလိုင် ၁၀**

အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ပထမအကြိမ် မိနီမာရသွန် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို သီပေါမြို့နယ် အားကစားကွင်း၌ ဇူလိုင် ၉ ရက် နံနက် ၆နာရီ ၁၅မိနစ်က ကျင်းပခဲ့သည်။

ပြိုင်ပွဲလမ်းကြောင်းမှာ သီပေါမြို့ ခြေလျင်တပ်ရင်း ဟတ်စကီးကွင်းမှ မြို့နယ်အားကစားကွင်းအထိဖြစ်ပြီး အကွာအဝေး နှစ်မိုင်ကျော်ခန့်ရှိကြောင်း သိရသည်။ ယင်းပြိုင်ပွဲအား နံနက် ၅နာရီခွဲတွင် စတင်တာလွှတ်ပေးခဲ့ပြီး သီပေါမြို့ရှိ ပဥ္စမတန်း၊ ဆဋ္ဌမတန်း ကျောင်းသားကျောင်းသူ ၃၈၂ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပန်းဝင်သူ အမျိုးသား ၃၀၊ အမျိုးသမီး ၃၀ စုစုပေါင်း ၆၀ကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**သနပ်ပင် ဇူလိုင် ၁၀**

ပဲခူးခရိုင် သနပ်ပင်မြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို မြို့နယ်အားကစားခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် သူဌေးကုန်းအသင်းက တတိယဆု၊ ဆုံဆည်းရာအသင်းက ဒုတိယဆုနှင့် Fighter အသင်းက ပထမဆုများ ဆွတ်ခူးခဲ့ကြရာ တတိယဆုရရှိသော သူဌေးကုန်းအသင်းအား မြို့နယ်အခြေခံပညာအထက်တန်းကျောင်း (သနပ်ပင်) ကျောင်းအုပ်ဆရာကြီး ဦးညိုဝင်းကလည်းကောင်း၊ ဒုတိယဆုရရှိသော ဆုံဆည်းရာအသင်းအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးကလည်းကောင်း၊ ပထမဆုရရှိသော Fighter အသင်းကို မြို့မရဲစခန်းမှူး ရဲမှူးအောင်မြတ်ဦးက လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးချီးမြှင့်ခဲ့ကြပြီး တံခွန်စိုက်ဆုဖလားကို ပထမဆုရရှိသော Fighter အသင်းအား တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သာစည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (TSDP) အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် ညနေ ၃နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၃၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဗိုလ်လုပွဲစဉ်အဖြစ် အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းနှင့် အမှတ်(၃) ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်နေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် အမှတ်(၁) ရပ်ကွက်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနား ဆက်လက်ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အသင်းအား ဆုဖလား၊ ငွေကျပ်သုံးသိန်းနှင့် ရွှေတံဆိပ်ဆုများ၊ ဒုတိယဆုရရှိသော အသင်းအား ဆုငွေကျပ် နှစ်သိန်းနှင့် ငွေတံဆိပ်ဆုများ၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် အကောင်းဆုံးကစားသမားဆုတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**




အမျိုးသားဖူဆယ်ကလပ်ပြိုင်ပွဲတွင် MIC အသင်းနှင့် Black Steel အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## ၂၀၁၆ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကျင်းပ မြန်မာကလပ်အသင်းများ နိုင်ပွဲပျောက်ဆုံးခဲ့

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဖူဆယ် အားကစားရုံ၌ ကျင်းပသည့် ပြိုင်ပွဲပထမနေ့တွင် မြန်မာကလပ်အသင်းများ နိုင်ပွဲပျောက်ဆုံးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အဖွင့်အမှာစားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

အမျိုးသားပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာကလပ် MIC အသင်းနှင့်အင်ဒိုနီးရှားကလပ် Black Steel အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ MIC အသင်းသည် ၁၇ မိနစ်တွင် ဂိုးစတင်ပေးခဲ့ရသော်လည်း အောင်အောင်က ၁၈ မိနစ်တွင် ချေပဂိုး ပြန်သွင်းခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာကလပ် W F.C အသင်းသည် အင်ဒိုနီးရှားကလပ် ဂျာရာကန်ဆီနာအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ကလပ်အသင်းအမည်ဖြင့် ယှဉ်ပြိုင်သည့် W F.C အသင်းသည် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ မြန်မာအသင်းအတွက်ဂိုးများကို ၂၇ မိနစ်တွင် ပပဝင်း၊ ၃၅ မိနစ်တွင် ဆုပိုပိုကျော်နှင့် ၃၈ မိနစ်တွင် နီလာမြင့်တို့က သွင်းယူခဲ့သည်။ အမျိုးသမီးပြိုင်ပွဲ အခြားပွဲစဉ်များတွင် ထိုင်းကလပ် နာခွန်ဆာဝမ်က ထိုင်းကလပ် ဘန်ကောက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)၊ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပွဲအဖြစ် ထိုင်ဆွန်နမ်(ဗီယက်နမ်)နှင့် ထိုင်းဆိပ်ကမ်း(ထိုင်း)၊ ညနေ ၄ နာရီခွဲတွင် အမျိုးသမီးပွဲအဖြစ် W F.C မြန်မာနှင့် ဘန်ကောက်(ထိုင်း)၊ ည ၇ နာရီတွင် အမျိုးသားပွဲအဖြစ် Lanexang United(လာအို) နှင့် MIC (မြန်မာ) တို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

## ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးအသင်း ဂိုးပြတ်နိုင်ပွဲရရှိ

**နေပြည်တော် ဇူလိုင် ၁၀**

၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ဆက်လက်ကျင်းပသည်။

မနက်ပိုင်းပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(ဂ)မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီသရေပွဲရလဒ်ဖြင့် လည်းကောင်း၊ အုပ်စု(ဂ)မှ နေပြည်တော်စည်ပင်သာယာရေး ဘောလုံးအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၄)၌ ကျင်းပသော အုပ်စု(ဃ)မှ ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းက ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၁ ရက်တွင် ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၁၂ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲပွဲစဉ်တွင် အုပ်စု(က)မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း(၁)၌လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၃)၌ လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်း(၄)၌လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း(၁)၌လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

## ချယ်လ်ဆီး၊ မန်ယူနှင့် အာဆင်နယ်အသင်းတို့က ရီးယဲလ်ကစားသမား မိုရက်တာအား ခေါ်ယူရန်ပစ်မှတ်ထားနေ

ပရီမီယာလိဂ် ကလပ်အသင်းများဖြစ်ကြသည့် ချယ်လ်ဆီးအသင်း၊ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့သည် ရီးယဲလ်မက်ဒရစ်ကစားသမား မိုရက်တာအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။


စပိန်ကြယ်ပွင့် မိုရက်တာသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၆ သန်းဖြင့် ပြန်ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းက မိုရက်တာအား ပြောင်းရွှေ့ကြေးပေါင် ၆၄ သန်းသတ်မှတ်ထားသည်။

မိုရက်တာသည် ယခင်ကစားခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့သော်လည်း အဆိုပါကစားသမားအား ချယ်လ်ဆီးအသင်းက ကနဦးကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းပြီးပါက မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း ကမ်းလှမ်းထားသည်။

ချယ်လ်ဆီးအသင်းသည် နည်းပြသစ် ကွန်တီ လက်ထက်တွင် ပရီမီယာလိဂ်ဖလားကို ရယူနိုင်ရန်အတွက် မိုရက်တာအပြင် နာပိုလီဗဟိုခံစစ်မှူး ကူလီဘာလီကိုလည်း ခေါ်ယူရန်ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။

နည်းပြကွန်တီသည် အီတလီလက်ရွေးစင်အသင်း နည်းပြအဖြစ် ကိုင်တွယ်ခဲ့ရာတွင် ယူရို ၂၀၁၆ ပြိုင်ပွဲ၌ အီတလီအသင်းအား ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြတစ်ဦးဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ရီးယဲလ်မက်ဒရစ်ကစားသမား မိုရက်တာအား ရရှိမည်ဆိုပါက ရီးယဲလ်မက်ဒရစ်အသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေးပေးမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြသည်။



မိုရက်တာသည် ၂၀၁၀ မှ ၂၀၁၄ အထိ ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားခဲ့ပြီး ၂၀၁၄ တွင် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ သို့ရာတွင် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

မိုရက်တာသည် ၂၀၁၀ မှ ၂၀၁၄ ခုနှစ်အတွင်း ရီးယဲလ်မက်ဒရစ်ပထမအသင်းနှင့်အတူ ၃၇ ပွဲကစားခဲ့ပြီး ၁၀ ဂိုးသွင်းယူပေးခဲ့သည်။ ဂျူဗင်တပ်တွင်မူ ၆၃ ပွဲကစားပေးခဲ့ကာ ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(ငွေကြယ်)**

# ရက် ၁၀၀ အတွင်းဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းတံတားများ နှင့် မြေသား မိုးရေလှောင်ကန် ပြုပြင်ခြင်းလုပ်ငန်းများပြီးစီး

**ကောလင်း ဇူလိုင် ၁၀**

ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ ပြုပြင်ဆောင်ရွက်လျက်ရှိသော ကျေးရွာချင်းဆက် လမ်းတံတားများနှင့် မြေသားမိုးရေလှောင်ကန် တစ်ကန်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ပြန်လည်ပြုပြင်ခဲ့ရာပြီး ယခုအခါ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆင်းမ-တောင်ကြား ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင်ကို ကျပ် ၅၁ ဒသမ ၆၆သန်း၊ အောက်ကလုံး-ဆင်းမကျေးရွာချင်းဆက် မြေသားလမ်း တစ်မိုင်ကို ကျပ် ၁၇ ဒသမ ၂၂ သန်း၊ တာရွာနှင့် မြောင်းကြရွာကြား သံပေါင်တင်သစ်သား တံတား ၁၀×၁၅ × ၆ ပေ ပြုပြင်ခြင်းကို ကျပ် ၁၇ ဒသမ ၂၂ သန်း၊ တောင်ပုတ်စုကျေးရွာ မြေ သားမိုးရေလှောင်ကန် ၉၀ × ၈ × ၅ ပေ ပြုပြင်ခြင်းကို ကျပ် ၄ ဒသမ ၃၃ သန်း တို့ဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကောလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လမ်း ၁၈ မိုင် ၇ ဖာလုံအား ခွင့်ပြုရန်ပုံငွေကျပ် ၈၁၄ ဒသမ ၂၃ သန်း၊ ကျေးလက်တံတား ၃၅ စင်း အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၆၄၂ ဒသမ ၄၆ သန်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၁၁ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ဒသမ၃၀ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၆၁၉ ဒသမ ၉၉ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါတံတားများ စတင်ဆောင်ရွက်နေကြောင်း မြို့နယ်ကျေးလက်ဦးစီး ဌာန ဦးစီးမှူး ဦးသောင်းမြင့်ထံမှ သိရသည်။

**စိုင်းလူမင်း**



## နွားထိုးကြီး အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်လစ်လပ်နေ

**နွားထိုးကြီး ဇူလိုင် ၁၀**

နွားထိုးကြီး အထက်တန်းကျောင်းတွင် ကျောင်းအုပ်နေရာ လစ်လပ်နေသည်မှာ ဖေဖော်ဝါရီလမှစ၍ ငါးလကျော်ကြာမြင့်နေ၍ ယာယီကျောင်းအုပ်ဖြင့် သင်ကြားရေး ဆောင်ရွက်နေကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

မန္တလေးတိုင်းတွင် အထက်တန်းကျောင်းအုပ်နေရာများ လစ်လပ်နေ၍ နွားထိုးကြီး အထက်တန်းကျောင်းအတွက် ကျောင်းအုပ်အစားမထိုးနိုင်ခြင်းဖြစ်ကြောင်း၊ ကျောင်းအုပ်လစ်လပ်နေမှုကို တင်ပြထားကြောင်း မြို့နယ် ပညာရေးမှူးဦးကိုကိုက မီဒီယာသို့ပြောသည်။

နွားထိုးကြီး အ-ထ-က ကျောင်းအုပ်မှာ ပင်စင်ဖြင့် အငြိမ်းစားယူသွား၍ လစ်လပ်နေခြင်းဖြစ်ကြောင်း သိရသည်။ နွားထိုးကြီး အ-ထ-က တွင် ဆရာ၊ ဆရာမ ၇၀ ကျော်နှင့်ကျောင်းသား ၂၀၀၀ ခန့်ရှိနေသည်။

**ငွေးမြင့်မောင်**

### သွေးသည်အသက်

## လဟယ်မြို့၌ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် သွားလာရေးခက်ခဲ

**ခန္တီး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် မိုးတွင်းကာလဇူလိုင်လ ပထမပတ်အတွင်း၌ အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် မြစ်ချောင်းများ ရေကြီးရေလျှံဖြစ်နေခြင်း၊ လမ်းတံတားများ ပျက်စီးခြင်းစသော သဘာဝဘေးနှင့် တွေ့ကြုံနေရခြင်းကြောင့် ဒေသအတွင်း၌ သွားလာရေးခက်ခဲ ကြန့်ကြာမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

အထူးသဖြင့် ဒေသ၏ ဝမ်းစာလုပ်ငန်းဖြစ်သည့် တောင်ယာ လုပ်ငန်းမှာလည်း၊ မိုးသည်းထန်မှုကြောင့် အပျက်အစီးများနှင့် တွေ့ကြုံနေရသည်။

ယင်းသို့သဘာဝဘေးများ ကြုံနေခြင်းကြောင့် နာဂဒေသဦးစီးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ပါဝင်ပူးပေါင်းမှုများဖြင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများ ရှိရာကျေးရွာများသို့ ကွင်းဆင်း၍ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိနေကြောင်း သိရသည်။

**စန်းလွင်ဦး**



## ကနီမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တဇယ်ချောင်ကျေးရွာ မူလွန်ကျောင်းတွင် နွားနို့အာဟာရများ လစဉ်တိုက်ကျွေးနိုင်ရေးဆောင်ရွက်

**ကနီ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တဇယ်ချောင်ကျေးရွာ မူလွန်ကျောင်းတွင် နွားနို့နှင့် ကြက်ဥအာဟာရ ကျွေးမွေးခြင်းကို ဇူလိုင် ၈ ရက်နံနက်က အဆိုပါကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးအောင်ကြည်ဦးက ကျောင်းသား၊ ကျောင်းသူလေးများကို နွားနို့တိုက်ကျွေးရခြင်းနှင့် နွားနို့တိုက်ကျွေးခြင်းဖြင့် အရိုးအဆစ်များ သန်မာခြင်းနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းက ယခုလို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နွားနို့တိုက်ကျွေးသကဲ့သို့ တဇယ်ချောင်မူလွန်ကျောင်းတွင် ပညာသင်နှစ်တစ်နှစ်လုံး အလှူရှင်များရှာ၍ တစ်လတစ်ကြိမ်ကျွေးနိုင်ရန် အဆိုပါ အခမ်းအနားတွင် ကျောင်းကော်မတီများနှင့် ဆွေးနွေးပြောကြားခဲ့သည်။

မိမိတို့မြို့နယ်တွင် ယင်းကျောင်းကိုနမူနာထား၍ အခြားကျောင်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် တဇယ်ချောင်ကျေးရွာ မူလွန်ကျောင်းအုပ်ဆရာမကြီးက မိမိတို့ကျောင်းအနေဖြင့် ယခင်နှစ်ကလည်း ကျောင်းကော်မတီ၊ ကျောင်းသားမိဘများနှင့် အလှူရှင်များရှာ၍ ပညာသင်နှစ် တစ်နှစ်လုံး တစ်လလျှင်တစ်ကြိမ်ဖြင့် အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး နွားနို့တိုက်ကျွေးခြင်းကို ဆောင်ရွက်ရာတွင် မြို့နယ်မှပံ့ပိုးမှုနှင့် ဖြစ်နိုင်အောင် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အခုလို ကျောင်းသား၊ ကျောင်းသူများကို အာဟာရဒါနကျွေးမွေးခြင်းကို အထူးကျေးဇူးတင်ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကြည်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ထားမြင့်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးချစ်ကို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများကို နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သန်းငွေးအောင်(ကနီ)**

## ကမ်းပါးမှုပြိုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**ရေဦး ဇူလိုင် ၁၀**

မူးမြစ်ရေတိုက်စားမှုနှင့်ရေလွှမ်းမိုးမှုအန္တရာယ်တို့မှ ကင်းဝေးစေရန်အတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ်းပြိုမှုကာကွယ်ရေးအတွက်အရှည်ပေ ၇၅၀၊ အမြင့် ၁၂ ပေ ၁၀ လက်မရှိ ကျောက်စီမြေထိန်းနံရံတစ်ခုကို မေ ၁၂ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပြီးစီးရန်ရက်အနည်းငယ်သာလိုကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

မြေထိန်းနံရံတည်ဆောက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်ပြီး အောင်ဇေယျအေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင် အဟောင်းအခြေအနေနှင့် အသစ်ဆောက်လုပ်ထားသော စာသင်ကျောင်းဆောင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါမြေထိန်းနံရံတည်ဆောက်ပေးရာတွင် ကာလတန်ဖိုးငွေသန်း ၁၅၀ ကုန်ကျခဲ့ကြောင်းသိရသည်။

**သမ်းထိုက်(ရေဦး)**



# သဘာဝဘေးဒဏ်ကို နှစ်စဉ်အန်တုဖြတ်သန်းရင်း ရောင်နီဖြာဝေတော့မည့် ဓညဝတီမြေ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊
ဓာတ်ပုံ - မောင်ချစ်ကြည်

သဘာဝဘေးအန္တရာယ်အချို့နှင့် ကြုံတွေ့ရတတ်သော်လည်း ပင်လယ်၊ တောင်တန်း၊ မြစ်၊ ချောင်း၊ မြေပြန့်များနှင့် ဝေဖြာနေသော ရခိုင်ပြည်နယ်။ ။ကမ္ဘာကျော် ငပလီကမ်းခြေ၊ ကျောက်ဖြူကမ်းခြေနှင့် စစ်တွေဗျူးပွိုင့်ကမ်းခြေများ ပိုင်ဆိုင်ထွေးပိုက်ကာ သဘာဝအလှတရားများဖြင့် ရက်သွေးဖြာနေသော လုံမပျို့ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှု နိမ့်ကျသော်လည်း ပိုင်ဆိုင်ထားသည့် အလှတရားများကို ထုတ်ဖော်ပြသအသုံးချရန် ဟန်ပြင်နေပြီဖြစ်သည့် မြန်မာ့သမိုင်းပျိုဉဝတီက တိုးတက်မှုပုံရိပ်များ ဖော်ထုတ်ပြသ ပျံသန်းရန် သဘာဝဘေးဒဏ်များကြားမှ တောင်ပံခတ်အားယူနေသည့် ငှက်အသွင်ဖြစ်နေပြီ။

မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုအဖြစ် တည်ရှိနေမှုမှ ရုန်းထုတ်ရန်တာစူနေသည့် ရခိုင်ပြည်နယ်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်နေပြီဖြစ်သည်။ စစ်တွေမြို့ဆိပ်ကမ်းကို အိန္ဒိယနိုင်ငံက ရင်းနှီး မြှုပ်နှံမှုများဖြင့် နိုင်ငံတကာအဆင့်မီဆိပ်ကမ်းအဖြစ် တည်ဆောက်နေပြီ။ နိုင်ငံတကာကုန်သင်္ဘောကြီးများ ဝင်ရောက် ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း ကုန်သေတ္တာအများအပြား တင်ချထားသိုနိုင်သည့် ဆိပ်ကမ်းကုန်သေတ္တာလွင်ပြင်များ က မကြာမီကာလအတွင်း ရုပ်လုံးပေါ်လာတော့မည်။ စစ်တွေနိုင်ငံတကာအဆင့်မီဆိပ်ကမ်းပေါ်ထွက်လာပါက စစ်တွေမြို့သာမက ရခိုင်ပြည်နယ်၏ တိုးတက်ဖွံ့ဖြိုးမှုကို တွန်းပို့သကဲ့သို့ မြင်တွေ့ရမည်မှာ အမှန်ပင်။ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ညီညွတ်မှုရှိပါက အလုပ်အကိုင်အခွင့်အလမ်း သစ်များ၊ စီးပွားရေးအခွင့်အလမ်းများက လက်တစ်ကမ်းအကွာသို့ ရောက်ရှိကာ အကျိုးရှိစွာ အသုံးချနိုင်ကြရမည်။ စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအလှကို စစ်တွေသားတို့ ကိုယ်တိုင်ခြယ်မှုန်းကြရတော့မည်။

ရခိုင်ပြည်နယ်က မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၁၄၂၀၀ ဒသမ ၁ စတုရန်းမိုင်ရှိသည်။ ၂၀၁၄ ခုနှစ်စာရင်း အရလူဦးရေ ၃၁၈၈၈၀၇ ဦးရှိရာ ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့်သိပ်သည်းမှု မရှိချေ။ မြောက်ဘက်တွင် ချင်းပြည်နယ်၊ အရှေ့ဘက်တွင် မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ထိစပ်နေသည်။ အနောက်မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့နယ်နှင့် ဆက်စပ်နေပြီး ရခိုင်တောင်တန်းများက အချို့နေရာများတွင် အမြင့်ပေ ၁၀၀၄၉ ပေအထိရှိကြောင်းသိရသည်။

ရခိုင်ပြည်နယ်နေရာတိုင်းတွင် တောင်တန်း၊ တောင်စွယ်၊ တောင်ကုန်းများ၊ မြစ်၊ ချောင်းများ၊ မြေပြန့်များက ယှက်ဖြာစွာ ဖြစ်ပေါ်တည်ရှိနေရာ လမ်းပန်းဆက်သွယ်ရေးက ကားလမ်း၊ ရေလမ်းများဖြင့် သွားလာနိုင်သည်။ လေကြောင်းခရီးစဉ်အဖြစ် လောလောဆယ်တွင် စစ်တွေ၊ ကျောက်ဖြူ သံတွဲမြို့များ၌ လေဆိပ်များရှိပြီး နောက်ပိုင်းတွင် မြောက်ဦးလေဆိပ်လည်း ထွက်ပေါ်လာတော့မည်ဖြစ်ရာ လေကြောင်းခရီးစဉ်ဖြင့်လည်း လွယ်ကူစွာသွားလာနိုင်တော့မည်ဖြစ်သည်။ ပွင့်လင်းရာသီတွင် နေ့စဉ်လေယာဉ်ခရီးစဉ်များရှိသလို မိုးရာသီကာလများတွင်လည်း တစ်ပတ်လျှင်လေးရက်ခန့် လေယာဉ်ခရီးစဉ်များရှိနေရာ လေကြောင်းခရီးစဉ်ဖြင့် သွားလျှင်လည်း လွယ်ကူချောမွေ့မြန်ဆန်စွာ သွားလာနိုင်လျက်ရှိသည်။

ကားလမ်းခရီးအဖြစ် စစ်တွေ- ရန်ကုန်၊ အထူးဘတ်စ်ကားကြီးများနေ့စဉ် ပြေးဆွဲပေးနေရာ စစ်တွေ-ကျောက်တော်- မြောက်ဦး- မင်းပြားတို့မှ တစ်ဆင့်သွားလာနိုင်ကြသလို တောင်ကုတ်၊ သံတွဲ တို့မှလည်း အထူးမော်တော်ယာဉ်ကြီးများ ပြေးဆွဲနေရာ နေ့ချင်းပေါက်ခရီးစဉ်အဖြစ် သွားလာနိုင်နေပြီဖြစ်သည်။ ယခင်ကာလများထက် လမ်းပန်းဆက် သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းဖြစ်သည်။ သို့သော် မိုးရာသီကာလ မိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်၊ ချောင်းများ ရေလျှံမှုများကြောင့် နေထိုင်သွားလာရေး အခက်အခဲကြုံတွေ့ရသည်။ ကားလမ်းရေကျော်မှု၊ မြို့ရွာ အချို့ရေကြီး ရေလျှံဖြစ်မှုများရှိသော်လည်း ရက်ကာလမရှည်သဖြင့် ကြံ့ကြံ့ခံကျော်လွှားနိုင်ခဲ့ကြသည်ချည်းပင်။



ငပလီကမ်းခြေမှ ရေလုပ်သားတို့၏ လှေငယ်များကို တွေ့ရစဉ်။



ရခိုင်ပြည်နယ်မှ မြစ်၊ ချောင်းအချို့နှင့် စိုက်ခင်းအချို့ကို ဝေဟင်မှ တွေ့ရစဉ်။

ရခိုင်ပြည်နယ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်နိုင်ရေး ကြိုးစားနေသလို ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းလည်း စတင်ရန်ရှိနေသည်။ ကျောက်ဖြူမြို့နယ် သိုင်းချောင်းလမ်းဆုံအနီးဝန်းကျင်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရန်ရှိနေပြီး ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင်လည်း ရေနက်ဆိပ်ကမ်းတည်ဆောက်မှုများကိုလာမည့် ၂၀၁၇ ခုနှစ်၌ စတင်တော့မည်ဖြစ်ရာ ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ လုပ်ငန်းဆက်စပ်နေသည့် ဒေသခံများအတွက် စီးပွားရေးအခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ရာ အနာဂတ်မျှော်လင့်ချက်ကို ဝေဖြာစေမည့် စီမံကိန်းများပင် ဖြစ်သည်။

ကျောက်ဖြူကမ်းခြေကလည်း လှပပြီးသာယာသည်။ အပန်းဖြေကမ်းခြေအဖြစ် စနစ်တကျအဆင့်မြှင့်တင်ထိန်းသိမ်းပါက ခရီးသွားဧည့်သည်များလာရောက်မှုများမည်မှာ သေချာသည်။ ရေလှိုင်းဖွေးဖွေး၊ ငွေရောင်သဲသောင်ပြင်ခပ်ဝေးဝေးမှ စိမ်းညို့ညို့ကျွန်းစုငယ်များ၊ ကမ်းခြေသို့ဖြည်းဖြည်းချင်း ရိုက်ခတ်နေသောလှိုင်းခေါက်လေးများကို ကြည့်ရှုခံစားရင်း ပင်လယ်လေကို ရှူရှိုက်ရသည်မှာ စိတ်လက်ပေါ့ပါးလန်းဆန်းသွားသည်က အမှန်ပင်။ ရခိုင်ပြည်နယ်၏ အလှတစ်ပါးအဖြစ် သတ်မှတ်ရမည့်နေရာ။

ကျောက်ဖြူမြို့နယ်ရေပြင်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ထုတ်ယူမှုရှိနေသည်။ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းဖြင့် သွယ်ယူပြီး ကျောက်ဖြူသိုလှောင်ဖြန့်ဖြူးရေးစခန်းသို့ ပို့သည် ဖြစ်ရာ သိုလှောင်စခန်းတွင်လည်း ဒေသခံများ အလုပ်အကိုင်ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိနေသည်ကို တွေ့ရသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်နိုင်ပါက ဒေသဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားလာမည်မှာ သေချာ သည်။

အခုတစ်လော လေးမြို့မြစ်က ရေလျှံနေသည်။ ရေကြီးရေလျှံဖြစ်နေသောကြောင့် သွားလာရေးခက်ခဲလျက်ရှိရာ ယင်းမှာ ယာယီအခိုက်အတန့်ဖြစ်သည်။ လေးမြို့မြစ်က မင်းပြားမြို့ကို ဖြတ်သန်းစီးဆင်းရာ မြစ်ရေလျှံတိုင်းမင်းပြားမြို့သည် အနည်းနှင့်အများရေကြီးတတ်သည်။ သို့သော်လေးမြို့မြစ်ပေါ်တွင် ရေအားလျှပ်စစ်ထုတ်ယူရန် အစီအစဉ်ရှိနေသည်။ လေးမြို့ (၁)ဟု ယာယီအမည်ပေးထားသော ရေအားလျှပ်စစ်စီမံကိန်းအရ ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ထုတ်ယူနိုင်ရေးအစီအမံရှိနေသလို လေးမြို့(၂)ရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားမဂ္ဂါဝပ် ၉၀ ထုတ်ယူနိုင်ရေးလေ့လာနေ ပြီဖြစ်သည်။ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအတွက် ပြင်သစ်က ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ တစ်သန်းပေးမည်ဟု ဆိုထားရာ ဓာတ်အားလိုအပ်နေသော ရခိုင်ပြည်နယ်အတွက် အမှောင်ခွင်းကာ အလင်းဆောင်နိုင်ရန် အခြေအနေပေးနေပြီဖြစ်သည်။

ရခိုင်ပြည်နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများလည်းရှိရာ ကျောက်တော်တွင် စိုက်ပျိုးရေးဇုန် ဖော်ထုတ်ရန် အစီအမံများ ရှိနေကြောင်းသိရသည်။ ခေတ်မီစိုက်ပျိုးရေးစနစ်နှင့် နည်းပညာများကို စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)တွင် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ခေတ်မီစိုက်ပျိုးရေးနည်းပညာတတ်လူငယ်များက လယ်ယာမြေ စိုက်ပျိုးရေးပြုပြင်ပြောင်းလဲမှုများဖြင့် တိုးတက်အောင်စွမ်းဆောင်ကြပေလိမ့်မည်။

**မိုးကာလ၌ ရေကြီးရေလျှံမှု တစ်ခါတစ်ရံကြုံတွေ့ရ သော်လည်း ကျောက်တော်သားတို့က ရင်ဆိုင်ကျော် ဖြတ်နိုင်ခဲ့ကြသည်ချည်းဖြစ် သည်။ စိတ်ပျက်ခြင်း၊ အားလျော့ခြင်း၊ လက်မှိုင်ချခြင်း မရှိ၊ တာဝန်ရှိသူများကလည်း ကွင်းဆင်းကာ ကူညီ ပေးသည်ဖြစ်ရာ ညီညွတ်ခြင်း၊ စုပေါင်းလက်တွဲ ဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားနိုင် ခဲ့ကြသည်ပင်။**

ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်စီမံကိန်းရှိသည်။ မြေအကျယ်အဝန်း ၁၈၃၃ ဒသမ ၁၅ဧက ပေါ်၌ အကောင်အထည်ဖော်မည့် ပုဏ္ဏားကျွန်းစက်မှုဇုန်စီမံကိန်းက မြေကြီးလုပ်ငန်း၊ လမ်းလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ စက်ရုံများ၊ အလုပ်ရုံများနှင့် အထည်ချုပ်လုပ်ငန်းများတွင် အလုပ်အကိုင်သစ်များ ထွက်ပေါ်လာတော့မည်။ လူငယ်များအတွက် ထိုက်တန်သော အရည်အချင်းရှိရန် လိုအပ်ပြီး ထိုက်သင့်သည့် လုပ်ခလစာငွေများ ရရှိကြတော့မည် ဖြစ်ရာ ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ရခိုင်ပြည်နယ် တိုးတက်မှုတွင် ပြယုဂ်တစ်ခုအသွင်ဖြစ်လာပေတော့မည်။ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှလည်း ဓာတ်အားရရှိနေပြီဖြစ်ရာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် တွန်းအားပေးရာ ရောက်လေသည်။

ပုဏ္ဏားကျွန်းတွင် စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများရှိသည်။ စစ်တွေ-ပုဏ္ဏားကျွန်းကားလမ်းဘေးတွင် ပုစွန်မွေးမြူရေး ကဏန်းမွေး မြူရေးလုပ်ငန်းများကို ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် လာရောက်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ အမိုးပြာအဆောက်အအုံလေးများ အစီအရီနှင့် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည်ကို ကားလမ်းပေါ်မှပင် မြင်ရသည်။ အနီးဝန်းကျင်မြစ်၊ ချောင်းများတွင်လည်း ဒေသခံတို့ ကဏန်းမွေးလုပ်ငန်းလုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးအတွက် မြေယာများကလည်း တစ်မျှော်တစ်ခေါ်၊ စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးအတွက် မြစ်၊ ချောင်းများကလည်း အရန်သင့်၊ စက်မှုဇုန်ကလည်း စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ပုဏ္ဏားကျွန်းမြို့ နယ်ကလည်း ရခိုင်ပြည်နယ်အတွက် ဖွံ့ဖြိုးမှုအလင်းရောင်ကို ဆောင်မြန်းပေးဦးမည်မှာ အမှန်ပင်။

ရခိုင်ပြည်နယ်နာမည်ကျော်ကစ္ဆပနဒီမြစ်က ကျောက်တော်မြို့ကို ပတ်ပြီး စီးဆင်းရာ စိုက်ပျိုးရေးသည် ကျောက်တော်မြို့နယ်၏ အဓိကလုပ်ငန်းဖြစ်သည်။ ပုဏ္ဏားကျွန်းတွင် စက်မှုဇုန်တစ်ခုဆောက်နေသလို ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်အကောင်အထည်ဖော်ရန် အစီအမံရှိနေသည်။ မိုးကာလ၌ ရေကြီးရေလျှံမှု တစ်ခါတစ်ရံကြုံတွေ့ရသော်လည်း ကျောက်တော်သားတို့က ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသည်ချည်းဖြစ်သည်။ စိတ်ပျက်ခြင်း၊ အားလျော့ခြင်း၊ လက်မှိုင်ချခြင်းမရှိ၊ တာဝန်ရှိသူများကလည်း ကွင်းဆင်းကာကူညီပေးသည်ဖြစ်ရာ ညီညွတ်ခြင်း၊ စုပေါင်းလက်တွဲဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြသည်ပင်။ ကျောက်တော်မြို့နယ်၏ စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ ပေါ်ထွန်းလာပါက ရခိုင်ပြည်နယ်၏ တိုးတက်မှု အလှကို ပိုမိုတောက်ပအောင်ခြယ်သပေးမည်မှာ သေချာသည်။

ရခိုင်ပြည်နယ်တွင် သမိုင်းပုံရိပ်များဖြင့် ထည်ဝါနေသည်က မြောက်ဦးမြို့နယ်ပင်။ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းစေတီပုထိုးများ၊ နန်းမြို့ရိုးများ၊ ရှေးဟောင်းဘာသာရေးအဆောက်အအုံနေရာများက လက်ညှိုးထိုးမလွဲအောင် ပေါကြွယ်စွာ တည်ရှိနေသည်။ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသော ခရီးသွားဧည့်သည်များကြောင့် မြောက်ဦးသည် နိုင်ငံကျော်၊ ကမ္ဘာကျော်နေရာအဖြစ် ရောက်ရှိလာသည်။ မြောက်ဦးလေဆိပ်လည်း တည်ဆောက်နေပြီဖြစ်ရာ ခရီးသွားဧည့်သည်များပိုမိုများပြားလာတော့မည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အတူ ဟိုတယ်လုပ်ငန်းများကလည်း အပြိုင်ဖွံ့ဖြိုးလာမည်ဖြစ်ရာ မြောက်ဦးအလှက ရခိုင်ပြည်နယ်ကို မျက်နှာပန်းပွင့်ကာ ဝေဖြာစေဦးမည်ဖြစ်သည်။



စစ်တွေမြို့ မြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။

ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအတွက် ရင်ခုန်စရာ၊ စိတ်လှုပ်ရှားစရာကောင်းသည့် ကမ်းခြေပင်။ အပန်းဖြေကမ်းခြေရှည်သည်။ သဘာဝ ပတ်ဝန်းကျင်မပျက်စီး၊ ပင်လယ်ရေက ပြာပြီး ကြည်လင်သန့်ရှင်းသည်။ သဲသောင်ပြင်တစ်ခု။

သံတွဲမြို့နယ် မဇင်းလေဆိပ်က ငပလီကမ်းခြေတွင်ရှိသည်။ လေယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့် ငပလီကမ်းခြေက အသင့်ကြိုဆိုနေသည်။ ခရီးသွားဧည့်သည်များကို

ရခိုင်ပြည်နယ်တွင် ရင်ခုန်စရာအကောင်းဆုံးက ငပလီအပန်းဖြေကမ်းခြေ။ သံတွဲမြို့နယ်တွင်ရှိသော ငပလီကမ်းခြေက ကျယ်ပြောပြီး သဲက ဖြူကာ ရွှံ့နွံကင်းသဖြင့် ငပလီကမ်းခြေဟာ ကမ္ဘာကျော်သည်။ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအတွက် အိပ်မက်ရောက်ရောက်ချင်း အမောပြေအောင် ဆွဲဆောင်နိုင်သည့်အပြင် ငပလီကမ်းခြေတွင် ဂျိုက္ကော့ရွာ ငါးလုပ်ငန်းကိုလည်း မျက်မြင်တွေ့ရှိ လေ့လာနိုင်သည်။ တံငါလှေ၊ ငါးဖမ်းစက်လှေများက ကမ်းခြေတွင် အထုပ်များချထားသည့်နှယ်။ ဟိုတယ်များက ၂၆လုံးအထိရှိနေပြီး ထပ်မံတိုးချဲ့ရန်လည်း အပြိုင်အဆိုင်ဖြစ်နေသည်။ ငပလီကမ်းခြေကြောင့် ခရီးသွားလုပ်ငန်းက အရှိန်အဟုန်ဖြင့် မြင့်တက်လာရန်ရှိနေပြီ။

ရခိုင်ပြည်နယ်က တောင်တန်း၊ တောင်စွယ်၊ မြစ်၊ ချောင်းများ ပေါများမှုကမှန်သည်။ ရာသီဉတုဒဏ်ခံရသည်က နှစ်စဉ်။ သို့သော် သဘာဝသယံဇာတကြွယ်ဝသည့် အထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ စိုက်ပျိုးရေးဇုန်၊ စီးပွားရေးဇုန်၊ ငပလီကမ်းခြေ၊ ကျောက်ဖြူကမ်းခြေများက ပြည်နယ်တိုးတက်ရန် အခြေခံကောင်းများ အဖြစ်တည် ရှိနေပြီ။ ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်းတို့ဖြင့် စုပေါင်းကြိုးစားလျှင် ရခိုင်ပြည်နယ်တိုးတက်မှုက ရောင်နီ ဦးအလင်းတန်းနှင့်အတူ ဝေဖြာဖြန့်ကြက်လွှမ်းခြုံလာမည်ဟု ယုံကြည်နေမိသည်က အမှန်ပင်။



ငပလီကမ်းခြေနှင့် ငါးရှာလှေငယ်များကို တွေ့ရစဉ်။

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ထားဝယ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် Norwegian Refugee Council (NRC) နှင့် ပူးပေါင်း၍ ဇူလိုင် ၆ ရက်မှ ဇူလိုင် ၈ ရက်အထိလောင်းလုံးမြို့နယ်၊ ကြက်ယက်တွင်းရွာအထက(ခွဲ)ကျောင်း၊ သဘော့ဆိပ်ရွာ အထက(ခွဲ)ကျောင်းနှင့် ငပိတတ်ရွာ အလက(ခွဲ)ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အသက်(၁၀) နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဌာန၏ ရက်(၁၀၀)သစ္စာ စီမံချက်ဖြင့် နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုနောက်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ထမ်းများနှင့်အတူ(NRC) အဖွဲ့၊ ကျောင်းအုပ်ကြီးများက ပူးပေါင်းကူညီဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပြီးစီးမှုမှာ ကြက်ယက်တွင်းရွာ အထက(ခွဲ)ကျောင်းတွင် ကျောင်းသား ၂၈ ဦး၊ ကျောင်းသူ ၃၁ ဦး စုစုပေါင်း ၅၉ ဦး၊ သဘော့ဆိပ်ရွာ အထက(ခွဲ) ကျောင်းတွင် ကျောင်းသား ၁၇ ဦး၊ ကျောင်းသူ ၃၀ စုစုပေါင်း ၄၇ ဦး၊ ငပိတတ်ရွာ အလက(ခွဲ) ကျောင်းတွင် ကျောင်းသား ၂၁ ဦး၊ ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၄၅ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

## ဖာပွန်နှင့် သံတောင်ဒေသများတွင် ဒညင်းသီးအထွက်နှုန်းများပြီး မနှစ်ကထက်ဈေးနည်းသော်လည်း အရောင်းအဝယ်ကောင်းလျက်ရှိ

**ဘားအံ ဇူလိုင် ၁၀**

ကရင်ပြည်နယ် ဖာပွန်ဒေသနှင့်သံတောင်ဒေသများတွင်ထွက်ရှိသော ဒညင်းသီးများအနေဖြင့် ယခင်နှစ်များထက် ထွက်ရှိသော်လည်း ယခင်နှစ်ထက်ဈေးအနည်းငယ်နည်းလျက်ရှိကြောင်းသိရသည်။

ဒညင်းစိုက်ဒေသခံတစ်ဦးက "မနှစ်ကဒညင်းသီး အထွက်နည်းတယ်။ ဒီနှစ်အထွက်များရတဲ့ သဘောက ကျွန်တော်တို့ဒေသတွေမှာ တစ်နှစ်သီးပြီးရင် နောက်တစ်နှစ်မှာ အားပြန်ယူရတဲ့သဘောအရတစ်နှစ်အထွက်နှုန်း ကောင်းရင် နောက်တစ်နှစ်အထွက်နှုန်းနည်းတယ်ပေါ့။ ဒီနှစ်က အထွက်နှုန်းများလို့လား။ အဝယ်လိုက်လို့လားမသိဘူး မနှစ်ကလောက်ဈေးမကောင်းဘူး။ ဒါပေမယ့် လက်ရှိအနေနဲ့တော့ နေ့တိုင်းလိုလို အရောင်းအဝယ် ဖြစ်နေတယ်"လို့ ပြောကြားခဲ့သည်။

ဖာပွန်ဒေသထွက် ဒညင်းသီးများအား ဘားအံ၊ မော်လမြိုင်၊ ရန်ကုန်မြို့များသို့ လည်းကောင်း၊ သံတောင်ကြီး မြို့နယ်၊ သံတောင်မြို့၊ လိပ်သိုမြို့နှင့် ဘောဂလိမြို့များမှ ထွက်ရှိ သော ဒညင်းသီးများအား တောင်ငူမြို့သို့လည်းကောင်း၊ ကိုယ်တိုင် တိုက်ရိုက်ရောင်းချခြင်းနှင့် အဝယ်ဒိုင်များမှ ခြံအရောက်လာရောက်ဝယ်ယူ ခြင်းဖြင့်လည်းကောင်း ဈေးကွက်သို့ သွင်းကြသည်။

အဆိုပါဒေသများရှိ ဒညင်းသီးလှိုင်လှိုင်ထွက်ချိန် ဇူလိုင်လတွင် ဖာပွန် ဒေသ မနှစ်က ဒညင်းသီးဈေးနှုန်း တစ်ပုံးလျှင် ၁၂၀၀၀ကျပ်ရရှိပြီး ယခုနှစ်တွင် တစ်ပုံး ၈၀၀၀ နှုန်းရှိသည်။ သံတောင်ဒေသတွင် မနှစ်က ဒညင်းသီးဈေးနှုန်း တစ်ပုံးလျှင် ၁၂၀၀၀ မှ ၁၅၀၀၀ကျပ်အထိရရှိပြီး ယခုနှစ်တွင် တစ်ပုံး ၈၀၀၀ကျပ်နှုန်းကနေ ၇၀၀၀ ကျပ်နှုန်းသာ ရှိကြောင်းနှင့် အရောင်းအဝယ်ကတော့ ကောင်းနေလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# ငါ့သရောက်မြို့နယ်အတွင်းရှိ မျက်စိအမြင်အာရုံ ချို့တဲ့သည့်လူနာများအား အခမဲ့ ကွင်းဆင်းကုသ

**ငါ့သရောက် ဇူလိုင် ၁၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ကျန်းမာရေးဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာတင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့သည် ငါ့သရောက်မြို့ပေါ်ရှိရပ်ကွက်လေးရပ်ကွက်နှင့် မြို့နယ်အတွင်း ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့ပြီး ခွဲစိတ်ကုသရန် အခက်အခဲရှိသည့် ဒေသခံပြည်သူများကို ဆေးဝါးများဖြင့် လွယ်လင့်တကူ ထိရောက်စွာ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ဇူလိုင် ၉ ရက် နံနက်ပိုင်းက ငါ့သရောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဆေးရုံသို့ လာရောက်ပြီး မျက်စိအမြင် အာရုံချို့တဲ့နေသည့် လူနာများအား မျက်စိစမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများဖြင့် အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယင်းသို့ ငါ့သရောက်မြို့ပေါ်ရှိ ရပ်ကွက်လေးရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့သည့် လူနာများကို မျက်စိအမြင်အာရုံ ပြန်လည်ကောင်းမွန်လာစေရေးအတွက် ဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးရာတွင် ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးမှ ဒေါက်တာတင်ကိုကိုနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိအမြင်အာရုံ ချို့တဲ့မှုအခြေအနေများအား လူနာတစ်ဦးချင်းအလိုက် စမ်းသပ်စစ်ဆေးကာ လိုအပ်သည့် ဆေးဝါးများဖြင့် ဆေးသကုခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ခွဲစိတ်ကုသရန် လိုအပ်သည့် မျက်စိလူနာများအား ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့က ငါ့သရောက်မြို့နယ် ပြည်သူ့ကျန်းမာရေး ဆေးရုံကြီးသို့ မျက်စိဆေးကုသရန် လာရောက်ပြသသည့် လူနာပေါင်း ၂၄၄ ဦးခန့်ရှိခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ပုသိမ်ကြီးမြို့နယ်မှ မိုးသီးဒဏ်ခံရသော အာဆီယံသပြေစိုက်ခင်းများပြန်လည်ဖြစ်ထွန်းလာ၍ တောင်သူများ ဝင်ငွေကောင်း

**ပုသိမ်ကြီး ဇူလိုင် ၁၀**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ပြီးခဲ့သောသင်္ကြန်အပြီးကာလ မိုးသီးဒဏ်ခံရသော အာဆီယံသပြေပန်းစိုက်ခင်းများ ပြန်လည်အောင်မြင်ဖြစ်ထွန်းလာ၍ သပြေပန်းစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော့ဒေသက မိုးသီးဒဏ် ခံလိုက်ရတော့ သပြေပင်တွေ၊ သရက်ပင်တွေ၊ စံပယ်ပန်းပင်တွေ နာလန်မထူတော့ဘူးမှတ်တာ၊ ခုတော့အတက်တွေထွက်ပြီး ဝေဝေဆာဆာပြန်ဖြစ်လာတော့ အဆင်ပြေတာပေ့ါ။ ခုပြန်ပြီး ရောင်းနေကြရပြီလေ။ တစ်စည်း ငွေကျပ် ၅၀၀ နဲ့ ရွာထိလာဝယ်တယ်။ သပြေပင်က ဆည်တော်ကြီးဆည်ရေတင်ပြီး စိုက်ပျိုးတာပါ။ တစ်ပင်နဲ့တစ်ပင် သုံးပေလောက်ခြားစိုက်ရတာ။ ပျိုးပင်ကတော့အစားစားပဲ။ ကျပ် ၂၀၀ မှ ကျပ် ၁၀၀၀ တန်ထိရှိတယ်။

တစ်ဧကကို အပင် ၂၅၀၀ မှ ၃၀၀၀ လောက်ထိ စိုက်ပျိုးနိုင်တယ်။ ကျွန်တော်တို့ ဒေသကတော့ အာဆီယံသပြေနဲ့ရွှေသပြေ စိုက်ကြတာများတယ်။ စတင်စိုက်ပျိုးချိန်က ရေသွင်းပေးရတယ်။ အရွက်တွေ ပိုးလိပ်တဲ့အချိန်ဆို ဆေးဖျန်းပေးရတယ်။ အညွန့်ထွက်လာရင် ကိုက်ရောင်းတာပဲ။ နေ့စဉ်ကိုက်ရောင်းနေတာပါ။ တစ်စည်းကို ငွေကျပ် ၅၀၀ နဲ့ ပန်းပွဲစားတွေက ယာခင်းထဲထိလာဝယ်ပါတယ်။ ဈေးကောင်းတော့အဆင်ပြေပါတယ်။ ကျွန်တော်တို့ဒေသက သင်္ကြန်အပြီးကာလ မိုးသီးဒဏ်ခံခဲ့ရပေမယ့် အပင်တွေ ပြန်လည်ဖြစ်ထွန်းလာတော့ အဆင် ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ သပြေပန်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီးဆည် ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးသီးနှံများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းဖြင့် မောက်မယ်မြို့၌ တီဘီလူနာများအား အခမဲ့ကုသပေး

**မောက်မယ် ဇူလိုင် ၁၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ တိုင်းရင်းသားများအား ကူးစက်ရောဂါ ဆင်းရဲဒုက္ခနည်းပါးစေရန် ရည်ရွယ်လျက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း တီဘီလူနာများအား ကွင်းဆင်းရှာဖွေကုသခြင်း (Mobile Team) ဆရာဝန်ကြီးများအဖွဲ့သည် တီဘီရောဂါခံစားနေရသူများအား ဒီဂျစ်တယ်ခေတ်မီဓာတ်မှန်စက်ကြီးများဖြင့် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဇူလိုင် ၆ ရက်က ကွင်းဆင်း၍ ရှာဖွေစစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူမှုရေးအသင်းအဖွဲ့(NGO) များနှင့် ကျန်းမာရေးလုပ်သားများတို့က လိုက်ပါကူညီဆောင်ရွက်ပြီး လာရောက်စမ်းသပ်သည့် လူနာ ၄၀၀ ကျော်ကို အခမဲ့ဓာတ်မှန်ရိုက်စစ်ဆေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်း၊ သလိပ်စစ်ဆေးခြင်းများကြည့်ရာ တီဘီရောဂါသည် ခြောက်ဦးတွေ့ရှိပြီး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**



# ဆားလင်းကြီးမြို့နယ် ဆားလင်းကြီးတမံနှင့် ငွေသာဆည်အတွင်း ငါးသားပေါက် သုံးသိန်းကျော် စိုက်ထည့်



**ယင်းမာပင် ဇူလိုင် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ဆားလင်းကြီးတမံနှင့် ငွေသာဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၈ ရက်က အဆိုပါ ဆည်များတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းငါးသားပေါက်စိုက်ထည့်ခြင်းအခမ်းအနားတွင် ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးလှိုင်က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်လတ်ထံသို့ ငါးသားပေါက်များကို ပေးအပ်ခဲ့သည်။ အဆိုပါ ငါးသားပေါက်များကို ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဆင့်တာဝန်ရှိသူများ၊ ဆားလင်းကြီးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များတက်ရောက်၍ ဆားလင်းကြီးတမံနှင့် ငွေသာဆည်ထဲသို့ ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးသားပေါက်များအား ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် ငါးသားဖောက်စခန်းမှ ရယူကာ ငွေသာဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက် တစ်သိန်းနှင့် ထိုင်းငါးခုံးမ ငါးသောင်းကိုလည်းကောင်း၊ ဆားလင်းကြီးတမံအတွင်းသို့ ငါးမြစ်ချင်းသားပေါက် ငါးသောင်း၊ ထိုင်းငါးခုံးမ ငါးသောင်းနှင့် အခြား ငါးသားပေါက်များစသည့် စုစုပေါင်း ငါးသားပေါက် သုံးသိန်းကျော်စိုက်ထည့်ပေးနိုင်ခဲ့ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **သန်းငွေအောင်(ကနီ)**

# တောင်သူပညာပေးဆွေးနွေးပွဲနှင့် ဘိန်းအစားထိုးပျိုးပင်များ အခမဲ့ပေးအပ်

**မိုးနဲ ဇူလိုင် ၁၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန၏ ရက်၁၀၀ စီမံချက်ဖြင့် တောင်သူအသိပညာပေးဆွေးနွေးပွဲနှင့် ဘိန်းအစားထိုးပျိုးပင်နှင့် သီးနှံဖျက်ကြွက်သတ်ဆေးများ တောင်သူလက်ဝယ်သို့အရောက်ပေးအပ်ပွဲအခမ်းအနားကို ကွန်နားကျေးရွာအုပ်စုမွေတော်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၇ ရက်နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လင်းခေးခရိုင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဘိန်းအစားထိုးပျိုးပင်များပေးအပ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာအောင်ဆန်းဝင်းက နွားမွေးမြူရေးအကြောင်းကိုလည်းကောင်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မိုးမိုးက ပိုးသတ်ဆေးပေါင်းသတ်ဆေးစနစ်တကျကိုင်တွယ်အသုံးပြုရေးနှင့် မြန်မာစာအညွှန်းပါပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများကိုသာ ရွေးချယ်အသုံးပြုနိုင်ရေးကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဘိန်းအစားထိုးပျိုးပင်အဖြစ် ကော်ဖီပင် ၂၀၀၊ ရှောက်ချိုပင် ၆၀၀ နှင့် မန္တလာ-၂ အသင့်သုံးကြွက်သတ်ဆေးကတ် ၅၀ ကို ဒေသခံတောင်သူများအား တာဝန်ရှိသူများက အခမဲ့ပေးအပ်ခဲ့ပြီး ရှမ်း၊ မြန်မာ နှစ်ဘာသာနှင့်ထုတ်ဝေထားသော တောင်သူပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းစည်းဝေး

**ဆိပ်ဖြူ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သန်း ၁၀၀၊ ကုန်သွယ်ခွန်ကျပ် ၇၂ ဒသမ ၆၃ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျှောက်ထားတင်ပြရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးကျော်ဆန်းအောင်နှင့် ဒေါ်သက်မွန်အေးတို့က ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျှောက်ထားတင်ပြခြင်း ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့၏ ဒေသရပ်ရွာတွင်အမှန်တကယ် ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြသွားရန်၊ ခွဲဝေချထားပေးမည့် ခွင့်ပြုရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့် စနစ်တကျသုံးစွဲသွားရန် မှာကြားခဲ့သည်။

ယင်းနောက်တွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်၊ ကျေးရွာ ရပ်မိရပ်ဖတို့က မိမိတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို တင်ပြခဲ့သည်။ ယင်းတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် ရပ်မိရပ်ဖတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျှောက်ထားမှုကို ဒေသဖွံ့ဖြိုးရေးကော်မတီမှ လုပ်ငန်းများအား ကွင်းဆင်းစိစစ်ရွေးချယ်ကာ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ရေရှားပါးသည့်ဒေသတွင် လမ်းဦးစီးဌာနမှ သောက်သုံးရေကန် တူးဖော်လှူဒါန်း



**မြင်းခြံ ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအတွင်း တည်ရှိသောကြောင့် နှစ်စဉ် နွေရာသီရောက်လျှင် ရေရှားပါးမှုပြဿနာနှင့် တွေ့ကြုံရလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအဖွဲ့မှလည်း ပြည်သူများအတွက် အဝီစိတွင်းများ၊ သောက်သုံးရေကန်များကို တူးဖော်လှူဒါန်းလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့လမ်းဦးစီးဌာနမှ သောက်သုံးရေရှားပါးသော မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကြာကန်ကျေးရွာတွင် အလျားပေ ၂၇၀၊ အနံ ၁၀၅ ပေ၊ အနက် ငါးပေရှိ မြေသားကန်တစ်ကန်၊ တဲကြီးကျေးရွာတွင် အလျား ပေ ၁၅၀၊ အနံ ပေ ၁၃၀၊ အနက်ရှစ်ပေရှိ မြေသားကန်တစ်ကန်တို့ကို တူးဖော်လှူဒါန်းခဲ့သည်။

မြင်းခြံမြို့နယ် လမ်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုသည် ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီခွဲက တူးဖော်လှူဒါန်းခဲ့သော သောက်သုံးရေကန်များအတွင်းသို့ ရေဝင်ရောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုရာ ကြာကန်ကျေးရွာ သောက်သုံးရေကန်တွင် ယခုနှစ်၌ ရေဝင်ရောက်မှုမရှိသေးဘဲ ယမန်နှစ်က ကျန်ရှိနေသောရေကိုသာသုံးစွဲနေရပြီး တဲကြီးကျေးရွာ သောက်သုံးရေကန်အတွင်းသို့လည်း ရေဝင်ရောက်မှုမရှိသေးကြောင်း သိရသည်။ တဲကြီးကျေးရွာ သောက်သုံးရေကန်သည် တဲကြီးကျေးရွာတစ်ရွာတည်းသာလျှင် သုံးစွဲပြီး ကြာကန်ကျေးရွာရှိ သောက်သုံးရေကန်သည် ကြာကန်ကျေးရွာနှင့် သရက်ချိုပင်ကျေးရွာတို့မှ သုံးစွဲကြောင်း သိရသည်။ သောက်သုံးရေကန်များကို ပြန်လည်တူးဖော်ပေးသောကြောင့် ကျေးရွာနေပြည်သူများမှ ဝမ်းသာနေကြောင်း သိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**

## အခြေခံအင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ် (၁၁) ဆင်းပွဲကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းသင်တန်းကျောင်း (အထက်မြန်မာပြည်) စစ်ကိုင်းမြို့တွင် ဌာနတွင်း အခြေခံအင်္ဂလိပ်စကားပြောနှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၁၁) ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီခွဲက ငါးလုပ်ငန်းသင်တန်းကျောင်း(စစ်ကိုင်း)ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားကို စစ်ကိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးနိုင်က ယခုသင်တန်းက ပို့ချပေးလိုက်သည့်ဘာသာရပ်များကို သင်တန်းသား၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ သင်ယူကြသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ဌာနဝန်ထမ်းများဖြစ်သည့်အလျောက် နိုင်ငံတကာနှင့် ဆက်ဆံရသည့်အခါ အခြေခံအင်္ဂလိပ်စကားပြောတတ်မြောက်ထားမှသာလျှင် အဆင်ပြေချောမွေ့သွားမှာဖြစ်ကြောင်း၊ အလားတူ ကွန်ပျူတာဘာသာရပ်များ ကျွမ်းကျင်မှသာလျှင်လည်း ဌာနလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြသည့်အခါ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မိမိတို့ဒေသရောက်ရှိသည့်အခါ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ငါးလုပ်ငန်းသင်တန်းကျောင်း (စစ်ကိုင်း) ကျောင်းအုပ်ကြီးဒေါက်တာ ဒေါ်ယဉ်ယဉ်သင်းက သင်တန်းတွင် ထူးချွန်စွာဆုရရှိခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများစာရင်းကို ဖတ်ကြားပြီး သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ခရိုင်ဦးစီးမှူးက ဆုရရှိသူများကို ဆုများပေးအပ်ခဲ့သည်။

ယင်းနောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ ပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## မှူခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် ဇူလိုင် ၁၀**

သန်လျင်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းရေး၊ တရားဥပဒေစိုးမိုးရေး (Pilot Project) ဖြင့်ဆောင်ရွက်လျက်ရှိသူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၇ ရက် ညနေ ၃ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါလွှဲပြောင်းပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးတို့က သန်လျင်မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် စီမံချက်ချဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်းတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သော ကျပ်သိန်း ၁၀၀ အား အလေအလွင့်မရှိ စနစ်တကျသုံးစွဲရေး ရှင်းလင်းဆွေးနွေးပြီးနောက် မှုခင်းဖြစ်ပွားမှုလျော့နည်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ညစဉ်ဆောင်ရွက်လျက်ရှိသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အဖွဲ့များအတွက် ရွက်ဖျင်တဲ၊ မိုးကာ၊ လက်နှိပ်ဓာတ်မီး၊ ကုလားထိုင်များ၊ တူညီဝတ်စုံများ ဝယ်ယူဖြည့်ဆည်းသွားနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးသို့ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထရရှိစေရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**လှိုင်ကော် ဇူလိုင် ၁၀**

လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူကိုမျက်နှာမူသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်မြို့နယ် အခြေခံပညာအဆင့်(ထက်၊ လယ်၊ မူ) စာသင်ကျောင်းများတွင် စာသင်ချိန်ပြင်ပ၌ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြသခြင်း၊ စာအုပ်ပြပွဲ၊ ဟောပြောပွဲ ပြုလုပ်ပေးခြင်းတို့ကို ဇူလိုင် ၇ ရက်က လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်အယ်ဖောက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းက စာဖတ်ခြင်းနှင့် အသိပညာခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူလေးများအား ဟောပြောပေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ မြန်မာနိုင်ငံအတွက် ကမ္ဘာ့အသီးသီးမှ တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံခြားသံတမန်များနှင့်တွေ့ဆုံပွဲ မှတ်တမ်းဓာတ်ပုံများ၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား ဝေဝေဆာဆာခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စာအုပ်စာစောင်များ လွယ်ကူစွာဖတ်ရှုနိုင်ရေးအတွက်ကိုလည်း ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်အရောက် ငှားရမ်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**မိတ္ထီလာ ဇူလိုင် ၁၀**

မိတ္ထီလာတက္ကသိုလ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကော်မတီက ကြီးမှူးကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၇ နာရီက ယင်းတက္ကသိုလ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မိတ္ထီလာတက္ကသိုလ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် နှစ်စဉ်သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလာခဲ့ခြင်းကြောင့် ယခုအခါ တက္ကသိုလ်ပတ်ဝန်းကျင်ဧရိယာတွင် သစ်ပင်သစ်တောများဖြင့် အဝေးကမြင်လျှင်ပင် စိမ်းလန်းသည့်တောအုပ်တစ်ခုနှယ် ဖြစ်နေပြီဖြစ်ကြောင်း၊ မိတ္ထီလာမြို့တွင်း အပူချိန်အောက် မိတ္ထီလာတက္ကသိုလ်ပတ်ဝန်းကျင် ဧရိယာအပူချိန်သည် ၄ ဒီဂရီဆဲလ်စီးရပ် လျော့နည်းကြောင်းကို သုတေသနပြုချက်များအရ သိရှိရကြောင်း၊ ထို့ကြောင့် နောင်လာနောက်သား ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် တက္ကသိုလ်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဖြစ်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုစောင့်ရှောက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ယင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ဖြူဖြူအေးကပြောကြားခဲ့သည်။

ယင်းသစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်၊ ရေတမာ၊ တမာ၊ ကံ့ကော်၊ စိန်ပန်း၊ ရွက်လှ၊ ပုဏ္ဏရိက် စသည့်အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း ၁၂၄ ပင်ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စေတုတ္တရာမြို့တွင် ရေဘေးကြိုတင်ကာကွယ်ရေး ညှိနှိုင်းဆောင်ရွက်

**စေတုတ္တရာ ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်တွင် ရေဘေးကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ပြီး မုန်းဆည်တမံရေအခြေအနေ၊ ကြီးအုံကြီးဝတမံ ရေအခြေအနေများ၊ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု လုပ်ငန်းများနှင့် ရေဘေးအန္တရာယ်ကျရောက်လာပါက ဆောင်ရွက်ရန် လုပ်ငန်းများဆွေးနွေးခဲ့ကြသည်။ **ဖိုးပြည့်(မင်းဘူး)**

# သောက်သုံးရေရှားပါးသည့်ကျေးရွာတွင် အဝီစိစက်ရေတွင်းတူးဖော်လှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာတွင် ဒေသခံပြည်သူများ နှစ်စဉ် သောက်သုံးရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရ၍ မန္တလေးမြို့ ၁၉ လမ်းနှင့် ၈၂×၈၃ လမ်းနေ အလှူရှင် ဦးပေါက်-ဒေါ်သောင်းစိန် (ပွင့်စိုက်ပျိုးရေးဆေးဆိုင်)က ငွေကျပ်သိန်း ၁၅၀ ခန့် အကုန်အကျခံကာ အုတ်ရေလှောင်ကန် တစ်ကန်နှင့်အတူ အနက်ပေ ၆၀၀ ခန့်ရှိ လေးလက်မ အဝီစိစက်ရေ တွင်းတစ်တွင်း လာရောက်တူးဖော်လှူဒါန်း ပေးခဲ့ရာ ယခုအခါ ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာနေ ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ပြေလျော့သက်သာလာပြီဖြစ်ကြောင်း သိရသည်။

ယခင်က ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာနေပြည်သူများသည် နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရ၍ အလှူရှင်အချို့မှ လာရောက်ပြီး လေးကြိမ်ခန့် အဝီစိ စက်ရေတွင်း တူးဖော်ပေးခဲ့ကြောင်း၊ သို့သော် တူးဖော်ပေးသည့် အဝီစိစက်ရေတွင်းများမှာ တူးဖော်နည်းစနစ်များ ချို့တဲ့ခဲ့မှုများကြောင့်လည်းကောင်း၊ ရေထွက်ရှိမှုမကောင်းသည့် အခက်အခဲများကြောင့်လည်းကောင်း ဒေသခံပြည်သူများအတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိကြောင်း ထက်ယာကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦး၏ ပြောပြ ချက်အရ သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် ထက်ယာကုန်းကျေးရွာကပြည်သူတွေအနေနဲ့ နွေရာသီရောက်တိုင်း သောက်သုံးရေအခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖများက ကျေးရွာမှာရှိတဲ့ပြည်သူတွေအပြင် စီးပွားဖြစ်တွဲဖက်လုပ်ကိုင်နေတဲ့ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက် သောက်သုံးရေ အခက်အခဲ လျော့နည်းသက်သာလာဖို့ အလှူရှင်များရဲ့ အကူအညီတွေရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီလို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တဲ့အတွက် အလှူရှင်များရဲ့ အကူအညီတွေလည်း ရရှိခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်က လာလှူတဲ့ အဝီစိစက်ရေတွင်းတွေက တစ်တွင်းမှကို အောင်မြင်မှုမရရှိခဲ့ပါဘူး။ ကျွန်တော်တို့ရွာမှာ နေရာတွေပြောင်းပြီး လေးကြိမ်လောက်အထိကို တူးဖော်ဆောင်ရွက်ခဲ့တာကိုပဲ ရေရရှိအောင် မဆောင်ရွက်နိုင်ခဲ့ပါဘူးဗျာ။

'ဒါ့ကြောင့် အခုလာလှူပေးတဲ့ အဝီစိစက်ရေတွင်းကျမှပဲ ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာပါပဲ။ ရေထွက်အားကလည်း တစ်နာရီကို ရေဂါလန် ၁၂၀၀ အထိ ထွက်လို့ ဒေသခံပြည်သူတွေအတွက် သောက်သုံးရေဖူလုံစွာ အသုံးပြုခွင့်ရရှိနေပါပြီ။ လာလှူပေးတဲ့ မန္တလေးမြို့က ဦးပေါက်-ဒေါ်သောင်းစိန် (ပွင့်စိုက်ပျိုးရေးဆေးဆိုင်) မိသားစုအနေနဲ့လည်း အမှန်တကယ် သောက်သုံးရေရှားပါးတဲ့ ကျွန်တော်တို့ ထက်ယာကုန်းကျေးရွာကို လာရောက်ပြီး လေးလက်မ အဝီစိစက်ရေတွင်းကို အောင်မြင်အောင် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့လို့ ရေလှူပေးရတဲ့ ကုသိုလ်တွေ အများကြီးရစေချင်ပါတယ်ဗျာ။ အခုဆိုရင် ကျွန်တော်တို့ရွာက ဒေသခံပြည်သူတွေ သောက်သုံးရေအတွက် အခက်အခဲမရှိတော့တာမို့ စီးပွားရေးအဓိကထားလုပ်ကိုင်နေတဲ့ မြေယာစိုက်ပျိုးရေး တောင်သူလုပ်ငန်းကို အချိန်ပေးပြီး လုပ်ကိုင်ခွင့်တွေရရှိနေလို့ ကျွန်တော်တို့ကျေးရွာက ဒေသခံပြည်သူတွေ အလွန်ပဲ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်နေကြပါတယ်" ဟု ထက်ယာ ကုန်းကျေးရွာမှ စက်ရေတွင်းရေကော်မတီဝင် တစ်ဦးက ပြောသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

**သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

# ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုပိုမိုစေရန် တောင်ကြီးမြို့တွင် ထိုင်းကုန်စည်ပြပွဲလာရောက်ကျင်းပ



**တောင်ကြီး ဇူလိုင် ၁၀**

မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် ထိုင်းနိုင်ငံမှလာရောက်ပြသသည့်ကုန်စည်ပြပွဲဖွင့်ပွဲကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံမှ ရိုးရာအကအလှနှင့် ထိုင်းနိုင်ငံတောင်ပိုင်းက လက်ဖက်ရည်ဖျော်ခြင်းဖြင့် တင်ဆက်ပြသ၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့သည်။ ထိုင်းနိုင်ငံ Thailand week Exhibition Mr.Wichai Kanrahong က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပေးခဲ့သည်။ ကုန်စည်ပြပွဲတွင် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ လင်းထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် Thailand week Exhibition Mr.Wichai Kanrahong တို့က ကုန်စည်ပြပွဲအား ဖွင့်လှစ်ပေးခဲ့ကြသည်။ ကုန်စည်ပြပွဲဖွင့်လှစ်အပြီးတွင် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ဧည့်သည်တော်များက ပြသထားသော ကုန်စည်နှင့်စားသောက်ဖွယ်ရာများအား လှည့်လည်ကြည့်ရှုပေးခဲ့ကြသည်။

ယခုကုန်စည်ပြပွဲသည် ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးပြုစေသော ခြေလှမ်းတစ်ခုဖြစ်ကြောင်း၊ ယခင်က ထုတ်လုပ်မှုကိုပြုလုပ်ခဲ့သော်လည်း ပြည်ပကို တင်ပို့မှုနည်းခဲ့ပြီး ယခုအခါ ကုန်သည်များနှင့်စီးပွားရေးလုပ်ငန်းရှင်များဦးဆောင်သော ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်မှုများလာသလို ပို့ကုန်နှင့် သွင်းကုန်တွေ များပြားလာသည့်အတွက် မြန်မာနိုင်ငံတစ်ခုလုံးစီးပွားရေး ပွင့်လင်းလာမည်ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ပြောကြားခဲ့သည်။

ထိုင်းကုန်စည်ပြပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း (နေပြည်တော်)၊ ရှမ်းပြည်နယ်တောင်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် Thailand week Exhibition Mr.Wichai Kanrahong နှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ မြဝတီမြို့၌ကျင်းပ

**မြဝတီ ဇူလိုင် ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ထီးမယ်ဝါးခီးကျေးရွာရှိ လေးကေ့ကော်မြို့သစ်တွင် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနမှူး ဦးစောစီလားက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒူးပလာယာခရိုင် သစ်တောတာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့မှုအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအား ပျိုးပင်များ ဖြန့်ဝေပေးခဲ့သည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ပိတောက်ပင် ၅၅၀၊ တောင်မကျီးပင် ၅၅၀၊ အော်ရီရှားပင် ၁၀၀၀၊ မန်ဂျန်ရှားပင် ၂၀၀၊ ကုက္ကိုပင် ၂၀၀ ၊ ပျဉ်းကတိုး ၁၀ ပင်၊ ထင်းရှူး ၁၀ ပင်၊ စုစုပေါင်းပျိုးပင် ၂၅၂၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ကမာရွတ်မြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၀**

မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်တားဆီးရေးအဖွဲ့ ကမာရွတ်မြို့နယ်က ဦးဆောင်ပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို အမှတ် (၆) ရပ်ကွက် ဇေယျသုခကျောင်း၌ ဇူလိုင် ၆ ရက် ညနေ ၅ နာရီခွဲက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းက မူးယစ်ဆေးသုံးစွဲရခြင်းအကြောင်းရင်းနှင့် ဆိုးကျိုးများ ဟောပြောသည်။ ဆက်လက်၍ မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်သော်က မူးယစ်ဆေးအန္တရာယ်နှင့် ကြိုတင်တားဆီးရေး အကြောင်းအရာများ ဆွေးနွေးပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

အဆိုပါ ဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်သတင်းစာဆရာအသင်းတို့ ပူးပေါင်းကျင်းပပြီး ဇူလိုင် ၁၃ ရက်တွင် အ-မ-က (၂) ကမာရွတ်ကျောင်း၌ ပန်းချီ၊ ကာတွန်း၊ ပုံပြောပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်လှိုင် (ကမာရွတ်)**

# အာဇာနည်နေ့ကိုကြိုဆိုသောအားဖြင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေး စာအုပ်ပြပွဲ ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၀**

မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်၌ ကျရောက်မည့် 'အာဇာနည်နေ့' ကို ကြိုဆိုသောအားဖြင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးစာအုပ်ပြပွဲကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာအုပ်ပြပွဲသို့ မင်းဘူးမြို့မကျောင်း အ-ထ-က (ခွဲ)နှင့် အ-ထ-က(၁)ရှိ ကျောင်းသား၊ ကျောင်းသူများက လာရောက်ကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးကို ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မင်းဘူးမြို့မ အ-ထ-က(ခွဲ)ကျောင်းမှ နဝမတန်းကျောင်းသူတစ်ဦးက "သမီးတို့ အခုလို စာအုပ်ပြပွဲတွေ လာရောက်ကြည့်ရှု ခွင့်ရတာ ဗဟုသုတလည်းတိုးပွားတယ်။ ပြည်သူ့စာကြည့်တိုက်နဲ့လည်း ရင်းနှီးမှုရရှိတယ်။ အရင်က စာကြည့်တိုက်ကို မလာရဲဘူး။ ဘာစာအုပ်တွေရှိမှန်းလဲ မသိခဲ့ဘူး။ အခုတော့ ကျောင်းအားလပ်ချိန်တွေမှာ ပြင်ပဗဟုသုတစာပေတွေ ဖတ်ရှုဖို့ ပြန်/ဆက်ရုံးပြည်သူ့စာကြည့်တိုက်ကို သွားစို့လို့ပဲ မှတ်ယူထားမိပါတယ်" ဟု ပြောသည်။ **တင်ထွန်းဦး(မင်းဘူး)**



# သူကျခဲ့တဲ့မျက်ရည်တစ်ပေါက်



**à armififh?ausmif;ulf**

တာဝန်ကျသူနာပြုဆရာမလေး ဆေးလာတိုက်သည်ကို 'မသောက်ချင်ဘူး' ဟူ၍ ငြင်းဆန်ခဲ့သော လူနာတစ်ဦး ရှိခဲ့ဖူးသည်။ ဆရာမလေးပြန်ထွက်သွားသောအခါ လူနာက သူ့သူငယ်ချင်းကို ဇွတ်တောင်းဆိုသည်။ 'ဟော့ တင်ဦး၊ သွားပြောချေ၊ မခင်ကြည်တိုက်မှ သောက်မယ်လို့' ထမင်းစားချိန်တန်၍ နောက်တစ်ကြိမ်ရောက်လာသော သူနာပြုဆရာမလေးကိုလည်း နောက်တစ်ကြိမ် ထပ်မံငြင်းဆန်ခဲ့သေးသည်။ 'မခင်ကြည်ကျွေးမှစားမယ်' ဇွတ်ကြီးပဲဖြစ်သည်။

သခင်တင်ဦးက ဆရာမလေးမခင်ကြည်ကို မရဲတရဲပြောရသည်။ သူ့သူငယ်ချင်း ဂျီကျဆိုးနွဲ့နေသည်ကို တိုးလျှိုးတောင်းပန်ရသည်။ များမကြာမီ ထူးဆန်းသောစကားကို ဆိုပြန်သည်။

'ငါ့ကို အကျီ၊ လုံချည်ဝယ်ပေးစမ်းပါကွာ'

'ဘာလုပ်ဖို့လဲ'

'မိန်းမယူတော့မလို့ကွ'

သခင်တင်ဦး ပါးစပ်ပြဲသွားသည်။ အလံပြဘုရားလမ်း၊ ဘီအိုင်အေဆေးရုံကြီးပေါ်၌ သူသည် နတ်ဒေဝတာတစ်ဦးမဟုတ်ကြောင်းနှင့် လူသားစင်စစ် ဧကန်ဖြစ်ကြောင်းကို ကိုယ်ထင်ပြခဲ့ခြင်းဖြစ်သည်။

အသက်-၂၂ နှစ်တွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌဖြစ်လာသူ၊ အသက် ၂၇ နှစ်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်၏ စစ်သေနာပတိနှင့် ၂၈ နှစ်တွင် မေဂျာဂျင်နရယ် ဖြစ်လာသူ။ အသက် ၃၀ အရွယ်တွင် ဖဆပလဥက္ကဋ္ဌအဖြစ်သို့ လည်းကောင်း၊ နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးအဖြစ်သို့ လည်းကောင်း ရောက်ရှိနေခဲ့သူအား ကျွန်တော်တို့ ငယ်စဉ်က ပုံပြင်ထဲကသူရဲကောင်းဟုထင်ခဲ့သည်။ ဒဏ္ဍာရီထဲက နတ်ဒေဝတာတစ်ပါးဟုထင်ခဲ့သည်။ လူသားစင်စစ် ဧကန်ဖြစ်ပါ့မလားဟု ယုံမှားခဲ့သည်။

ထိုသို့ယုံမှားရအောင်လည်းသူက အံ့ဩချီးကျူးဖွယ်ရာအရည်အချင်းများနှင့် ထူးချွန်ထက်မြက်သော လူငယ်တစ်ဦးဖြစ်ခဲ့သည်။ အရွယ်မတိုင်မီရင့်ကျက်ခဲ့သည်။ မြန်မာလူထုတစ်ရပ်လုံး၏ နှလုံးသည်းပွတ်ဖြစ်ခဲ့ရုံမျှမက၊ တစ်မြေတည်းနေ သွေးချင်းညီအစ်ကိုတို့၏ ယုံကြည်ကိုးစားမှု၊ အာရှခေါင်းဆောင်တို့၏ လေးစားမှုကိုရခဲ့သည်။ အင်မတန်ကိန်းခန်းကြီးသော မောင့်ဘက်တန်လို တော်ဝင်ပုဂ္ဂိုလ်တို့၏ အလေးထားမှုကိုရခဲ့သည်။ ဤသည်ကို မည်သူမျှအငြင်းပွားဖွယ်ရာ မရှိတန်ရာပါ။

သို့အတွက် သိဒ္ဓတ္ထမင်းသားသည် ကျွန်တော်တို့နှင့် အလှမ်းဝေးသကဲ့သို့ သူသည် ကျွန်တော်တို့ကဲ့သို့လူသားမဟုတ်ဟု ငယ်ဘဝတစ်လျှောက်လုံးတွေးကာ အလှမ်းဝေးနေခဲ့သည်ကို ဝန်ခံလိုပါသည်။

ကျွန်တော့်ကို 'လင်းပွင့်' သွားစေခဲ့သည်မှာ ညဥ့်ဦးယံစားပွဲသဘင်တစ်ခုဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသ နတ်တော်ညတစ်ည၏နှင်းဝေမှုန်မှုန်ထဲတွင် ကျွန်တော်သည် ဗိုလ်ချုပ်ကို လူသားတစ်ယောက်အဖြစ် စတင် တွေ့သိခံစားခဲ့ရခြင်းဖြစ်သည်။

ဆရာကျော်အောင်သည် အပျံစားအဟောအပြောသမားတစ်ဦးမဟုတ်ခဲ့ပါ။ မျက်ရည်တောက်တောက်ကျတော့မလို ကူလီကူမာ အမူအရာမျိုးမလုပ်တတ်ပါ။ လိုအပ်သည့်နေရာတွင် လိုသလောက်ကိုယ်ဟန်အမူအရာဖြင့် 'ရောက်' သွားအောင် ပြောနိုင်၊ ဆိုနိုင်သူမျှသာဖြစ်ပါသည်။ ထိုညက ကျွန်တော်တို့ နှလုံးသည်းပွတ် ခေါင်းဆောင်ကြီး၏ လက်ထပ်မင်္ဂလာပွဲကို ခင်းကျင်းပြောပြနေခြင်းဖြစ်သည်။

ပြုံးပြက်လင်းလက်နေသည့် မင်္ဂလာအခမ်းအနားသည် မင်္ဂလာသတို့သား၏ ကြီးမြတ်သောဂုဏ်ရည်ကြောင့် ပို၍ ဖိတ်လက်ပြိုးပြက်နေလိမ့်မည်။ သိုက်မြိုက်စည်ကားနေလိမ့်မည်။ အပြုံးပွင့်တွေ တဖျပ်ဖျပ်လက်၍ တောက်ပနေလိမ့်မည်ကို ယုံမှားဖွယ်ရာမရှိပါချေ။ ထိုအချိန်တွင် သတို့သား၏သူငယ်ချင်းတစ်သိုက် ဝင်ရောက်လာခြင်းဖြစ်သည်။ ထိုအချိန်တွင် 'တဇွတ်ထိုး သတို့သားကြီး' သည် ပရိသတ်ဗိုလ်ပုံအလယ်၌ သတို့သမီး၏ ခါးကို ရုတ်တရက် ဆွဲဖက်လိုက်သည်။

"ဟော့ရောင်တွေ၊ ဟော့ရောင်တွေ တင်ဦး။ ဒီမယ်တွေ့လား. . တွေ့လား။ မင်းတို့မရဘူး။ ငါ ရတယ်" ပရိသတ်တို့ ဝေါခနဲပြုံကျသွားသည်။ ကျွန်တော်သည် ထိုအခမ်းအနား၊ ထိုအခင်းအကျင်းနှင့် ချစ်ခင်ကြည်မော‌ဖွယ်ရာထိုအဖြစ်အပျက်လေးကို နှစ်ပေါင်းများစွာရင်ခုန်စွဲလန်းနေမိသည်။

တစ်တိုင်းတစ်ပြည်လုံး၏ နှလုံးသည်းပွတ်ဖြစ်နေပြီဖြစ်သောလူငယ်တစ်ယောက်သည် သူချစ်မြတ်နိုးသော နှင်းဆီ တစ်ပွင့်ကို ပိုင်ပိုင်နင်းနင်းခူးဆွတ်ခွင့်၊ နမ်းရှိုက်ထွေးပိုက်ခွင့်ရရှိသောအခါ၌ သူ၏ရင်ခုန်သံကို သိမ်းဆည်းမထားနိုင်လောက်အောင်ကိုပဲ သူ့သူငယ်ချင်းများအပေါ် ဂုဏ်ယူဝင့်ကြွားလိုက်ပုံမှာ မည်မျှလူသားပီသလိုက်ပါသနည်း။ မည်မျှပွင့်လင်းလိုက်ပါသနည်း။ မည်မျှရိုးစင်းလိုက်ပါသနည်း။ မည်မျှချစ်ခင်စရာကောင်းလိုက်ပါသနည်း။

ဆရာကျော်အောင်ဟောခဲ့သည်မှာ နှစ် ၂၀ ခန့်ရှိရော့မည်။ သို့သော် ကျွန်တော်သည် နတ်ဒေဝတာတစ်ပါးကဲ့သို့ အောင်မြင်ထင်ရှားသော ဧရာမပုဂ္ဂိုလ်ကြီးတစ်ဦး၏ ပကတိ လူသားအဖြစ်ကိုတွေ့မြင်ခွင့်ရခဲ့သည့် တစ်ညချမ်းကို ကျေးဇူးမမေ့ နိုင်ပါချေ။

သူ၏ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ ရင့်ကျက်မှု၊ ပြတ်သားမှု၊ ဘုဂလန့်ကျမှု၊ လွတ်လပ်ရေးအတွက် တစ်ချိန်လုံးတွေးတောကြံစည်၊ ဉာဏ်နီဉာဏ်နက်ထုတ်၊ လုပ်ဆောင်ခဲ့သော အချက်များသည် ခမ်းနားလှပါသည်။ သို့သော် ထိုသူတစ်ယောက်၏ သက်ရှိလူသားအဖြစ်သည် ထိုသို့သောခမ်းနားမှု ကြီးကျယ်မှုများအောက်တွင် ပျောက်ဆုံးသွားတတ်ပါသည်။

လွတ်လပ်ရေးနှင့် တပ်မတော်၏ဖခင်၊ နိုင်ငံနှင့်သမိုင်းကပင် ရာစုနှစ်များချီ၍ မျှော်လင့်စောင့်စားခဲ့ရသော အမျိုးသားခေါင်းဆောင် သူကွယ်လွင့်ကြေပြုန်းခဲ့စဉ်က တစ်ပြည်လုံး ကြိမ်မီးအုံးသကဲ့သို့ သည်းစွာငိုကြွေးပူဆွေးခဲ့ရသောအာဇာနည်။ ဖတ်ခဲ့ပါသည်။ နှမြောခဲ့၊ လွမ်းဆွတ်ခဲ့ပါသည်။ ဦးခိုက်ခဲ့ပါသည်။ သို့သော် ထိုခေါင်းဆောင်ကြီး၏ ခမ်းနားကြီးကျယ်မှုသည် သူ၏လူသားစရိုက်ပီပြင်သော ပုံကားချပ်၌သာပဲပို၍ ရှုန်းကြွ၊ ပို၍ တောက်ပလာနိုင်သည်ဟု ကျွန်တော်ထင်သည်။ အသက်ဝင်ရှင်သန်သည်ဟု ကျွန်တော်ထင်သည်။

သမဂ္ဂဥက္ကဋ္ဌ ဟောင်းမစ္စတာရာရှစ်ကို ဝေဖန်သော စစ်ကိုင်းကျောင်းသားတစ်ဦးအား ဒေါသမထိန်းဘဲ ထိုးမည်၊ ကြိတ်မည်လုပ်ခဲ့သော စိတ်လိုက်မာန်ပါအမူအရာကို ကျွန်တော်ကြိုက်၏။ သမဂ္ဂကိုအယုံအကြည်မရှိအဆိုပြုခဲ့သောညီမြအား ပြစ်တင်ရှုတ်ချပြီးနောက်တစ်ပတ်အကြာတွင် မိမိ၏ရှုတ်ချချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကျောင်းဆောင်များတွင် ကြေညာချက်ထုတ်ခဲ့သည်ကိုကျွန်တော်ကြိုက်၏။ သူ့ကိုချစ်ကြည်ညိုစိတ်နှင့် သူ့မိန့်ခွန်းကို လာနားထောင်နေသော လူထုကြီးအား အိညက်အိညက်မလုပ်ဘဲ ခပ်ပြတ်ပြတ် ကြိမ်းမောင်းခဲ့သည်ကို ကျွန်တော်ကြိုက်၏။ တစ်သက်လုံးမှာမှ ကံကောင်းလှစွာ မိန်းမ တစ်ယောက်သာရရှိခဲ့ဖူးသော်လည်း မိန်းမတစ်ယောက်မျှမရရှိခဲ့ဖူးသော စာရေးဆရာအား 'လင်မယားဘဝမှာ အနုပညာလိုတယ်ကွ' ဟု လူတတ်ကြီးလုပ်၍ အထက်စီးကသွန်သင်ခဲ့သည့် အမူအရာကိုကျွန်တော်ကြိုက်၏။ (တော်လှန်ရေးမှာလည်းအနုပညာရှိတယ်ကွ ပြောသောစကားမူကား ဦးညွှတ်စရာဖြစ်၏)သူလက်ထပ်ပြီးစ၊ အင်းလျားကန်စောင်းနေအိမ် ဧည့်ခန်းသို့ နှုတ်ခမ်းနီများပေကျံလျက် ဧည့်သည်ထွက်တွေ့ခဲ့သောအမူအရာကို ကျွန်တော်ကြိုက်၏။

လူ့စရိုက်ပီပြင်သောကြောင့် ဖြစ်ပါသည်။ လူသားအဖြစ်တည်ရှိခဲ့မှု သေချာသောကြောင့်ဖြစ်ပါသည်။ လူဆိုသည်မှာ ဒေါသရှိမည်၊ သောကရှိမည်၊ အမှန်ရှိမည်၊ အမှားရှိမည်။ အချစ်ရှိမည်၊အမုန်းရှိမည်။ ဝမ်းသာတတ်၊ ဝမ်းနည်းတတ်သည်၊ လွမ်းတတ်သည်။ ကြေကွဲတတ်သည်။ ရယ်မောတတ်သည်၊ ငိုကြွေးတတ်သည်။

သူသည်ငိုကြွေးခဲ့ဖူးသလော။ အံ့မခန်းချီးကျူးလေးစားဖွယ်ရာ အမျိုးသားခေါင်းဆောင်ကြီးသည် မျက်ရည်ကျခဲ့ဖူးသလော။ ဗိုလ်ချုပ်ငိုသော ညတစ်ညကိုပြန်ပြောပြပါမည်။ ၁၉၄၆ ခုနှစ်တွင် သူ့အသက် ၃၁ နှစ်ပဲရှိသေးသည်။ အမျိုးသားခေါင်းဆောင်၊ မြန်မာပြည်သူတို့၏ အသည်းနှလုံးဖြစ်နေပြီ။ စိုက်ပျိုးရေးပါရဂူဖြစ်ခဲ့ဖူးသော ဒေါ်မန်စမစ်သည် ရည်မွန်သော ပညာတတ်တစ်ဦးလည်းဖြစ်သည်။ ၁၉၄၁ ခုနှစ်ကတည်းက ဘုရင်ခံအဖြစ် မြန်မာပြည်သို့ ရောက်လာခဲ့သူဖြစ်သည်။

နိုင်ငံရေးအရ တစ်ဦးနှင့်တစ်ဦး မျက်ခြည်မပြတ်စောင့်ကြည့်နေရသူများ ဖြစ်ပါလိမ့်မည်။ သို့သော် သူတို့နှစ်ဦးသည် ခင်မင်ရင်းနှီးကြသည်။ တစ်ညတွင် သူက ဒေါ်မန်စမစ်ထံသို့ဖုန်းဆက်သည်။ လာတွေ့လိုသည်ဟု ပြောသည်။ လူငယ်တစ်ဦး၏ အရွယ်ကို ကျော်လွန်စပြုပြီဖြစ်သောသူ့ကို ဒေါ်မန်စမစ်က နွေးထွေးစွာ ကြိုခဲ့သည်။ မိတ်ဆွေချင်း နွေးထွေးသော ဆက်ဆံရေးမှာ ရံဖန်ရံခါ ထူးဆန်းတတ်ပါသည်။ ညီအစ်ကိုချင်း ပြောမထွက်သောရင်ဖွင့်စကားကို မိတ်ဆွေချင်း လွယ်လင့်တကူပြောထွက်နိုင်သောသဘောမျိုးဖြစ်မည်ထင်ပါသည်။

ထိုည ညဥ့်ဦးယံ၏ လူကြီးလူကောင်းမိတ်ဆွေနှစ်ဦး ဆက်ဆံရေးက လွမ်းမောစရာ ညင်သာပျောင်းနွဲ့လှသည်။

"ဒါပေမယ့် အဲဒီလိုလုပ်ရင်းဘဝဟာအထီးကျန်လာတယ်။ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျွန်တော်မမျှော်လင့်ခဲ့ဘူး" ပြောရင်းက သူမျက်ရည်ကျသည်။

"ကျွန်တော် အထီးကျန်လွန်းတယ်ဗျာ " မမျှော်လင့်သောစကားကို ကြားသောအခါ ဒေါ်မန်စမစ်အံ့ဩသွားခဲ့သည်။

"ဘယ်လို အထီးကျန်ဖြစ်နိုင်မှာလဲ ခင်ဗျားဟာ ပြည်သူ့အသည်းကျော်ပဲမဟုတ်လား" နှစ်သိမ့်လိုက်သည်။

"ကျွန်တော်က ပြည်သူ့အသည်းကျော်ဖြစ်ဖို့လုပ်ခဲ့တာမဟုတ်ဘူး။ ကျွန်တော့်တိုင်းပြည် လွတ်လပ်ဖို့လုပ်တာပါ"

ဤကားသူ၏ ရိုးသားဖြူစင်သောသဘာဝကို အရင်းအတိုင်းဖော်ပြလိုက်သော စကားဖြစ်သည်။ သို့သော်၊ ထိုအချိန်က သူသည် ပြည်သူလူထုတစ်ရပ်လုံး၏ အသည်းနှလုံး ဖြစ်နေသကဲ့သို့ တစ်ချိန်တည်းတွင် နိုင်ငံရေးလက်ဟောင်းကြီးတချို့က သူ့အပေါ် လူထုကြည်ညိုမှုကိုမနာလိုဖြစ်နေခဲ့သည်။ ခေါင်းဆောင်မှုကို သူ့ထံမှ လွှဲယူလိုကြသည်။ တစ်ခါတစ်ရံ မနာလိုမှုမရှုစိမ့်မှုသည် ပြင်းထန်သောအမုန်းတရားကို မွေးဖွားပေးတတ်သည်။ သူက ထိုအချက်ကိုနာကျင်နေခြင်းဖြစ်နိုင်သည်။

နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအပေါ် တစ်ဘဝလုံးပုံအပ်ထားခဲ့သော လူရွယ်လေး တစ်ယောက်အနေဖြင့် ထိုသို့သော အမုန်းတရားအတွက် ခါးသီးနာကျင်စရာ ဖြစ်မည်သေချာသည်။

"အမျိုးသား သူရဲကောင်းတွေ ဘယ်လောက်ခံသလဲ။ ဒီတိုင်းပြည်မှာ ကြာကြာမခံဘူး။ သူတို့မှာရန်သူတွေဝိုင်းနေတယ်။ ကျွန်တော့် အသက်ဟာကော ဆယ့်ရှစ်လထက်ပိုပြီး ရှည်မယ်မဟုတ်ဘူး" တစ်တိုင်းပြည်လုံး၏ နှလုံးသည်းပွတ်ဟူ၍ ကျွန်တော်တို့ ယုံကြည်သောထိုခေါင်းဆောင်ကြီးသည် ထိုညက မျက်ရည်တစ်ပေါက်ကျခဲ့သည်။

မောရစ်ကောလစ်၏ Last and First in Burma ကိုမြန်မာပြန်သူ ဆရာကျော်အောင်က ထိုညတွင် ဗိုလ်ချုပ်မျက်ရည်ကျခဲ့သည့် စာတစ်ကြောင်းကို ချန်ခဲ့သည်။ဆရာဟောပြောစဉ်က ထိုအချက်ပါရှိခဲ့သော်လည်း ဆရာ့စာအုပ်တွင် ပါဝင်ခြင်းမရှိခဲ့သဖြင့် မူရင်းပြန်ရှာကြည့်သည်။ (And saying this he wept) ဟု တွေ့ရသည်။ သူငိုပါသည်။ ဆရာချန်ခဲ့တာ သေချာသည်။

ဘုရင်ခံ ဒေါ်မန်စမစ်၏ မှတ်တမ်းကို အဓိကအားပြုခဲ့သော မောရစ်ကောလစ်၏ ရေးသားချက်ကို မယုံကြည်ရန်ခိုင်လုံသော အကြောင်းပြချက်မရှိပါ။ကျွန်တော်ယုံပါသည်။ ရိုးသားဖြောင့်စင်းသော လူငယ်တစ်ယောက်၏ ကြေကွဲမျက်ရည်။

သူသည်အသက်အရွယ်နှင့်မမျှ ရင့်ကျက်သော၊ ထက်မြက်သော၊ထူးချွန်သော၊ သတ္တိပြောင်သောခေါင်းဆောင်တစ်ဦး ဖြစ်သည်ကိုယုံမှားဖွယ်ရာမရှိပါ။ သူလုပ်ကြံခံရနိုင်သည်ဟု ထင်မြင်ယူဆဖွယ်ရာရှိစေကာမူ အကာအကွယ်များကိုကြို၍ စီမံခြင်းမပြုခဲ့ချေ။ သည်အချက်မှာ သူ့၌သေမည်ကို ထိတ်လန့်ကြောက်ရွံ့မှု စိုးစဉ်းမျှမရှိခဲ့ဟု ကောက်ယူနိုင်ပါလိမ့်မည်။

'သူ့အတွက်' ဟု တစ်စုံတစ်ရာငဲ့ကွက်ခြင်းမပြုဘဲ နိုင်ငံတော်အတွက်၊ လွတ်လပ်ရေးအတွက် တစ်ဘဝလုံးပုံ၍ လုပ်ခဲ့ရာ၌ သူမျှော်လင့်မထားသောအရာကို သူပြန်ရခဲ့သည်။ ထိုအရာကား မနာလိုမှုနှင့် သည်းထန်သော အမုန်းတရားဖြစ်သည်။ ထိခိုက်ပါလိမ့်မည်။ နာကျင်ပါလိမ့်မည်။ ကြေကွဲပါလိမ့်မည်။ ထိုခံစားမှုက နှလုံးအိမ်ကို ဆုပ်ညှစ်မည်။ သူ့မျက်လုံးတွင် မျက်ရည်ပြည့်ခဲ့မည်။ ထိုမျက်ရည်တို့ကို သုတ်ပေးခဲ့ပြီလား ဟု ယခုပြန်တွေးကြည့်မိပါသည်။

ကျွန်တော်တို့သည် မျက်ရည်များကို သွေ့အောင်မလုပ်နိုင်လျှင် ထပ်မံစိုစွတ်အောင်လည်း မလုပ်သင့်ဟုထင်ပါသည်။

ထိုအရာကား မနာလိုမှုနှင့် သည်းထန်သော
အမုန်းတရားဖြစ်သည်။ ထိခိုက်ပါလိမ့်မည်။
နာကျင်ပါလိမ့်မည်။ ကြေကွဲပါလိမ့်မည်။
ထိုခံစားမှုက နှလုံးအိမ်ကိုဆုပ်ညှစ်မည်။
သူ့မျက်လုံးတွင် မျက်ရည် . . .


မြစ်ဝါစက်မှုကုမ္ပဏီ
Myit Wah Industry Co.,Ltd.
အဆင့်မြင့်သစ်အချောထည်နှင့်ပရိဘောဂစက်ရုံ
အော်ဒါလက်ခံခြင်းနှင့်ထုတ်လုပ်မှုများ
၁။ ကျွန်း၊ပိတောက်၊တမလန်းနှင့်အိမ်တွင်းအလှဆင် ။
၂။ အဆင့်မြင့် ပရိဘောဂများ။
၃။ ကျည်းငွေ၊တံခါး၊ပြတင်း၊ခြင်လုံများ။
၄။ လှေကားနှင့်ပွတ်လုံးများ။
၅။ ပါကေး၊မျက်နှာကျက်နှင့်စကာတင်များ။
၆။ ဆိုဒ်ကြီး(8"x1"x6') (12"x1½"x6') အခင်းပြား
များကို ရှေးမူအတိုင်း စရွေးနှင့်သပ်သုံး၍
ပြုလုပ်တပ်ဆင်ပေးပါသည်၊ (သံနှင့်ကော်လုံးဝမသုံးပါ။)
နမူနာများကိုရုံးချိန်အတွင်းလာရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။ ( ရုံးပိတ်ရက်မရှိပါ )
Show Room : ဗိုလ်ချုပ်လမ်းနှင့် မင်းရဲကျော်စွာလမ်းကြား ၊ ဇော်ဂျီလမ်း ၊ ဗဟိုစည်ဆေးရုံ အနီး၊ရန်ကုန်။ Hp:09-9610 52 999
ရန်ကုန်၊ လွင်အောင်မိုး 09-203 5038 ဇော်ဇော်အောင် 09-402707358 ယဝေဖူးလွင် 09-797346341 မန္တလေး၊ အောင်ကျော်ဖြိုး 09-43186878


Your Best Document Solution Provider
Rental & Leasing Available
PRIME-BOSS
A4 Color MFP
MX-C300F
Std : Fax/ Network Print/ Color Scan/ PS3
Digital Full Color MFP System
MX-2614N
• Color LCD Touchpanel
• Std: Color Copy/ Network Print/ Network Color Scan
• USB Memory Print/Scan to USB
Special Gift
40" LED TV
Digital MFP System
AR-6020
Std : Copy/ Print/ Color Scan
Special Price
850,000 KS
* All Photos Shown with Option
Prime - Boss Company Limited
Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botataung Township, Yangon. Tel : 01 256644, 256508 Fax -01 256158
Naypyitaw - Tel: 067-421393 Mandalay - Tel: 09-91023841 Email: sales@primeboss.com.mm
Since 1996


yellow pages
MYANMAR YELLOW PAGES
မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်
ကြော်ငြာဆိုဒ်တစ်ခုထည့်သွင်းရုံဖြင့်
Print, Online & Mobile
(3 in 1 Package) ကို
အမြန်ဆုံးရယူလိုက်ပါ !
No.1 in Google YAHOO!
www.myanmaryellowpages.biz
Yellow Pages သည် IMEX (Myanmar) Co.,Ltd. ၏ မူပိုင်ဖြစ်သည်။
IMEX (Myanmar) Co., Ltd.
(Original founder of Myanmar Yellow Pages)
Mobile Download FREE App Store Google play 1Mobile Market
365-367, 2nd Flr., Bogyoke Aung San Rd., Pabedan Tsp., Yangon, Myanmar. Tel : (01) 242758, 243074, (09) 732 35650
Email : myanmaryellowpages@gmail.com. Website : www.myanmaryellowpages.biz, www.yellowpages.net.mm

RUBY ကားစီးလုံးငှားမည်
519100
09-51-77212, 535100

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဘားအံ
ဇင်းကျိုက်ရေတံခွန်၊ ရွှေ့ကုမ္ပဏီ July(16)ရက် (95000Ks)
Special Pass(Visa)
09-421073634, 777636630

ODYSSEY
09 73070193, 09 73187799

ရွှေခေါင်းလောင်း ဘုရားပူးပို့ဆောင်ရေး
ဝါဆိုလပြည့် > ပုဂံ ညောင်ဦး ပုပ္ပါး ခရီးစဉ်
Ph: 09 254499128, 09 255857899, 09 451127809

တစ်အိတ်ဝယ်ရင် ပို့ပေးပါတယ်
09-73077711 01-682844
09-43334222 01-682944



AMA CMI AIM Australian Institute of Management CIM CIPD SIM SHRM atd

ကမ္ဘာ့အကောင်းဆုံး စီမံခန့်ခွဲမှုသင်တန်းကျောင်းကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း

## Management Skills for Managers Part (III)

သင်ကြားပို့ချမည့်သူ > ပါမောက္ခဦးအေးကျော် Founder and Principal (MLMI), (FCMI, UK), (FABE, UK), (FCAM, UK), (ACIPD, UK)

တက်ရောက်သင့်သူများ
၁။ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့ / ဒီပလိုမာသင်တန်းများ တက်ရောက်ရန်မအားလပ်သူများ။
၂။ မန်နေဂျာရာထူးသို့ အချိန်တိုတိုဖြင့် ရောက်ရှိနိုင်ရန် ကြိုးစားနေသော အလားအလာရှိသည့် လုပ်သက်ရင့် Supervisor များ။
၃။ မိမိလက်အောက်ဝန်ထမ်းငယ်များကို ခေတ်မီနိုင်ငံတကာနည်းစနစ်များဖြင့် စီမံခန့်ခွဲကြီးကြပ်လိုသော မန်နေဂျာများ။
၄။ GM, DyGM, AGM နှင့် Senior Manager ရာထူးများသို့ အချိန်တိုဖြင့် ရောက်ရှိလိုသော အငယ်တန်းမန်နေဂျာများ။
၅။ မိရိုးဖလာနည်းလမ်းများထက် ပိုမိုနည်းစနစ်တကျ စီမံခန့်ခွဲလိုသော SMEs ပိုင်ရှင်များ / မိသားစုပိုင် လုပ်ငန်းရှင်များ။
၆။ AFTA နှင့် AEC တို့ကြောင့် ပေါ်ပေါက်လာမည့်အခွင့်အလမ်းများကိုရယူပြီး စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်ပညာဖြည့်လိုသောအရာရှိများ၊လုပ်ငန်းရှင်များ။

သင်တန်းသား အနည်းဆုံး(၃)ဦးနှင့် အထက်စေလွှတ်သော ကုမ္ပဏီများ၊ မိသားစုလုပ်ငန်းများ Discount 10% ရရှိပါမည်။

သင်ကြားမည့် ခေါင်းစဉ်များ > 1. Goal Setting for Managers 2. Facilitating Change Through Middle Management 3. Emotional Intelligence Management 4. Information-Based Decision Making

သင်တန်းချိန်နှင့် နေ့ရက် > ၂၃.၇.၂၀၁၆ (စနေနေ့) နေ့လည် ၁း၁၅ မှ ညနေ ၅း၃၀ နာရီ နှင့် ၂၄.၇.၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၀၀ မှ ညနေ ၅း၃၀ နာရီ
နောက်ဆုံးသင်တန်းအပ်ရန်ရက်မှာ (၂၁ . ၇ . ၂၀၁၆ ကြာသပတေးနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။

ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျက်ရှိပါသည်။

Mlmi Myanmar Leadership & Management Institute Leader in Soft Skills

MLMI, Building (4), Room (10), Myanmar ICT Park, Hlaing University Campus, Yangon.
Tel : 01-2305188, 09 5045551, 09 2600 34160 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement



**Foundation for lifelong learning to meet the leadership challenges of today and tomorrow**

STI MYANMAR UNIVERSITY

STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်။

University of Bedfordshire





### Faculty of Business
Master of Business Administration
BA (Hons) Business Administration
BA (Hons) Accounting

### Faculty of Health Science
MBA (Hospital and Health Services Management)

### Why Study@ STI MU?
- ဘွဲ့ကြိုနှင့် မဟာဘွဲ့အမျိုးအစားအစုံအလင်ဆုံး တစ်ခုတည်းသော ကျောင်းဖြစ်ခြင်း
- UOB, UK ၏ သင်ကြားမှု သင်ယူမှုစနစ်နှင့် နည်းပညာအတိုင်း အရည်အသွေးအာမခံချက်ရရှိထားသည့် တစ်ခုတည်းသောကျောင်းဖြစ်ခြင်း
- သင်တန်းအောင်မြင်ပြီးသူများ MNC ကြီးများတွင် အလုပ်အကိုင်ကောင်းများရရှိခြင်း

### Faculty of Engineering
BEng (Hons) Civil Engineering
BEng (Hons) Architectural Engineering
BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering
BSc (Hons) Construction Management

နိုင်ငံတကာတက္ကသိုလ်ကြီးများရှိ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း

- Auto CAD Design Lab
- Drawing Lab
- Construction Engineering Workshop
- Surveying Lab
- Structure Materials & Concrete Lab
- Soil Mechanic Lab
- Water Resource Lab
- Electronic Circuit Lab
- Architectural Design Studio
- Hydraulic Lab

- Queen's Award ရရှိထားသော University of Bedfordshire-UK မှတိုက်ရိုက်ချီးမြှင့်သောဘွဲ့ကို နောက်ဆုံးနှစ်အထိ STIMU တွင် တက်ရောက်နိုင်ခြင်း
- မဟာဘွဲ့တက်ရောက်နေသူများမှာ နယ်ပယ်အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများဖြစ်ခြင်း
- Go Global Experience ဖြင့် UOB,UK နှင့် London Stock Exchange, MNC Company များအပြင် New York, Singapore, China, Malaysia, India နှင့် Vietnam နိုင်ငံရှိ တက္ကသိုလ်ကြီးများသို့ သွားရောက်လေ့လာနိုင်ခြင်း
- သင်တန်းအောင်မြင်ပြီးဆုံးပါက ကမ္ဘာအရပ်ရပ်ရှိ မည်သည့်တက္ကသိုလ်ကြီးများတွင်မဆို Master Program, Ph.D Program များ ဆက်လက်တက်ရောက်နိုင်ခြင်း

INTERNSHIP
JOB PLACEMENT
AVAILABLE

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451 www.stiedu.net https://www.facebook.com/STIMyanmarUni

## HYUNDAI MOTOR မှ အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

HYUNDAI Official Partner EURO2016

Hyundai Motor ၏ မြန်မာနိုင်ငံတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသော International KLM Group မှ Hyundai Motor အရောင်းကိုယ်စားလှယ်များ ရှာဖွေလျက်ရှိပါသည်။ Hyundai Motor သည် ကမ္ဘာ့အကြီးဆုံး မော်တော်ကားဈေးကွက်တွင် တစ်ကမ္ဘာလုံး အဆိုင်းအတာဖြင့် နံပါတ် (၅) နေရာမှ ရပ်တည်လျက်ရှိပြီး International KLM Co.,Ltd သည်လည်း မြန်မာနိုင်ငံတွင် ၃ နှစ်ဆက်တိုက် အောင်မြင်မှုရရှိလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Hyundai Motor တွင် Product Line-up အပြည့်အစုံဖြစ်သော Hatchback, Saloon, SUV, Mini Bus နှင့် Light Truck ကားများကို ရောင်းချလျက်ရှိပါသည်။

### HYUNDAI MOTOR LINE-UP




### OFFICIAL DEALER REQUIREMENT

**အရောင်းကိုယ်စားလှယ် အဖြစ်လျှောက်ထားရန် လိုအပ်ချက်များ**

- Brand New Car Dealer လုပ်ငန်းတွင်စိတ်ဝင်စားမှုရှိသူဖြစ်ရမည်။
- မော်တော်ကားလုပ်ငန်းတွင် အတွေ့အကြုံ ရှိသူ(သို့မဟုတ်) လုံလောက်သောမြေ/ အဆောက်အဦးရှိသူကိုဦးစားပေးမည်။

**လျှောက်ထားနိုင်သည့် မြို့များ**

- ပုသိမ် (ဧရာဝတီတိုင်း)
- နေပြည်တော်
- တောင်ကြီး၊ လားရှိုး (ရှမ်းပြည်နယ်)
- ပဲခူး (မြို့)
- မွန် (မော်လမြိုင်)
- တနင်္သာရီ (ထားဝယ်)
- မကွေး

**၃၁.၈.၂၀၁၆ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။**

**လျှောက်ထားရန်နည်းလမ်းများ**

- ဆွေးနွေးတိုင်ပင်ခြင်း နှင့် လျှောက်ထားခြင်း
- စိစစ်ရွေးချယ်ခြင်း
- အသိပေးကြေငြာခြင်း

**အကျိုးခံစားခွင့်များ**

ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်သည်မိမိ ဒေသအတွင်း Hyundai ကားများကို လွတ်လပ်စွာရောင်းချပိုင်ခွင့် ရရှိသည့် တစ်ဦးတည်းသော အရောင်းကိုယ်စားလှယ်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**

ဒေါ် မေသူနွားမိုး 09 2500 100 10
ဦးသွင်သီဟထွန်း (ကိုမိုး) 09 4210 795 71
ဦးကျော်မင်းလွင် 09 4217 427 18

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Office : 09 2531 51970, 09 40 2591 885 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm



## ရွှေလမ်းခရီး ... မှ July 8,15,17,18

- ပုဂံ (စွယ်တော်လေးဆူ) (ပြည့်ငါးပြည့်)၊ ပုပ္ပါး ပခုက္ကူ နေပြည်တော်
- တောင်ကြီး(မွေတော်ကက္ကူ)၊ (ထမ်မံစမ်းလိုဏ်ဂူ)၊ အင်းလေး ပင်းတယ
- မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ဝေဘာဂီရနကျောက်စိမ်းစေတီတော်
- ပြည်၊ အကောက်တောင်၊ နဂါးရုံတောင်ဆရာတော်ဖူး
- ဝလွန်
- မော်လမြိုင်၊ ကျိုက္ကမီ၊ ဇက်ဆိပ်ကမ်းခြေ
- မဲလဲသံတော်ရှင်
- နေ့ချင်းပြန်
- ကျိုက်ထီးရိုး
- ချောင်းသာ
- လက်မှတ်ရောင်း/ဝင်းလုံးငှား

အမှတ်(၃၁၇)ပန်းဆိုးတန်းလမ်း 09401589907,095124678,098627170



## ဂန္ဓဝင်ရွှေပုဂံ Travel & Tours

| | | |
|---|---|---|
| သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်) | (၆/၇) ရက် | USD 1300 |
| ဖန်ကောက် | (၄/၅) ရက် | USD 490 |
| စင်ကာပူ | (၃/၄) ရက် | USD 790 |
| ဗီယက်နမ် | (၃/၄) ရက် | USD 480 |
| ကိုရီးယား | (၈/၉) ရက် | USD 1900 |
| ဂျပန် | (၇/၈) ရက် | USD 2900 |
| ပီကင်း + ရှန်ဟိုင်း | (၅/၆) ရက် | USD 1200 |
| ဟောင်ကောင် + မကာအို | (၄/၅) ရက် | USD 1080 |
| ဥရောပ (၇) နိုင်ငံ | (၁၄/၁၅) ရက် | USD 4800 |
| ဥရောပ (၃) နိုင်ငံ | (၉/၁၀) ရက် | USD 3800 |
| အမေရိကန် (East Coast) | (၉/၁၀) ရက် | USD 4000 |

* ဈေးနှုန်းများအားလုံး 4 Star Hotels နှင့် All Included

(Ygn Office) : No. 67, Baho Road, Sanchaung.
Ph: 01-510491, 519360, 500191
(MDY Office): 81 Rd,Bet: 33 x 34 St. Mandalay.
Ph: 09-31693339, 09-73013856



## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763



## ကိုသန့်ဇင် CAR RENTAL

ကားမျိုးစုံအမိုးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821



## Elaros

Elaros အလှကုန် အမှတ်တံဆိပ်သည် Te Fa Co., Ltd. မှ တရားဝင်မှတ်ပုံတင်ထားရှိကြောင်း ကြေငြာပါသည်။



## ခင့်ခံမြို့သစ်

အင်္ဂလိပ် ...
09-6809893
09-5120620




## Home ဈေးနှုန်း အသက်သာဆုံး

Since 1996

Kitchen Cabinets
မီးဖိုခန်းသုံး နံရံကပ် ဗီရိုများ





** စိတ်တိုင်းကျ ဒီဇိုင်းမျိုးစုံ ရရှိပါသည်




- Grade A, B, C, D အဆင့်များသာ ရောင်းပါသည်။
- ဈေးနှုန်းအနိမ့်ဆုံး အမြင့်ဆုံးထိရှိပါသည်။
- ကျင်းပြုတ်နှင့် Skirting အပြီးအစီး။

(Stock Limited အတွင်းသာ)

Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083



## ရွှေနဂါး

အပူခံအသံထိန်း (Insulation) အမိုးသွပ်ပြား နှင့် အကာပြား

လူကြီးမင်းတို့၏ အဆောက်အဦးများ၊ စက်ရုံများတွင် အပူရှိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?

မိုးသံ၊ လေသံကြောင့် အဆောက်အဦးအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စက်ရုံများ၊ စားသောက်ဆိုင်များအတွက်

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ ယာယီရုံးခန်းများ၊ လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို အသုံးပြု၍ လျင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။

မိုးရာသီအထူးလျှော့ဈေး

Please Call US
Ph:01-685985, 685990



ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ ပန်းတင်ဦးဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ကြော်ငြာ


ဦးအောင်ဟိန်းကျော်
ရေးပြောဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်
■ ဇင်မအိမ်ယာ၊ ဇင်မလမ်း၊ ရုပ်ရှင်ရုံနှင့်ထုပ်ရုံကြား၊ ၂ မြောက်၊ သာကေတ
■ 09785171841
■ 392468
09517184

အာရှနဂါး
Asia Dragon
Ph:01 707062, 09 799100100
01 703790, 09 797100100

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

စာအုပ်စာပေ
လှူမိတ်ဆွေ


နိုင်ငံတကာအသိအမှတ်ပြုဖွံ့ဖြိုးမှု(၅)ရပ်ကိုအခြေခံသည့် မူကြိုပညာရေး
nurture preschool
Pre-school

Emotional Development(EQ)
Intellectual Development(IQ)
Moral Development
Physical Development
Social Development
09262963774
09262963775
01-530097
09254148005
01-549590
09254148006
09259822226
09259822227
01-663960
09259822220

LINCOLN UNIVERSITY COLLEGE
MBA in Hospitality Management

*Global Recognition
*Fees in Installment
*Diverse Opportunities
*Experienced & Professional faculties
*First MBA - Hospitality Management in Myanmar
*Credit Transfer (UK, USA, Australia, New Zealand and Europe)
MBA in Hospitality Management = Business Management + Hospitality Management
လျှောက်လွှာပိတ်ရက် - ( 18.7.2016 )
ENROLL NOW
STAR RESOURCES ACADEMY
No. (267), Room. (202), MAC Tower(Near Myay Ni Gone Yoma Bank), Pyay Road, Sanchaung Tsp, Yangon, Myanmar.
Phone: (95-1) 523 200, 230 4020, 230 4021, 523 623, 09 5020 302
Email: info@staresources.com

ဈေးပေါပေါနဲ့ခရီးသွားချင်ပါသလား?
BUDGET AIRLINES SPECIALIST ကို
ဆက်သွယ်လိုက်ပါ။
SL, AK, FD, DD, TR, 3K, VJ အစရှိသည့် လေယာဉ်လက်မှတ်များ ဝယ်ယူရရှိနိုင်ပါပြီ။
လေယာဉ်ပျံလက်မှတ် ကိုယ်စားလှယ်(စ်)
Columbus TRAVELS & TOURS
T: 01-229245, 01-378535
T: 09-792323561~62, 09-977808930

DELIGHT
Compressed Air Solution Provider
Our Services
Design
Supply
Installation
After Sale Service

WE SERVICE AIR COMPRESSOR
Show Room(I)
No.(9), Ngar Man Aung Pagoda Street, 33rd Ward, North Dagon Township, Yangon,Myanmar. 11421
Office Tel: (+95)18010470, (+95)18010644 Fax: (+95)1581430
(+95)9977 100 250, (+95)9977 100 260, (+95)9977 100 280
Show Room (II) & Service Center
No.(1096, 1097,1098), Sayar San Road, 27th Ward, near Pinlon Hospital, North Dagon Township,Yangon.
Hot Line:(+95)9977 100 277 E-Mail : info@joyanceintl.com

BIG ICON Mobile Training Centre
အမှတ်-၅၀၄၊ ၅၀၆၊ ကုန်သည်လမ်းနှင့် ၃၉-လမ်းထောင့်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၃၀၂၁၊ ၀၉-၂၆၂၄၄၀၇၈၈၊ ၀၉-၂၆၂၄၄၀၇၈၉

တိုက်ခန်း ၀ီနိုင်း 100
Costal Landing Craft
Engine Mitsubishi 10 လုံးထိုး 2 လုံး
တွန်းသင်္ဘော ရောင်းရန် ရှိသည်။
Length 138.50 ft, Breadth 35.75 ft, Depth 10 ft
01-398304, 09-400023580, 09-5021404

ငှားမည်
ဒဂုံ(အရှေ့ပိုင်း)၊ အမှတ်(၂)လမ်းမကြီး၊ အရှေ့ပြည်သာယာရိပ်မွန်လုံးချင်းအိမ်ရာ၊ နှစ်ထပ်တိုက်၊ ကားပါကင်ပါ၊ MB(2) ခန်း၊ SB(1) ခန်း၊ ရေ၊ မီးစုံ
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၃၆၁၁၅၉၊ ၀၉-၇၃၀၂၀၇၃၉


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း


နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/အလင်းရောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀.၀၆၅)ဧကရှိ ဒေါ်ဖြူဖြူဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ဦးစိန်ဝင်း၊၉/လဝန(နိုင်)၁၂၀၆၅၂၊ အဖအမည် ဦးတန်ယန်ဗိုးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ



Rinnai Japan
End of July
Gas Cooker, Cooker Hood & Water Heater
Showroom Promotion

Buy-One
Get Second Selected Item
50% Discount
Hot Line : 09-73050338, 09-73007773
Authorized Distributor: Myanmar Kowa International Co., Ltd. Tel: 01-246304, 01-245925







## APPLY NOW!

Holly Hotel တွင် အောက် ဖော်ပြပါ ရာထူးနေရာ များ အတွက် တာဝန်ထမ်းဆောင် လိုသူများ
ဆက်သွယ် လျှောက်ထား နိုင်ပါပြီ။

| | | | |
|---|---|---|---|
| **Administration** | | **Front Office** | |
| Operation Manager | 2 positions | Front Office Supervisor | 3 positions |
| | | Night Auditor | 2 positions |
| **Sales & Marketing** | | Receptionist (Chinese Speaking) | 2 positions |
| Sales Supervisor | 2 positions | Concierge/ Bellman | 4 positions |
| | | Security | 6 positions |
| **Food & Beverage** | | | |
| Bar Supervisor | 2 positions | **Housekeeping** | |
| Waiter/ Waitress | 3 positions | Room Attendant | 3 positions |
| Steward (Kitchen) | 2 positions | Linens/ Uniform Attendant | 2 positions |

လျှောက်လွှာများ ကို CV Form ဓါတ်ပုံ (၁) ပုံ နှင့် အတူ gm@hollyhotelmyanmar.com သို့လည်း ကောင်း (သို့မဟုတ်) ဂမုန်းပွင့် (မြေနီကုန်း) ၂၄၅ ဗားဂရာလမ်း ၊စမ်းချောင်း မြို့နယ် သို့လည်းကောင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Tel: 01524963, 01526928, 01516533-6

**Holly Hotel Myanmar**
Thiriyadanar Wholesales Market Compound | Thudhamar Road | North Okkalapa Township | Yangon | 11031
www.hollyhotelmyanmar.com or follow us on: @HOLLYHOTEL

Holly's *A Refreshing Your Stay at The New Side of Yangon!* HOLLY HOTEL

---

Yangon JOB
www.facebook.com/YangonJobJournal/ Ph: 09 4500 44405, 09 4500 44406
အတွဲ(၁) အမှတ်(၄) ထွက်နေပါပြီ။

---

- အငြိမ်းစားပါမောက္ခကြီးများ ကိုယ်တိုင်လမ်းညွှန်ပို့ချချက်များ
- စာသင်သားတိုင်းအတွက် အခန်းလိုက်ပို့ချချက်များ
- လေ့ကျင့်ခန်းများနှင့်စံပြအဖြေများ ပါဝင်သည်။

အတွဲ ၁၁၊ အမှတ် ၁၊ ၂၊ ၃
ထွက်ပြီ

ဆက်သွယ်ရန်
Nyein Center

---

DENTAL
# နှင်းဆီကုန်း
## သွားနှင့်ခံတွင်းအထူးကုဆေးခန်း
အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 558401, 558459 (Ext : 104)
*Value For the Money, One Stop Dental Services*
*OPEN DAILY 9:00Am - 8:00Pm*
သင့်သွားနှင့်ခံတွင်းကျန်းမာရေးအတွက် သင့်တင့်သောဈေးနှုန်းဖြင့် ကုသ-ကာကွယ်နိုင်သည်။

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသောင်းလှိုင် အသက် (၉၀)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သမဝါယမဦးစီးဌာန**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နေ (ဦးလှကျော်-ဒေါ်မမကြီး)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သံလျင်တံတားစီမံကိန်းအိမ်ရာဝင်း၊ ၁၀/တောင် (၁၃)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၁၁)နေ (ဒေါ်လှကြည်)၏ခင်ပွန်း၊ ဒေါ်လှထွေးကြည်၊ (ဦးမျိုးဇော်)၊ ဒုတိယဗိုလ်မှူးကြီးမော်လှိုင် (ငြိမ်း)-ဒေါ်ဝါဝါစန်း (အလယ်တန်းကျောင်းအုပ်-ငြိမ်း)၊ ဦးရဲထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ကြီးရုံး သမ)-ဒေါ်ခင်မာဆန်း၊ ဒေါ်လှိုင်လှိုင်သင်း (ရုံးအုပ်၊ ပြည်သူ့အင်အားဦးစီးဌာန)တို့၏ဖခင်၊ ဒေါက်တာဆွေဆွေမြင့်၊ မသက်ထားစံ၊ မောင်ဘုန်းပြည့်လှိုင်တို့၏ အဘိုးသည် ၁၀-၇-၂၀၁၆ရက် မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ ဇရပ်၊ စောင်းတန်း ဒါယကာကြီး
## ဦးဟံထွန်း(ဂျော်ဂျီ) အသက်(၇၀)
**ရွှေတောင်မြို့ နယ်အသင်း**
**Ex. R/O (Eastwind Shipping Co., Ltd)**

ရန်ကုန်မြို့၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ (၅၃)လမ်း၊ (၉/၁၁)၊ ခုနစ်လွှာနေ (ဦးထွန်းမောင်-ဒေါ်ခင်နု)တို့၏သား၊ (ဗိုလ်အေမောင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါက်တာတင်ဦး-ဒေါ်လဲ့လဲ့တို့၏မောင်၊ ဦးရဲမြင့် (ဗိုသုကာ)-ဒေါ်နွဲ့နွဲ့တို့၏အစ်ကို၊ ဒေါ်အေးလဲ့ဆွေ၏ခင်ပွန်း၊ ဦးကျော်ကျော်ဟန်ထွန်း (2/0 Uniteam Shipping)-ဒေါက်တာနန်းယုဝေ (Research officer,PSI) တို့၏ဖခင် ၊ မဆောင်းဦးရတနာ [sweety, P-6 (c), I.L.B.C]၏ အဘိုးသည် ၁၀-၇-၂၀၁၆ရက် ည ၇း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ရွှေတောင်မြို့နယ် အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန္တာရွှေ အသက်(၅၀)

ရန်ကုန်မြို့ အောင်ဆန်းရပ်ကွက်နေ (ဦးသောင်းရွှေ-ဒေါ်အုံးကျွေ)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၆၅)၊ နှင်းဆီဝါလမ်း၊ သုဝဏ္ဏနေ (ဗိုလ်မှူးချုပ်ဝင်းရှိန်)-ဒေါ်ခင်မေသန်းတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၁၄)၊ အခန်း(၁၀၂)၊ ငုဝါလမ်း၊ အေးရိပ်မွန်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦး(ငြိမ်း)၊ အင်ဂျင်နီယာမှူးကြီး၊ တာယာစက်ရုံ(ရွာမ)၏ ချစ်ဇနီး၊ မနေဝန်းလက်(BE.Civil)၊ မောင်ပိုင်ဖြိုးဝေ (E-Major Final Yr)တို့၏ ချစ်လှစွာသောမိခင်၊ ဦးမောင်စော-ဒေါ်ခင်ဝင်းကြည်၊ ဗိုလ်ကြီးအောင်စိုး(ငြိမ်း)-ဒေါ်အေးအေးနွယ်၊ ဦးမောင်ကြိုင်-(ဒေါ်ခင်သန်းရီ)၊ ဦးခင်မောင်-ဒေါ်မြင့်မြင့်အေး၊ ဦးဆန်နီ (AE, အေဒင်ကုမ္ပဏီ)-ဒေါ်လဲ့လဲ့တိုးတို့၏ ချစ်လှစွာသော ညီမလေး ဒေါ်သန္တာရွှေသည် ၉-၇-၂၀၁၆ရက် ညနေ ၆း၂၅ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အောက်မေ့သတိရခြင်း
## ဦးပီတာသောင်းစိန်
**အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး(ငြိမ်း)**
**ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (ငြိမ်း)**

၁၁-၇-၂၀၁၆ ရက်နေ့ဆိုရင် ခွဲခွာသွားခဲ့တာ (၂)လတိတိပြည့်မြောက်ခဲ့ပေမယ့် တစ်ရက်မှ မေ့လို့မရခဲ့ပါဘူး။ လူ့လောကကြီးထဲမှာ သက်ရှိထင်ရှားရှိနေသကဲ့သို့ နွေးထွေးနေဆဲ၊ သတိရနေဆဲ၊ ချစ်ကြည်နေဆဲပါ။

မိသားစုက ရည်စူးပြီး နေစဉ်ပြုပေးနေတဲ့ ကောင်းမှု ကုသိုလ်အကျိုး အဝဝကို ခံစားပြီး အေးချမ်းသောခရစ်တော်ထံပါးမှာ

ထာဝရ စံမြန်းနိုင်ပါစေ။

**ကျန်ရစ်သူချစ်ဇနီးနှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဌေးမြင့်(ခ) Robert Lee
## အသက်(၇၈)နှစ်
**ကျောက်မဲမြို့ (New Jersey USA)**

အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်နေ အန်တီမွှေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖေဝင်း-မသီတာစိုး၊ ကိုရဲမင်း-မထွေးထွေးသိန်းမောင်၊ ကိုနေလင်း-မဇင်မာမော်၊ ကိုခင်မောင်လေး-မခင်လေးမြင့်(မီးမီး)၊ ကိုတင်ထွန်းနိုင်-Namphung Piyachai၊ ကိုတင်ဝင်းနိုင်-မစန္ဒာရဲမြင့်တို့၏ ချစ်လှစွာသောဖခင် အန်ကယ် ဦးဌေးမြင့်သည် ၉-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုမောင်မောင်ထွန်း-မသီတာစိန်ညွန့်**
**(လက်ရွေးစင် မိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မလေး
## အသက် (၆၁)နှစ်

သူငယ်ချင်း ဒေါက်တာဇော်မင်း (ရေနံချောင်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်မလေး သည် ၄-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်တပ်တူ အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၀ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဌေး
**ခရိုင်တရားသူကြီး၊ ကန့်ဘလူခရိုင်တရားရုံး**
## အသက် (၆၀)

သူငယ်ချင်း ဒေါ်တင်တင်ဌေး သည် ၈-၇-၂၀၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဇေယျ (၇၄) တရားရေး အရာရှိသင်တန်း အမှတ်စဉ် (၂) သူငယ်ချင်းများ**

## ဆရာမကြီး ဒေါ်တင်တင် (သိမ်ချောင်း)
**ကျောက်ရေတွင်း (အမက-ငြိမ်း)**
## အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ အမှတ် (၁၄)၊ သင်္ဂဟလမ်း၊ (ယ)ရပ်ကွက်နေ (ဦးသာထွန်း-ဒေါ်နှင်း)တို့၏ သမီး၊ (ဦးဝဲ-ဒေါ်သန်းမြင့်)တို့၏ညီမ၊ (ဦးတင်ညို-ဒေါ်တင်အေး)၊ (ဦးရွှေစိုး)-ဒေါ်သိန်းရွှေ (ဦးမြညွန့်)-ဒေါ်ကြည်တို့၏ အစ်မ၊ (ဦးစံသိန်း-ဒေါ်ရီရီဝင်း)၊ ကပ္ပတိန် ဦးအေးထွန်း-ဒေါ်သဇင်လေးဆက်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဝင်း (၇၅)နှစ်
**Chairman Win Enterprise Co., Ltd**
**(စိန်ပေါလ်၊ စိန်ဂွန်းကျောင်းသားဟောင်း)**

ရန်ကုန်မြို့၊ အမှတ်(L.71)၊ ကန်ရိပ်သာလမ်းသွယ်(၅)၊ FMI City၊ လှိုင်သာယာမြို့နယ်နေ (ဦးကြီးစိုင်-ဒေါ်စိန်ညွန့်)တို့၏ သားထွေး၊ (ဦးဝမ်ရှိန်-ဒေါ်သန်းစိန်)တို့၏ သားသမက်၊ (ဦးတင်ရှိန်-ဒေါ်သန်းယုံ)၊ ပါမောက္ခဒေါက်တာ ဦးသိန်းညွန့်-(ဒေါက်တာဒေါ်စီစီ)၊ ဒေါက်တာကြည်လင်-ဒေါက်တာဒေါ်အေးအေးမြင့်၊ ဦးဖေကြည်-(ဒေါ်အေးသွယ်)၊ ဦးထွန်းရှိန်-ဒေါ်ကြည်မေကောင်း၊ ဦးသော်ကောင်း-ဒေါ်ခင်သန်းတို့၏ညီ/မောင်၊ ဦးသိန်းထွန်း-ဒေါ်တင်စိန်တို့၏ အစ်ကို၊ (ဒေါ်ဌေးဌေး)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်တင်ဌေးမင်း၊ ဦးမင်းလွင်-ဒေါ်ဇင်လေးဝင်း၊ ဦးသိန်းနိုင်-ဒေါက်တာသဲသဲဝင်း၊ ဦးစိုးကြီးအောင်-ဒေါက်တာ သိုက်သိုက်ဝင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်ကျော်ဆက်၊ မဟေသီထက်၊ မပွင့်ဦးခင်၊ မောင်စွမ်းထက်လင်း၊ မောင်မြတ်သူ၊ မဖြူစင်နှင်းယုတို့၏ ချစ်လှစွာသော အဘိုး၊ တူ/တူမ ၁၈ ယောက်တို့၏ဦးလေး ဦးတင်ဝင်းသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅း၁၄ နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Novena ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ကြည် (ထားဝယ်)
## အသက် (၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးစံဝှက်-ဒေါ်နှင်းမြိုင်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ်(၂၉/ခြောက်လွှာ၊ခ)နေ ဒေါ်စုစုလွင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇင်မင်းနိုင်-မလဲ့လဲ့ခိုင်၊ မောင်ဘိုဘိုနိုင် တို့၏ ချစ်လှစွာသောဖခင်၊ ဦးခင်မောင်လွင်(အခွန်ဦးစီးအရာရှိ-ငြိမ်း)-ဒေါ်မိုးမိုး၊ ဦးခင်မောင်မြင့်-ဒေါ်ဌေးဌေး၊ ဦးစိန်သစ် (TOSTA)-ဒေါ်သန်းသန်းအေးတို့၏ အစ်ကိုကြီးသည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၃၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုရဲမှူး မာလာအေး (၅၁)နှစ်
**(ရဲ-၄၆၉၇)**
**ဒုရဲအုပ် အပတ်စဉ် ၂၇/၉၆ (စည်သူတပ်ခွဲ)**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျိုက္ကဆံရဲရိပ်သာ၊ တိုက်(၄)၊ အခန်း(ယ) နေ ဦးတင်အေး-ဒေါ်ခင်မြတို့၏သမီး၊ ဦးခင်မောင်အေး (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ယန္တရားတပ်ခွဲတောင်)-ဒေါ်ဥမ္မာမြင့်၊ တကက တင်မောင်ဌေး (ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး)တို့၏ညီမ၊ ဦးတင်ထွန်းအောင် (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန)-ဒေါ်ခင်ညွန့်ရီ၊ ဦးအောင်လင်းမိုး (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ချယ်ရီဝင်းတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီတွင် ခုတင် ၅၀၀ဆံ့ အထူးကုဆေးရုံးကြီး ရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း ဒါယိကာမကြီး
## ဒေါ်သိန်းမေ
## အသက် (၈၄)နှစ်
**(ဒလ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ (၂)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ် (၈)နေ (ဦးမြ-ဒေါ်သန်းကြည်)တို့၏သမီးကြီး၊(ဦးမောင်ဇင်-ဒေါ်တင်)တို့၏သမီးချွေးမ၊ ဦးစိန်ခိုင်၏ ချစ်လှစွာသောဇနီး၊ (ဦးခင်မော်-ဒေါ်ခင်ရီ)၊ ဒေါ်ခင်သီ၊ ဒေါ်လှလှဝေ၊ ဦးသိန်းထွန်း (IWT မြစ်ဝ)-ဒေါ်သန်းသန်းအေး (အထက-၁၊ ဒလ)၊ ဒေါ်လှလှဝင်း (အထက-၁၊ ဒလ)၊ ဒေါ်ခင်ခင်မာ(ဒဂုံ/ကျင်း)၊ ဦးကိုကိုနိုင် (Uniteam)- ဒေါ်ခင်မျိုးပိုင်၊ ဦးဇော်ဝင်းနိုင်၊ ဦးအေးဝင်းနိုင် (DONG GIN)-ဒေါ်ယုယုထွေးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ ကိုကျော်ဇင်ဝင်းမော်၊ ကိုရန်နိုင်ဦး (Red Link Co., Ltd)- မလဲ့ယုယုမော်(IKBZ)၊ ကိုအောင်သူ (Golden Eagle)၊ မသီရိမေသူထွန်း (HTCT Co., Ltd)၊ မအိသဥ္ဇာသော်၊ မောင်မျိုးဆက်ပိုင်၊ မောင်ကျော်သုတဉာဏ်တို့၏ အဘွားသည် ၉-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ခနိတောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Philomena ဒေါ်ချိုချိုစိန်
## အသက်(၅၃) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရွှေနုလမ်း၊ အမှတ်(၆၁/ခ) နေ (Austin ဦးစိန်ဖေ- Juliana ဒေါ်လှကြည်)တို့၏ ချစ်လှစွာသော သမီး၊ (Patrick ဦးမြင့်ဖေ)-ဒေါ်မာစီစိုးစိုးနွယ်၊Alphones ဦးကျော်မင်း-(Marguerita ဒေါ်မေမေစိန်)၊ Laurance ဦးအောင်ဖေ-(Irene ဒေါ်ခင်မေချစ်)၊ Sr. Julia (ကောင်းသော သိုးထိန်း သီလရှင်ဂိုဏ်း)၊Victoria ဒေါ်နီနီစိန်တို့၏ ချစ်လှစွာသော ညီမ၊ Fr. Eddie ဦးဝင်းဖေ(ရဲမွန်သာသနာ)၊ Chiristina ဒေါ်အေးအေးစိန် (ရိုးမဘဏ်၊ ညောင်လေးပင်)တို့၏ ချစ်လှစွာသောအစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်သည် ၁၀-၇-၂၀၁၆ ရက် နံနက် ၄း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဦးရွှေနုလမ်းနေအိမ်မှ မင်းပညာရှိသုံးပါးဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ (စနေနေ့) နံနက် ၈နာရီတွင် ဦးရွှေနုလမ်းနေအိမ်၌ ဝတ်ပြုဆုတောင်းခြင်းသို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုဇာတသာရ
## သိက္ခာတော်(၇၀)ဝါ၊ သက်တော်(၉၀)
**(ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရတညျူမဟာနာယက)**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒဟတ္တောကျောင်းတိုက် ပဓာန မဟာနာယက သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ဒဟတ္တော ဆရာတော်ကြီး ဘဒ္ဒန္တ သုဇာတသာရ သိက္ခာတော်(၇၀)ဝါ၊ သက်တော်(၉၀)သည် (၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်) ၆-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅ နာရီတွင် ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံလွန်တော်မူသည ဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ် တော်ကို (၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်) ၁၂-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်း တို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

စျာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ

## အာနိစ္စ

## ဒေါ်တင်တင်အေး (၆၈)နှစ်
**(ဗဟိုအမျိုးသမီးသားဖွားဆေးရုံ-ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁) ရပ်ကွက်၊ ထူပါရုံ (၁၂)လမ်းအနောက်နေ (ဦးလှဖေ-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးသိန်း)-ဒေါ်ရင်မြတို့၏ တူမ၊ ဦးလှထွန်း-(ဒေါ်မေအေးချို)၊ ဦးမြင့်ဆွေ(ခ)ဦးဖိုးဝ-ဒေါ်သန်းသန်းယုတို့၏ အစ်မ၊ ဦးဇော်နိုင်-ဒေါ်အေးသီတာထွန်း၊ မအေးဇာခြည်ထွန်း၊ မောင်ဇင်လင်းထိုက်-မအေးသဥ္ဇာထွန်း၊ မောင်ဝေယံလင်းထွန်း - မစန္ဒာဆွေတို့၏ ကြီးတော်၊ မြေးလေးယောက်တို့၏ အဘွားသည် ၉-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၆ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ရရှိဒါဘီဘီ(ခ)
## ဒေါ်ခင်အုန်းသန်း (၄၆)နှစ်
**B.A (Geography 1996)**
**မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃) (ငြိမ်း)**
**အထက(၂)သန်လျင်၊ကျောင်းသူဟောင်း**

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ လေးလွှာ၊ (၅၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးသန်းအောင်-(ဒေါ်စန်းစန်းမြင့်)တို့၏ သမီး၊ ဦးထွေးမင်း(CHIEF OFFICER UNITEAM MARINE)၏ ဇနီး၊ မောင်ဉာဏ်သာမင်း(နဝမတန်း)၊ မောင်ရဲပြည့်စုံမင်း (ဆဋ္ဌမတန်း၊ ထ-၂၊ ဗိုလ်တထောင်)တို့၏မွေးသမိခင်၊ ဒေါ်ခင်မာဦး (ဒု-ညွှန်ကြားရေးမှူး၊ စိုက်/စီ)၏ ညီမ၊ ဒေါ်ခင်ထားလှိုင် (မန်နေဂျာ၊ UNITED VISION Co.) ၊ ဦးခင်မောင်ချို (UNITEAM MARINE) တို့၏အစ်မ ဒေါ်ခင်အုန်းသန်းသည် ၉-၇-၂၀၁၆ရက် နံနက် ၉ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် သန်လျင်ကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစောအောင်မိုး (၄၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ လမ်း (၁၂၀)၊ အမှတ်(၁၈)၊ လေးလွှာ(ဝဲ)နေ ဦးစံထွန်း-ဒေါ်ဖြူတို့၏ သားကြီး၊ (ဦးမြင့်မောင်)-ဒေါ်စောနုကြိုင်တို့၏ သားသမက်၊ ဆရာမ ဒေါ်ဝင်းဝင်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မမေမြတ်နိုးသူ (Grade- 7-C၊ အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ မောင်ခန့်ဘုန်းမြင့်မြတ် (Kg.A၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ ချစ်လှစွာသောဖခင်၊ မကလျာမိုး၊ မစောနန်းမွန်တို့၏ အစ်ကိုကြီး၊ ဒေါ်သန်းသန်းနိုင်၏တူ၊ မောင်မျိုးမင်းကျော်၏ ချစ်လှစွာသော ဘကြီး ဦးစောအောင်မိုးသည် ၉-၇-၂၀၁၆ ရက် ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြတ်မုန် (၈၇)နှစ်
**တပ်ကုန်းမြို့နယ်၊ မကျည်းပင်ရွာ**

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟအိမ်ယာနေ ဗိုလ်ချုပ်မောင်ဦး(ငြိမ်း)-ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ တပ်ကုန်းမြို့နယ်၊ မကျည်းပင်ကျေးရွာနေ ဦးကျော်မြင့်-ဒေါ်အုန်း၊ ဦးမောင်မြင့်-ဒေါ်စိုးကြည်တို့၏မိခင်ကြီး ဒေါ်မြတ်မုန်သည် ၁၀-၇-၂၀၁၆ ရက် နံနက် ၅း၃၀ နာရီတွင် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် မကျည်းပင်ကျေးရွာ နေအိမ်မှ မကျည်းပင်ကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဌေးမြင့်(ခ) Rober Lee (၇၈)နှစ်
**(ကျောက်မဲမြို့)**
**New Jersey, USA**

အမေရိကန်နိုင်ငံ၊ နယူးဂျာစီပြည်နယ်နေ (ဦးချိန်မြင့်-ဒေါ်ဝှမ်စိန်)တို့၏ သား၊ ဒေါ်မွှေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဖေဝင်း (Chris Lee)- မသီတာစိုး၊ ကိုရဲမင်း-မထွေးထွေးသိန်းမောင်၊ ကိုနေလင်း (Alex Lee)-မဇင်မာမော်၊ ကိုခင်မောင်လေး-မမီးမီးခင်လေး၊ ကိုတင်ထွန်းနိုင် (Steven Lee)-Namphumg Piyachai၊ ကိုတင်ဝင်းနိုင် (Tommy Lee)-မစန္ဒာရဲမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ချစ်လှစွာသောအဘိုး Robert Lee@ ဦးဌေးမြင့်သည် ၉-၇-၂၀၁၆ရက် အမေရိကန်စံတော်ချိန် နံနက် ၈း၄၃နာရီတွင် အမေရိကန်နိုင်ငံ၊ New Jersey ပြည်နယ်၊ 34, Bennett Court, East Brunswick နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်အေး (၇၃)နှစ်

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၄၁)နေ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ (ဦးသက်နွယ်ဦး)-ဒေါ်ခင်မျိုးမျိုးကျော်၊ ဦးကျော်စွာဦး-ဒေါ်အေးသိမ့်သိမ့်ဝင်း၊ (ဦးဝင်းနိုင်ဦး)-ဒေါ်သန္တာအေး၊ ဦးတင်ထွန်းရှိန်-ဒေါ်သန္တာမြင့်၊ (ကိုစိုးကျော်သူ)၊ မောင်တေဇာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်တို့၏အဘိုး ဦးခင်မောင်အေးသည် ၈-၇-၂၀၁၆ (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်သန်းတင်(ခ)Maria
## အသက်(၉၄) နှစ်

(ဦးတင်စိန်) ၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့ ခြံအမှတ်(၃၂)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ ဦးဝင်းမြင့်-(ဒေါ်ခင်နန်းမူ)တို့၏မိခင်၊ ကိုရည်ဘုန်း-မဖြူဖြူမာ၊ ကိုရည်ဟိန်း- မခင်ချိုထက်တို့၏ ချစ်လှစွာသောအဘွား၊ မကြည်ဖြူမြင့်ဘုန်း၊ မောင်ဟိန်းတေဇာတို့၏ချစ်လှစွာသောအဖီး ဒေါ်သန်းတင်(ခ)Maria သည် ၉-၇-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၇-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (ယောမင်းကြီးလမ်း နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### သထုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးတင်မောင်ဦး(သထုံ/ဘီးလင်း)
## အသက် (၇၂)နှစ်
**M.E (MN-Japan)**
**အလုပ်ရုံမှူး(ငြိမ်း)**
**စက်မှုအင်ဂျင်နီယာဌာန**
**ရန်ကုန်စက်မှုတက္ကသိုလ် (ယခင်-RIT)**

USA ၊ ကယ်လီဖိုးနီးယားနေ ဒေါ်သီတာဆွေ၏ခင်ပွန်း အသင်းဝင် အမှတ်-၄၄၁ ဦးတင်မောင်ဦးသည် ၈-၇-၂၀၁၆ (သောကြာနေ့) ဒေသစံတော်ချိန် ၀၀း၃၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း အသင်းသူ၊အသင်းသားတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ အမှုဆောင်အဖွဲ့

### ခရစ်တော်၌အိပ်ပျော်ခြင်း
**Y.C.C.F အသင်းဝင်**
## ဒေါ် Emilyမေရှင် (၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်(၅)၊ တကောင်းလမ်းနေ (ဦးကျော်ဒင်-ဒေါ်နယ်လီ)တို့၏သမီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနေ (ဦးရေချမ်း-ဒေါ်မယ်မျှင်)၏သမီးချွေးမ၊ (ဦးမျိုးတင်)၊ (ဦးလှမြင့်)၊ (ဦးထွန်းမြင့်)၊ ဒေါ်ညွန့်ညွန့်အေး၊ (ဒေါ်အေးမြင့်)၊ (ဦးပေါ်ရွှေစိန်)၊ ဒေါ်ဝိုင်းကြီး၊ (ဒေါ်ငွေအောင်)တို့၏ညီမ၊ (ဦးဂွန်ပန်းအောင်)၏ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်းအောင် (ဒု-ဌာနမှူး၊ လမ်းနှင့် တံတား၊ ရန်ကုန်မြို့တော်စည်ပင်)-ဒေါ်ချိုချိုဝင်းရှိန်၊ ဦးသိန်းစိုးအောင်-ဒေါ်တင်မိုးအေး (ခေတ္တ-U.S.A)၊ ဦးနေလင်းဦး-ဒေါ်စိုးစိုးအောင် (လူမှုဖူလုံရေး Care-Well ဆေးခန်း၊ လှိုင်သာယာ)၊ ဦးဝင်းနိုင်-ဒေါ်ရင်ရင်အောင်၊ ဦးကံလှ [C/E (PETRA)Energy]-ဒေါ်သဇင်အောင်၊ ဒေါ်ဆွေဆွေအောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၆ ယောက်၏ချစ်လှစွာသောအဘွား ဒေါ် Emily မေရှင် (Y.C.C.F)အသင်းဝင် သည် ၁၀-၇-၂၀၁၆ရက် ညနေ ၃း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်း၌ မစ္ဆားတရားတော်မြတ်နှင့် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၅)၊ တကောင်းလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် နေအိမ်၌ အောင့်မေ့ဖွယ် ဝတ်ပြုဆုတောင်းမည်ဖြစ်သောကြောင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဖျံ့သွေးက မွေထိုင်းလက်ဝှေ့ကျော် ဆူတာဝမ်ကို ဒုတိယအချီမှာပင် အလဲထိုး



နိုင်ငံတကာအထူးစိန်ခေါ်ပွဲတွင် ဖျံ့သွေး(ရွှေမိုးထိငြိမ်းချမ်းရေး) နှင့် ဆူတာဝမ်(ထိုင်း)တို့ ထိုးသတ်စဉ်။

**ရန်ကုန် ဇူလိုင် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဇော်ပစ်တိုင်းထောင်နှင့် H & S Group တို့က တာဝန်ယူကျင်းပသော ရွှေခါးပတ်ချန်ပီယံလုပွဲနှင့် နိုင်ငံတကာရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ယနေ့ယှဉ်ပြိုင်သော ရွှေခါးပတ်ချန်ပီယံလုပွဲနှင့် နိုင်ငံတကာရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲတွင် စိန်ခေါ်ပွဲပေါင်း ၃၁ ပွဲယှဉ်ပြိုင်ထားပြီး ရှုံးပွဲမရှိသေးသည့် ဖျံ့သွေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် စိန်ခေါ်ပွဲပေါင်း ၉၅ ပွဲယှဉ်ပြိုင်ခဲ့ဖူးသည့် သမ္မာရင့်မွေထိုင်းလက်ဝှေ့ကျော် ဆူတာဝမ်တို့ ယှဉ်ပြိုင်ကြရာ ဖျံ့သွေးက မွေထိုင်းလက်ဝှေ့ကျော် ဆူတာဝမ်ကို ဒုတိယအချီမှာပင် အလဲထိုးအနိုင်ရခဲ့သည်။

အရပ်အမောင်းနှင့် အလုံးအထည်ညီမျှသည့် လက်ဝှေ့သမားနှစ်ဦး ပထမအချီစကတည်းက စတင်တိုက်စစ်ဆင်သည်။ ဆူတာဝမ် ဆိုင်းနေသည်။ ဖျံ့သွေး၏ ဟာကွက်ကို စောင့်ပြီး အလစ်ဝင်ထိုးသည်။ သို့သော် ဖျံ့သွေး၏ အသိမ်းအနုတ် လျင်မြန်သော လက်သီးတွဲလုံးများကြောင့် ထင်တိုင်းမပေါက်ဖြစ်နေသည်။ ပွဲစဉ်တစ်လျှောက်လုံး ခံစစ်ဖြင့်ရင်ဆိုင်နေရသည့် ဆူတာဝမ် ဒုတိယအချီ ၁ မိနစ် ၅၄ စက္ကန့်မှာပင် ပါဝါအားမြင့်မားသော ဖျံ့သွေး၏ ဝိုက်လက်သီးတစ်လုံး ဆူတာဝမ်မျက်နှာထိပြီး လဲကျကာဆက်လက်မထိုးသတ်နိုင်တော့သဖြင့် မွေထိုင်းလက်ဝှေ့ကျော် ဆူတာဝမ်ကို ဖျံ့သွေး အလဲထိုးအနိုင်ရခဲ့သည်။

ပြည်တွင်းရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲတွင် ဟံသာဝတီ(အဖြူရောင်သွေးသစ်)နှင့် ဆလိုင်းချမ်းမြေ့(ထွန်းသွင်)တို့ ပွဲချိန်ပြည့်ယှဉ်ပြိုင်ပြီး ပူးတွဲသရေကျခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း ဩစတြေးလျကို သရေကစား

**ဖနွမ်းပင် ဇူလိုင် ၁၀**

အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် စတင်ကျင်းပရာ မြန်မာအသင်းသည် အာရှထိပ်သီး ဩစတြေးလျ ယူ-၁၆ အသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့သည်။ မြန်မာယူ-၁၆ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိသလို အဖွင့်ပွဲမှာပင် နာမည်ကြီးအသင်းဖြစ်သည့် ဩစတြေးလျအသင်းနှင့် ကစားခဲ့သော်လည်း အမှားအယွင်းမရှိကစားနိုင်ခဲ့ကာ တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဟိန်းထက်အောင်က ၆၅ မိနစ်တွင် ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သော်လည်း ၇၅ မိနစ်တွင် ချေပဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည်အဖွင့်ပွဲတွင် ဩစတြေးလျအသင်းကို သရေကစားနိုင်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်များရှိလာခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၁၂ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

## ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် သုံးပေခွဲခန့်၊ ကလေးဝမြို့နှင့် ကနီမြို့တို့တွင် တစ်ပေခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့တွင် ပေဝက်ခန့်၊ နောက်နှစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခန့်စီနှင့် ကနီမြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

## ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲရခဲ့ပြီး ရတနာပုံအသင်း ပထမဆုံး ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၁၆ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ကျင်းပခဲ့ပြီး ရန်ကုန်မြို့၌ ပွဲစဉ်မရှိဘဲ နယ်မြို့များ၌သာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**(မုံရွာကွင်း)**

**ဇေယျာရွှေမြေ - တစ်ဂိုး**

**ရတနာပုံ - ဂိုးမရှိ**

ထိပ်ဆုံးတွင် အမှတ်ပြတ်ဦးဆောင်နေသည့် ရတနာပုံအသင်းသည် ပထမဆုံးရှုံးပွဲကြောင့် စောစီးစွာ ချန်ပီယံဖြစ်ခွင့်ဆုံးရှုံးခဲ့သည်။ ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး လူမစုံသည့်ရတနာပုံအသင်းကို ဖိအားပေးကာ နိုင်ပွဲပြန်လည်ရယူခဲ့ခြင်းဖြစ်သည်။ ရှုံးပွဲကြုံတွေ့ခဲ့သည့် ရတနာပုံအသင်းသည် ချန်ပီယံဖြစ်ရန် နောက်တစ်ပွဲ ထပ်စောင့်ရမည်ဖြစ်သည်။

ပုံမှန်ပွဲထွက်ခွင့်ရနေသည့်ကစားသမားများအနက် အောင်သူ၊ ရဲကိုဦး၊ မာတူနာနှင့် မွန်ကာလူးတို့မပါနိုင်၍ ရတနာပုံအသင်း ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ရသည်။ ဇေယျာရွှေမြေအသင်းသည် ပွဲပယ်ခံထားရသည့်နောက်ခံလူ ဒီဒီမှလွဲ၍ လူစုံပါဝင်ခဲ့ပြီး ရတနာပုံအသင်းကို ရင်ဆိုင်ခဲ့သည်။ ပထမပိုင်းတွင် ရတနာပုံအသင်းသည် ဇေယျာရွှေမြေအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အဓိကတိုက်စစ်မှူးများမပါနိုင်၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ ဇေယျာရွှေမြေအသင်းဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရတနာပုံနောက်တန်း အမှားမရှိခဲ့ပေ။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အိုဂါဝါ၊ စည်သူအောင်နှင့် လှိုင်းဘိုဘိုတို့ကိုလူစားလဲခဲ့ရာ ကစားကွက်ပျက်သွားပြီး ဇေယျာရွှေမြေအသင်း၏ ဖိအားပေးခြင်းကိုခံခဲ့ရသည်။ ဇေယျာရွှေမြေအသင်းသည် ဂိုးရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့ရာ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ✱**



ဇေယျာရွှေမြေအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။